# ပါရာဇိကဏ်

၆၄

# ပါရမီတတ်ထ

ပုံနှိပ်အကြိမ် - ပထမအကြိမ်
အုပ်ရေ(၁၀၀၀)

မူပိုင် — ဦးစောရိန္ဒ
ရန်ကင်းချောင်
မင်းကွန်းတောင်ရိုး။

ထုတ်ဝေသူ - ဒေါ်မြမြအေး
ယာယီမှတ်ပုံတင်(၀၀၉၄)
၃၃လမ်း၊ ဘုံဘိုင်တန်း
မန္တလေးမြို့။

ပုံနှိပ်သူ - ဦးဘသိန်း
နှင်းဝေဝေပုံနှိပ်တိုက်
ယာယီမှတ်ပုံတင်(၀၁၂၂)
၃၃လမ်း၊ ဘုံဘိုင်တန်း
မန္တလေးမြို့။

# ပဏာမ နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

ဤစာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်းရင်းကို ဖော်ပြလိုပေသည်။ ၁၃၂၀ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ (၁၅-၁၂-၅၈) နေ့ထုတ် **ဗုဒ္ဓမမလောကစာစောင်တွင်** ယခုခေတ်မှာ ဘုရားဆုကို တောင်းနိုင်သလော။ ယနေ့ဘုရားဆုတောင်းလျှင် ဘယ်ကမ္ဘာမှာဘုရား ဖြစ်နိုင်သနည်း။ ဟူသော ပုစ္ဆာကို ဆွေးနွေးပွဲ တင်ပြသူ သူရိယကန္တိ ဟူ၍ အမေးပုဂ္ဂိုလ်ပေါ်ပေါက်လေသည်။ ၎င်းပုစ္ဆာကို ပုဂ္ဂိုလ်တဦးက ဖြေကြားပါ၏။ ။ထိုသို့ဖြေကြားရာတွင် စာစောင်မှနေ၍ ဖြေကြားရသဖြင့် မေးသောပုဂ္ဂိုလ်၏ သိလိုသော အခြင်းအရာတို့ကို ပြည့်စုံအောင် ဖော်ပြခြင်းငှါ မတတ်သာသဖြင့် တိုတောင်းလှစွာ ဖြေကြားရခြင်းကြောင့် သိလိုသောပုဂ္ဂိုလ်မှာအားရနှစ်သိမ့်ဘွယ်မဖြစ်နိုင်သေးဟုထင်မိပေသဖြင့် ကျွန်ုပ်သည် အထူးဝါသနာ ဆန္ဒအားလျော်စွာ "သမ္မာသမ္ဗောဓိ" ပါရမီဖြည့်ကျင့်ရသော အကြောင်းတရားတို့ကိုကောင်းစွာ သိလိုလှသဖြင့် ငယ်စဉ်မှစ၍ လေ့လာရှာမှီးခဲ့ခြင်းဖြင့် တွေ့ရှိအပ်သော အကိုးအကား စာအုပ်စာတမ်း ကျမ်းဂန်တို့မှထုတ်နှုတ်ပြီးလျှင် "**ပါရမီဘတ်စာ**" ဟူသောအမည်ဖြင့်ဖော်ပြမည်ဖြစ်ပေသည်။

ဤကား ဗျာဒိတ်မရမီ ပါရမီဖြည့်ကျင့်ခဲ့ရသောကာလ(၁၆)သင်္ချေ တို့တည်း။

ဗျာဒိတ်ရပြီးသော ကာလ၌ကား ဝါစာကမ္ဘ်စတုချောတ်ဟ၍ လေး သင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ကိုယ် နှုတ် နှလုံး သုံးပါးလုံးဖြင့် ဆုတောင်းဖြည့်ကျင့်ခဲ့ရကြောင်း ပါရှိပေ၏။

မဟာဝဂ္ဂသံယုတ်ဋ္ဌကထာကျမ်း၌ကား-

မုဒုပုဂ္ဂိုလ်အဖြစ်နှင့်(၁၆)သင်္ချေ၊မဇ္ဈိမပုဂ္ဂိုလ်အဖြစ်နှင့်(၈)သင်္ချေ၊ တိက္ခပုဂ္ဂိုလ်အဖြစ်နှင့် (၄)သင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့်ရပေ၏။

ဗျာဒိတ်မရမီကား (၂၄)သင်္ချေ၊ ဗျာဒိတ်ရပြီးမှ (၄) သင်္ချေ နှင့် ကမ္ဘာတသိန်း အပေါင်းအားဖြင့် (၂၈)သင်္ချေနှင့် ကမ္ဘာတသိန်းဟု ဟောပြထားပေ၏။

ထေရာအပဒါန် ပါဠိတော်၊ ကေ္ခုနပညာသဝဂ်၊ဒုတိယအပဒါန်လာ ဂါထာအဖွင့် အပဒါန်အဋ္ဌကထာ၌ကား-

မုဒုပုဂ္ဂိုလ်အဖြစ်နှင့်(၁၈)သင်္ချေ၊ မဇ္ဈိမပုဂ္ဂိုလ်အဖြစ်နှင့်(၁၆)သင်္ချေ ဟု ပါရှိခြင်းကြောင့်၊ ဗျာဒိတ်မရမီ(၃၄)သင်္ချေဟု ပါရှိပြန်ပေ၏။

ယခုအခါ ဒီနတ္တပကာသနီကျမ်းမှစ၍ ကျမ်းအစောင်စောင်တို့၏ [illegible]ချက်များ

[illegible]သောတတ္တာပီဝသော [illegible]ရကျမ်းကိုကို အမှီပြု၍ [illegible]ပြရာကျင် ဘုရားဆုကို တောင်းအံ့ကုကြ၍ ပါရမီဖြည့်ကျင့်ခဲ့ရသည်ကား ဘုရား အဖြစ်သို့ရောက်သည်တိုင်အောင် သင်္ချေ (၂၀)အတွင်းမှာ ပွင့်တော်မူ

ကြကုန်သော ဘုရားပေါင်းကား ဗြဟ္မဒေဝဘုရားမှစ၍ ကဿပဘုရားတိုင် အောင် ၅သိန်း ၁သောင်း ၂ထောင် ၂ကျိပ် ၆ဆူပွင့်တော်မူကြကုန်၏။

လယ်တီဆရာတော်ဘုရားကြီးသည် ထိုထို ကျမ်းဂန်တို့ကို ညွှန်ကြား ဘော်ပြသည်၏အဆုံး၌ (စုံစမ်းကြပါကုန် ဟု) နိဂုံးချုပ်ပေ၏။

## ၂-အဘိနီဟာရ အင်္ဂါ(၈)ပါး

ထိုမှတဆင့် နိယတဗျာဒိတ်တော်ကို ခံယူနိုင်ခြင်းငှါ အဘိနီဟာရ အင်္ဂါရှစ်ပါးရှိသော အကြောင်းတရားတို့ကို ပါရမီဒီပနီမှပင် (၁၄) စုဒ္ဒသမပုစ္ဆာအဖြေမှ ဘော်ပြပါအံ့။

၁-မနုဿတ္တံ၊ ၂-လိင်္ဂသမ္ပတ္တိ၊ ၃-ဟေတု၊ ၄-သတ္ထာရဒဿနံ၊ ၅-ပဗ္ဗဇ္ဇာ၊ ၆-ဂုဏသမ္ပတ္တိ၊ ၇-အဓိကာရော၊ ၈-ဆန္ဒတာ။ အဋ္ဌဓမ္မ သမောဓါနာ အဘိနီဟာရော သမိဇ္ဈတိ။ ဟူ၍ ဘုရားလောင်း တို့၏ နိယတဗျာဒိတ်ရကြောင်း အင်္ဂါရှစ်ပါးပင်တည်း။

၁၊ မနုဿတ္တံ - လူဇာတ်ရှိသောအဖြစ်။

၂၊ လိင်္ဂသမ္ပတ္တိ- ယောကျ်ားစင်စစ်အဖြစ်။

၃၊ ဟေတု- ယခု ဘဝတွင် ရဟန္တာဖြစ်နိုင်လောက်အောင် ပါရမီ သမ္ဘာရ ဥပနိဿယ အကြောင်းနှင့်ပြည့်စုံခြင်း။

၄၊ သတ္ထာရဒဿနံ- သက်တော်ထင်ရှားရှိသော သဗ္ဗညုဘုရားကို မျက်မှောက် ဖူးတွေ့ရခြင်း။

၅၊ ပဗ္ဗဇ္ဇာ- သာသနိကပဗ္ဗဇ္ဇာ၊ ဣသိပဗ္ဗဇ္ဇ ၂ပါးတွင်တပါးပါးသော ပဗ္ဗဇ္ဇ၌တည်ခြင်း။

၆၊ ဂုဏသမ္ပတ္တိ- အဘိဥာဥ် သမာပတ် တည်းဟူသော ဂုဏ်နှင့် ပြည့်စုံခြင်း။

၇၊ အဓိကာရော- မိမိအသက်ကို မြက်စွာဘုရားတို့၏ အကျိုးငှါ စွန့်ခြင်းတည်းဟူသော အလွန်အကဲပြုခြင်း။

၈၊ ဆန္ဒတာ- စကြာဝဠာ အပြည့်တည်သော မီးကျီး၊ ပါးချွန်၊ ရေကူ တို့ကို နင်းကျော် ကူးတက် တဘက်ကမ်းသို့သွား၍ပင် ဘုရား အဖြစ်ကို ယူလိုသောဆန္ဒရှိသည်၏အဖြစ်။

ဣတိ၊ ဤသို့။ အဋ္ဌဓမ္မသမောဒါနာ၊ ရှစ်ပါးသောဂုဏ်ကျေးဇူးတို့၏ တပြိုင်နက်ပေါင်းဆုံမိခြင်းကြောင့်။ အဘိနီဟာရော၊ လွန်ကဲ ထူးမြတ် သော ဆုတောင်းခြင်းကို။ သမိဇ္ဈတိ၊ ပြည့်စုံ၏။

ဤသည်ကား ကျမ်းဂန်တို့မှ လာရှိသည်အတိုင်း ဘော်ပြခြင်းတို့ပင် တည်း။

ထို သမ္ဘာရ ဆုကြီးကို ရည်မှန်း၍ ကြိုးစားအားထုတ် အလုပ်လုပ်၍ နေကြကုန်သော ပုဂ္ဂိုလ်တို့ ရောက်ရှိနေသော အဆင့်အတန်းနှင့်ကျမ်းဂန် တို့မှာပါသော အကြောင်းခြင်းရာတို့ကိုလည်း နှိုင်းချိန်ခြင်းငှါလိုအပ်လှ ပေ၏။

# ၃-မိမိကိုယ်ကို အလွန်ကြီးအောက်တန်းမထားသင့်

ယခုအချိန်အခါတွင် ရှိကြကုန်သော သဗ္ဗညု ဆုကြီးပန် ပုဂ္ဂိုလ်များ အတွက်လည်း မိမိကိုယ်ကို အလွန်ကြီး အောက်တန်း မထားသင့်သည့် အကြောင်းများကို နှိုင်းယှဉ် ချိန်ဆ နိုင်စေခြင်းငှါ အနည်းငယ် စဉ်းစားရန်လိုအပ်ပေ၏။

အလောင်းတော်တို့သည် ဘူမိလေးပါးခေါ်သော ပစ္စယလေးပါးကို တံခွန်သဘွယ်ပေါ်လွင်ထင်ရှားလျက်ရှိကြလေသည်။

ထိုလေးပါးသော အခြင်းအရာတို့သည် မိမိကိုယ်ကို ဘယ်အခြေအနေ ရောက်ရှိနေပြီ ဟူ၍ရင်း အလွန်ကြီး ဝေးသေးသည် မဝေးလှပြီဟူ၍ရင်း နှိုင်းယှဉ် ခန့်မှန်းပြီးလျှင် မတူသေးလျှင်လည်း တူအောင်တုဘိုကြိုးစား ရပေမည်။

မဘူလျှင် မတုနှင့်ဟု အဆိုစကားရှိသော်လည်း မဘူလျှင် မတူနိုင် ဟူသော အဆိုစကား ရှိပြန်သောကြောင့် သူ့နေရာနှင့်သူ နှစ်မျိုးလုံးမှန် ကန်ပေသည်။

(ပါရမီဒီပနီမှ ဘော်ပြခြင်း)

သို့ဖြစ်ခြင်းကြောင့် ဘူမိလေးပါးကို နှိုင်းယှဉ်ကြပါကုန်။

ထိုလေးပါးကား (၁) ဥဿာဟ

(၂) ဥမ္မင်္ဂ

(၃) အဝဋ္ဌာန

(၄) ဟိတစရိယ။ တို့ဖြစ်၏။

၁၊ ဥဿာဟ-ဟူသည်ကား ဒါနမှ စသည်တို့၌ သူများထက် လွန်ကဲ သော ဝီရိယတည်း။

၂၊ ဥမ္မဂ်-ဟူသည်ကား လွန်ကဲထက်သန်သောဉာဏ်ပညာတို့တည်း။

၃၊ အဝဋ္ဋာန-ဟူသည်ကား သူတပါးတို့လှုပ်ရှားခြင်း၄ါမတတ်စွမ်းသောစိတ်၏ခိုင်မြဲခြင်းကည်း။

၄၊ ဟိတစရိယ-ဟူသည်ကား မိမိ၏အကျိုးထက် သူတပါး၏အကျိုးကို လွန်ကဲသော မေတ္တာစိတ်ဖြင့် ဆောင်ရွက်ခြင်းတည်း။

ဤလေးပါးသော အခြင်းအရာ တို့တွင် မိမိကိုယ်၌ အနု အလတ် အထက် ဟူသော ၃-မျိုးကို ချိန်ဆဘွယ်ဖြစ်ပေ၏။

ယခုဖော်ပြခဲ့သော ဘူမိလေးပါးနှင့် နှိုင်းချိန်၍ နိယတဗျာဒိတ်ရနိုင်ရန် အဘိနီဟာရ အင်္ဂါရှစ်ပါး၏ သဘောတရား အခြေအနေကို နီးကပ်စွာ နှိုင်းဆဘွယ်ဖြစ်ပေ၏။

၁၊ အစဉ်လိုက်ဖြစ်သော ဥဿဟကို ဝေဘန်ရမည်ဆိုသော် ဒါနမှု စသည်တို့နှင့် စပ်သောအမှုတို့ကို လွန်ကဲသော ဝီရိယနှင့် ကိုယ်တိုင်ကြိုးစားခြင်းဖြစ်၏။

(ဤအရာ၌လည်း မိမိကိုယ်ကို နှိုင်းချိန်ရပေမည်။)

၂၊ ဥမ္မဂ်မှာ အလွန်ထက်သန်သော ဉာဏ်ပညာဟူသည်ကို ခပ်တိမ်တိမ်ယူဆ၍ ပြည့်စုံမည်မဟုတ်ပေ။ စာပေကျက်မှတ်ရာ၌ အလွန်လျင်မြန်စွာ ရလွယ် မှတ်မိလွယ်ခြင်း၊ ရမိသည်အတိုင်း ဂန္ထန္တရပြည့်စုံခြင်းတို့ကို ဉာဏ် ပညာ ထက်မြက်သည်ဟူသော ဝေါဟာရ အများသုံးစကားသည် မှန်ပါ၏။ သို့သော်သညာကောင်းခြင်းသာအမှန်ဖြစ်ပေသည်။ ။ပညာ ဟူသည်မှာ သညာမှ တဆင့်တက်၍ လောကုတ္တရာပညာတည်းဟူသော မဂ်ဖိုလ်၏ အခြေဖြစ်သည့် ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ဓာတ်၊ သစ္စာ၊

ပဋိစ္စသမုပ္ပါဒ် စသော တရားတို့ကို လက္ခဏာနှင့် တကွ မမြဲခြင်း ဆင်းရဲခြင်း၊ အစိုးမရခြင်းတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဘန်၍ သိသည်၏ အဖြစ်သာလျှင် လောကုတ္တရာပညာ ထက်သန်သည်ဟုဆိုရမည်ဖြစ်ပေ၏။

ဉမ္မင်- အလွန်ထက်သန်သော ဉာဏ်ပညာဟူသည်မှာ ဤလို ယူဆမှသာလျှင် သင့်လျော်ပေမည်။ ဤကဲ့သို့ ဉာဏ်ပညာသည် မိမိမှာ ဘယ်အခြေအနေရောက်ရှိနေပြီကို ချိန်ဆရန်ပင်ဖြစ်၏။

စင်စစ်အားဖြင့်လည်း ကျကူးရေပါ ဟူသော စကားပုံကဲ့သို့ ဉာဏ် ပညာ ရှိသည်အားလျော်ညီစွာ ကိလေသာ ၁၀-ပါးမှာ ခေါင်းပါး သင့်သလောက်လည်း ခေါင်းပါး ရပေမည်။ ထို ကိလေသာ တရား တို့သည် မိမိတွင် အဘယ်မျှခေါင်းပါး၍ အဘယ်မျှ ခြိုးခြံနိုင်သောအခြေ ရှိပြီကို ကောင်းစွာ နှိုင်းယှဉ်ရန်ပင်ဖြစ်ပေ၏။

၃၊ အဝဋ္ဌာန- သူတပါးတို့ လှုပ်ရှားခြင်းငှါ မတတ်စွမ်းသော စိတ်၏ ခိုင်မြဲခြင်းဟူရာ၌ ဤအရာမှာလည်း အရေးကြီးလှပေ၏။ အဘယ် ကြောင့်ဟူမူ တဆင့်စကား တော်တော်ကြားဘူးသည်ကား ဆရာတော် ကြီးများ အချို့ပင်လျှင် သက်တော် ကြီးခါမှ ဆုကြီး ပန်ခဲ့ရာက ပကတိ သာဝကအဖြစ်နှင့်ပင် တော်ပါပြီဟု စိတ်လျှော့ကာ တပည့်များအား ပြောကြားခဲ့ကြောင်းကို ကြားဘူးရပေသည်။ ဤသည်ကား လှုပ်ရှား ခြင်း မခိုင်မြဲခြင်းပင်တည်း။ မလှုပ်မရှား ဆန္ဒကြီးစွာနှင့် ခိုင်မြဲသော ပုဂ္ဂိုလ်များလည်း အများအပြားရှိမည်မှာ မလွဲပေ။

၄၊ ဟိတစရိယ- မိမိ၏အကျိုးထက် သူတပါး၏အကျိုးကို လွန်ကဲ သော မေတ္တာနှင့် ဆောင်ရွက်ခြင်းဟူသည်မှာ အလောင်းတော်မျောက် မင်း၏ ကရုဏာထားပုံ ကြိုးစားပုံ သီးခံပုံ မိမိ၏ဝေဒနာကိုဥပေက္ခာပြု၍ ပုဏ္ဏားအား ဒုက္ခရောက်မည်ကိုသာ ရှေးရှုပြီးလျှင် ဆုံးခန်းတိုင်အောင်

ဆောင်ရွက်ပေးခြင်းသည် ကိစ္စတခုတည်းနှင့် ပါရမီ(၁၀)ပါးလုံးကိုပြည့်စေပေ၏။

ဤကဲ့သို့ ဆောင်ရွက်ခြင်းမျိုးကို အတုယူကာ ဆောင်ရွက်လိုသော စိတ် အလားတူနိုးနိုး ဖြစ်နိုင် မဖြစ်နိုင်ကိုချိန်ဆဘွယ်လည်းဖြစ်ပေ၏။

ဆုကြီးပန်ပုဂ္ဂိုလ်တို့၏ တံခွန်ဖြစ်သော ဘူမိလေးပါးခေါ် ပစ္စယ လေးပါးကို အခြေတည်မိသလောက် အခြေကောင်းသလောက် အဘိနိဟာရအင်္ဂါရှစ်ပါးနှင့်ပြည့်စုံကြောင်းကို နီးကပ်စွာရှိနေပြီဟု အားတက်ဘွယ်ရာဖြစ်ပေ၏။

ထိုမှတပါး အားကျစရာဘွယ်သာဓကတခု ညွှန်ပြရသော်-

## ၄-ဘုရားလောင်းမိန်းမ

ကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် တဏှင်္ကရာ မြတ်စွာဘုရား လက်ထက်တော်ဝယ် မိန်းမဖြစ်၍ နေခြေသည်။ ဘုရားလောင်း မိန်းမသည် တဏှင်္ကရာမြတ်စွာဘုရားအား မုံညင်းဆီ အမြဲလှူသောဝတ်ကို ပြုနေလေသည်။ ထိုမုံညင်းဆီကို ဒီပင်္ကရာဘုရားလောင်း မောင်ရှင်သာမဏေက နေ့စဉ်ဆောင်ယူ၍ မြတ်စွာဘုရားအား တဆင့်လှူရလေသည်။ တနေ့သော် ဘုရားလောင်း မိန်းမကြီးက မုံညင်းဆီ လှူရသော ကုသိုလ် အကျိုးအားဖြင့် ဘုရားတည်းဟူသော အဖြစ်ကို အဘယ်ကာလမှာ ရပါမည်နည်းဟူ၍ လျှောက်လိုက်လေသော် ဒီပင်္ကရာ အလောင်းမောင်ရှင်သာမဏေသည်လည်း မုံညင်းဆီလှူသောဒကာမကြီး လျှောက်လိုက်သည့်အတိုင်း တဏှင်္ကရာမြတ်စွာဘုရားအားလျှောက်လေသော် တဏှင်္ကရာမြတ်စွာဘုရားကလည်း မောင်ရှင်သာမဏေသည်ကား ဤသာရမဏ္ဍကမ္ဘာထက်တွင် ဒီပင်္ကရာဘုရား ဖြစ်လိမ့်မည်။ သင်

ဘုရားဖြစ်သောအခါ ဤမုံညင်းဆီလျှသော တကာမကို ဗျာဒိတ်ပေး ရလိမ့်မည်ဟူ၍ အမြွက်မျှသာမိန့်တော်မူလေ၏။

စေ့စေ့စုံစုံ အမည်အရည်ထုတ်၍ ဗျာဒိတ်မပေးသည်မှာ မုံညင်းဆီ လှူသော တကာမကြီးမှာ အဘိနီဟာရ အင်္ဂါရှစ်တန်နှင့် မပြည့်စုံသေး ခြင်းကြောင့် ဟူ၍ ပါရမီတော်ခန်း အပြေကျမ်းမှာ တွေ့ရပေ၏။

(သာရတ္ထသင်္ဂဟကျမ်းကိုညွှန်း၏။)

ဤဝတ္ထုသက်သေကို ထောက်ထားသောအားဖြင့်-

ယခုအခါ ဆုကြီးကို လိုလိုချင်ချင်နှင့် လှူသမျှဒါန စောင့်သမျှသီလ ပြုသမျှကုသိုလ် ကြိုးစားသမျှသော လောကုတ္တရာပညာ ဤကုသိုလ် တို့သည် **ဣဒံမေပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု**-ဟူ၍ ပွင့်ပွင့်လင်းလင်း ဆုတောင်းလျက် ရည်မှန်းကြိုးစားနေကြပေသော ပုဂ္ဂိုလ်များအဘို့မှာ ယခုအချိန်အခါ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေပါမူကား ဆွမ်း သင်္ကန်းစသည်ကပ်လှူပြီးလျှင် ဤကုသိုလ်၏အကျိုး အားဖြင့် ဘုရားတည်းဟူသောအဖြစ်ကို ဘယ်ကာလမှာ ရပါမည်နည်း ဘုရားဟု မေးလျှောက်ပါလျှင် မုံညင်းဆီလှူသောတကာမနည်းဟူ မေး လျှောက်သော ပုဂ္ဂိုလ်၏ ပါရမီနှင့် အဆင့်အတန်း အားလျော်စွာ မိန့်တော်မူမည်မှာ ယုံကြည် ထိုက်ပေ၏။

အဘယ်ကြောင့်ဟူမူ စိတ်အားထက်သန်စွာ လိုလိုချင်ချင်နှင့် တကယ် အသိတရား မြင့်မြတ်စွာဖြင့် ဘုရားဖြစ်ရခြင်း၏ အကျိုးတရားသည်ကား မိဘဟောင်း ဆွေမျိုးဟောင်းကျေးဇူးရှင်ဟောင်းများနှင့်တကွဝေနေယျ သတ္တဝါတို့သည် ဘုရားတဆူထံမှ တရားမမွှေဘဲ ဝါဒကြောင့် ကျွတ်တန်း ဝင်ကြရသော ပုဂ္ဂိုလ်သတ္တဝါတို့သည် (၂၄)သင်္ချေ ကုဋေခြောက်ဆယ်

ဗိုလ်ခြေတသိန်း နိမ္မာန်ညှိ ပို့ဆောင်နိုင်သော တန်ခိုးတော် ဘတ္တိတော်ကည်းဟူသော လာဂါကြီးကို မြော်ခေါ်၍ ကြီးစွာသော ဇွဲကားလျက် ကျင့်ကြံအားထုတ်နေကြသော ပုဂ္ဂိုလ်တို့အဘို့မှာ ပါရမီအားလျော်စွာ အချိန်ကာလအနေးအမြန်သာလျှင် ကွာခြားနိုင်မည်ဖြစ်ပေ၏။

မိမိတို့ လိုလားတောင့်တလျက် ကြိုးစားနေသော အလုပ်ကြီးကိုမှ ကား ပျက်နိုင်ဘွယ်ရာ အခြေအနေမှ လွန်မြောက်ပြီးသော ပုဂ္ဂိုလ်တို့အဘို့မှာ မုံညင်းဆီလူသော တကာမနည်းတူ မိန့်မြွက်တော်မူမည်မှာ ယုံကြည်ထိုက်သော မြော်လင့်ချက်ပင် ဖြစ်ပေ၏။

## ၅- ရင့်ချိန်တန်လျှင်ရင့်၍ ပွင့်ချိန်တန်လျှင်ပွင့်

ဤသည်ကား သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာ၊ သမာဓိ ဟူသော ဗိုလ်ငါးပါးနှင့် သမ္ဗည ဆုကြီးအတွက် ကြိုးစားနေသော ပုဂ္ဂိုလ်များအဘို့မှာ ကမ္ဘာသချေ မည်မျှကြာမည်ဟူသော အရေအတွက်ကို စဉ်းစားနေဘွယ်မဟုတ်ပေ။ မနေ့ တနေ့က ဆိုသကဲ့သို့ ပွင့်တော်မူပြီးသော ဂေါတမမြတ်စွာဘုရားနှင့်တကွ ဂင်္ဂါသဲမျှမကပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့သည် နှစဉ်မှစ၍ ဘုရားဆုကိုတောင်းလျက် ပါရမီဖြည့်တော်မူခဲ့ကြရာတွင် အဆင်မပြေသော ဘဝတို့မှာ အလိုက် အထိုက် အဆင်ပြေသော ဘဝတို့မှာ အင်တိုက် အားတိုက်နှင့် ဖြည့်ကျင့်၍ ရင့်ချိန်တန်လျှင်ရင့်ပြီး ပွင့်ချိန်တန်လျှင်ပွင့်ကြရပေ၏။

ဤသို့အားဖြင့် မရေမတွက်နိုင်အောင် ပွင့်တော်မူကြလေကုန်ပြီ။ များသောအားဖြင့် ဘုရားဆုကိုတောင်းလျှင် ကြာသည်ဟု ကြောက်ကြပေသည်။ ထိုသံသရာကြီးထဲမှာ နေရတာ ကြာသည်ဟု ကြောက်နေကြသော ပုဂ္ဂိုလ်တို့သည် ယခု ပုထုဇဉ်အဖြစ်မှ လွတ်မြောက်ပါပြီလောဟု မေးသင့်ပေ၏။ ယခုကဲ့သို့ သာသနာတော်တွင်း အချိန်အခါတွင်မှ

သက္ကာယဒိဋ္ဌိပြုတ်နိုင်အောင် မကြိုးစားခဲ့နိုင်ပါလျှင် ပုထုဇဉ်အဖြစ်နှင့်သာ သေရပါမူ-

ယခုဘ၀ ယနေ့မှစ၍ ဘုရားဆုကိုတောင်းသောပုဂ္ဂိုလ်သည် ဂေါတမမြတ်စွာဘုရား ဖြည့်ကျင့်တော်မူခဲ့သော လမ်းစဉ်အတိုင်း ကမ္ဘာသင်္ချေ (၂၀)ကြာလျှင် ဘုရားအဖြစ်ရောက်မည်မှာ သေချာပေ၏။

ထိုသံသရာကြီးထဲနေရတာ ကြောက်လှပါသည်ဟုဆိုလျက် ယခုလိုသာသနာတော်တွင်းအခါတွင် အရေးကြီးမှန်းမသိဂရုမထားမိဘဲပုထုဇဉ်အဖြစ်နှင့်သာ ကိုစွပြီးခဲ့ပါသော်-

ယနေ့ ဘုရားဆုကို တောင်း၍ ကျင့်သော ပုဂ္ဂိုလ်သည် သင်္ချေ(၂၀)ကြာလျှင် ဘုရားအဖြစ်ရောက်မည်မှာအမှန်ဖြစ်သော်လည်း ဆုမတောင်းဝံ့သောထိုပုဂ္ဂိုလ်သည် ထိုသင်္ချေ(၂၀)အတွင်းမှာ နိဗ္ဗာန်သို့မျက်မှောက်ပြုရမည်ဟု အဘယ်ကျမ်းအားကိုးဖြင့် ယုံကြည်ရပါမည်နည်း။

## ၆-ဝက်ကြီးသာဓက

သာဓကကိုအနည်းငယ်ညွှန်ပြရသော် ဤသာဓကကိုဝယ်စဉ်မှ ဘတ်ထား၍ မှတ်မိကာမျှပင်ဖြစ်သည်။ သုတ်၊ ဝင် အစရှိသဖြင့်ကား မမှတ်မိတော့ပေ။

ဂေါတမမြတ်စွာဘုရား သခင်သည်တနေ့သောနံနက်တွင်သင်္ကန်းတော်အပေါင်းနှင့် ဆွမ်းခံကြွတော်မူစဉ် ရွာ၏ပြင်ဘက်နားတွင်(ဝက်ကြီး)ကိုမြင်၍ ပြုံးတော်မူသော် ဖြူသော ရောင်ခြည်တော် သွားတော်မှတွက်သည်ကို နောက်မှကပ်သျှက် လိုက်ပါသော ညီတော်အာနန္ဒာမြင်သည်တွင် ဘုရားရှင် ပြုံးတော်မူသည်ကို သိသဖြင့် မြတ်စွာဘုရားပြုံးတော်မူ

ခြင်းသည် အဘယ်အကြောင်းပါနည်းဟု နောက်မတော်မှမနေ၍ လျှောက်လေ၏။

ထိုအခါ အာနန္ဒာ ဤဝက်ကြီးကို ကြည့်ခဲ့လော့ဟုမိန့်တော်မူလေ၏။ ဆွမ်းကိုစားပြီးကြသောအချိန်တွင် မြတ်စွာဘုရားထံတော်သို့ဝင်၍ ညီတော်အာနန္ဒာက ဝက်ကြီး၏အကြောင်းကို မေးလျှောက်လေလျှင် အာနန္ဒာ ဤဝက်ကြီးသည်ကား ငါဘုရား နုစဉ်အခါက အဘူတကုပေါင်းသင်းခဲ့ဘူးသော သူငယ်ချင်းပင်တည်း။ ထိုသူငယ်ချင်းသည် ငါ့အားမေး၏။

ဘယ်ကဲ့သို့မေးသနည်းဟူမူ သူငယ်ချင်းဘာဆုကိုတောင်းသနည်းဟု မေး၏။ ငါသည် ဘုရားဆုကို တောင်း၏ဟု ဖြေသော် သူငယ်ချင်း ဘုရားဆုကား ကြာရှည်စွာဖြည့်ကျင့်ရသည်။ နိဗ္ဗာန်ရောက်တာခြင်းအဘူတမှာ လွယ်ကူသည့်လမ်းလိုက်တော့မည်။ မြန်မြန်နိဗ္ဗာန်ရောက်နိုင်သော ပကတိသာဝကဆုနှင့်တော်ပြီဟုပြောခဲ့သော သူငယ်ချင်းကား ယခုအခါတွင် မြင်ခဲ့သည့်အတိုင်း ဝက်ဘဝရောက်နေ၏။ ဘုရားဆုကိုပန်၍ ကြိုးစားခဲ့သော ငါသည်ကား ဘုရားအဖြစ်ရောက်ပေပြီဟု နုစဉ်က အကြောင်းပြန်၍ဟောတော်မူသဖြင့် သိကြရပေ၏။

သို့ဖြစ်ခြင်းကြောင့် သတိတရားနှင့်မနားမနေကြိုးစားလိုသောပုဂ္ဂိုလ်တို့အဘို့မှာ ကျေးဇူးရှင် မိဘဆွေမျိုးဟောင်းများ ကျေးဇူးရှင်ပုဂ္ဂိုလ်အပေါင်းနှင့်တကွ ဘော်ပြခဲ့သော အတိုင်းမသိ မရေတွက်နိုင်အောင်များပြားလှသော သတ္တဝါတွေကို ဘေးကင်းရာနိဗ္ဗာန်သို့ ပို့ဆောင်နိုင်သော ဆုလာဘ်ကြီးကို မြော်ခေါ်တွေးဆနိုင်ခြင်းဖြင့် ကုသိုလ်ကောင်းမှုဘာမ်းစဉ်လာ အတိုင်း ကြာအုံသည်ကိုရင်း ဒုက္ခနှင့်အရင်းပြုရသော ပါရမီကျင့်ဝတ်တို့ကိုရင်း အလွယ်တကူ ကြည်ဖြူမျှင်လန်းစွာ ဖြည့်ကျင့်နိုင်ကြမည်ကို ယုံကြည်အပ်လှပေ၏။

# ၇-အရှင်းဆုံးသာဓက

အရှင်းဆုံးသော သာဓက ဖြစ်ရပ်တခုကိုလည်း စဉ်းစားထိုက်ပါသေး၏။ ဆုကြီးကို လိုလိုချင်ချင်နှင့် ဆုတောင်း၍ ကျင့်လျက် ရှိကြကုန်သော ပုဂ္ဂိုလ်တို့သည်၎င်း သံသရာရှည်မည်ကိုကြောက်လှ၍ ဆုကြီးများမတောင်းဝံ့သော ပုဂ္ဂိုလ်တို့သည်၎င်း ယခု ရုပ် နာမ် ခန္ဓာ ထင်ရှားရှိနေကြသေးသော ပုဂ္ဂိုလ်တို့သည် မရေတွက်နိုင်သော ဂင်္ဂါသဲမျှမက ပွင့်တော်မူကြပြီးသော ဘုရားရှင်တို့၏ ပွင့်တော်မမူမှီ ပါရမီမဖြည့်ရသေးမှီကပင်လျှင် ရှိခဲ့ကြပါလျက် ယနေ့ ယခုတိုင်အောင် သူလို ငါလို ယောင်ချာချာနှင့် ရှိနေကြသေးခြင်းသည် စာရေးသူအဝင်အပါ သံသရာရှည်မှာကို ကြောက်ပါသည်ဟု ပြောသော်လည်း တကယ်ကြောက်ရမှန်းမသိကြသေး၍သာလျှင် ယခုတိုင်အောင် ရှိနေကြရပေ၏၊ တွေ့နေကြရပေ၏။

တကယ် သံသရာကြီးကို ကြောက်ရမှန်းသိသော ပုဂ္ဂိုလ်တို့သည်ကား ဝိညူခေါ်သော ပညာရှိတို့သည်ကား ဂင်္ဂါသဲမျှမက ဘုရားရှင်အဖြစ်နှင့်နိဗ္ဗာန်သို့ဝင်တော်မူကြလေကုန်ပြီ။ ဂင်္ဂါသဲအပြန်တထောင်မကပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝကအဖြစ်နှင့် နိဗ္ဗာန်ဝင်တော်မူကြလေကုန်ပြီ။ ဂင်္ဂါသဲ အပြန်အသင်္ချေမက ပကတိသာဝကအဖြစ်နှင့် နိဗ္ဗာန်ဝင်တော်မူကြလေကုန်ပြီ။ အချို့ကားအရိယာအဖြစ်နှင့် အပါယ်လေးပါးမှ စိတ်ချလက်ချကင်းလွတ်ပြီးပုဂ္ဂိုလ်အဖြစ်ဖြင့် ကျင်လည်လျက်ရှိကြသေး၏။

ယခုမြင်တွေ့နေကြသေးသော ပုထုဇဉ် လူပုဂ္ဂိုလ်ဟူသမျှတို့နှင့်ပုထုဇဉ်နတ် ဗြဟ္မာ တို့သည်အမှန်အားဖြင့် တကယ်ကြောက်ရမှန်းမသိကြသေးသော ပုဂ္ဂိုလ်များပင်ဖြစ်ကြောင်းကို ငြင်းနေဘွယ်မလိုပေ။ ဟုတ်နိုင်

မဟုတ်နိုင်ကို စဉ်းစားဘိုပင်ဖြစ်ပေ၏။

(လက်တွေ့သာဓကပင်တည်း။)

## ၈-နှိုင်းယှဉ်ပြခြင်း

ယခုနှိုင်းယှဉ်ချက်တို့ဖြင့်ဘော်ပြခဲ့သည်ကား သံသယာရှည်မှာကြောက်သည်ဟူ၍ ပြောကြပါလျက် ပေါ့ပေါ့သဆနေကြသူတို့နှင့် သံသရာရှည်ကြာသော်လည်း အပိုင်းအခြားနှင့် အခါမစေ့သည့်တနေ့မှာ လိုသောဆုကို ပြည့်ရမည်ဟု ကိုယ်တယောက်စွန့်စားခြင်းဖြင့် မရေတွက်နိုင်သောသတ္တဝါတို့ကို ဘေးကင်းရာ နိဗ္ဗာန်သို့ ပို့နိုင်သည်ဟူသည့် မြင့်မြတ်လှစွာသော ဆန္ဒကြီးနှင့် ကြိုးစားနေသည့် ပုဂ္ဂိုလ်တို့သည် မည်သူကနိဗ္ဗာန်ရောက်ဘိုရာ သေချာသည်ကို နှိုင်းယှဉ်၍ကြည့်ပြီးလျှင် ဆုကြီးပန်ပုဂ္ဂိုလ်တို့သည် နောက်မဆုတ်ဘဲ အားထုတ်ကြိုးစားနိုင်ပါစေခြင်းငှါ ရည်ညွှန်း၍ နှိုင်းယှဉ်ပြခြင်းဖြစ်ပေ၏။

## ၉-အထူးတိုက်တွန်းခြင်း

အထူးသဖြင့် ဆုကြီးပန်ပုဂ္ဂိုလ်တို့သည် အကယ်၍ကား စိတ်အားထက်သန်စွာနှင့် မလျှော့တော့ပြီ မပျက်တော့ပြီ နောက်မဆုတ်တော့ပြီဟု အလောင်းတော်ကြီး ကြုံးဝါးသလို-

ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သံသာရေဿံ သဒေဝကံ။ ။

အနက်ကား။ ။ထာမဒဿိနာ၊ မိမိ၏ စွမ်းရည်သတ္တိကို သိမြင်ပြီးဖြစ်သော။ ပုရိသေန၊ ယောကျ်ားကောင်းစင်စစ် ဖြစ်ပါလျက်။ဧကေန၊

တယောက်ထည်းထည်း။ တိဏ္ဏောနု၊ သံသရာ ဝဋ်အတွင်းမှ လွတ်ကင်းကူးမြောက် ရသဖြင့်။ ကိံ၊ အဘယ် အကျိုးရှိအံ့နည်း။ သဗ္ဗညုတံ၊ သဗ္ဗညုဘုရားအဖြစ်သို့။ ပါပုဏိတွာ၊ ရောက်အောင် အားထုတ်၍။ သဒေဝကံ၊ နတ်ဗြဟ္မာနှင့်တကွသော တလောကလုံးကို။ သံသာရေဿံ၊ သံသရာဝဋ်အတွင်းမှ လွတ်ကင်းအောင်ကူးမြောက်စေအံ့။

ဤသို့သော ဆန္ဒကြီးမျိုးများ ကိန်းအောင်းနေပေသော ပုဂ္ဂိုလ်ကြီးများအား အထူးတိုက်တွန်းလိုပါသေး၏။ တိုက်တွန်းလိုသည်ကား–

အကယ်၍ ထိုပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်နေပါအံ့၊ အနည်းဆုံးအားဖြင့် တနှစ် တဝါဖြစ်စေ ရဟန်းဘောင်သို့တက်ပြီးလျှင် ရဟန်းသီလကို ကောင်းစွာလုံခြုံအောင်စောင့်ထိန်း၍ ကာမစ္ဆန္ဒ၊ ဗျာပါဒ စသော နီဝရဏတရားတို့ကို ထိုရဟန်းဘောင်၌နေသည့်အတွင်း ဝိတက်နှင့်တကွ ပယ်နိုင်အောင်အားထုတ်၍ ပယ်သတ်၍ ထိုအချိန်အတွင်းမှာ ကိလေသာမှ စင်ကြယ်စေပြီးလျှင် ကာမာသဝမှ လည်းကောင်း ဘဝါသဝမှ လည်းကောင်း အပြစ်နှင့်တကွရှုမြင်၍ လိုချင်မှု တောင်းတမှုမှ လွတ်ကင်းစေလျက် ဘဝဟူသော နာမ်ရုပ်ကိုဖြစ်စေတတ်သည့် ပုညာဘိသင်္ခါရဟူသော စိတ်ဆန္ဒဖြင့် ပြုခဲ့မိ ကျင့်ခဲ့မိခြင်းတို့ကို ထိုအချိန်စ၍ ပယ်ဖျက်ပြီးလျှင် ပြုခဲ့ပြီးဖြစ်သော ကုသိုလ်တို့သည်၎င်း ပြုလုပ်လတ္တံ့ဖြစ်သော ကုသိုလ်တို့သည်၎င်း ပါရမီအတွက်သာလျှင် ဖြစ်စေသတည်းဟု စိတ်ဆန္ဒပြောင်းလွှဲပြီးလျှင် ကာမာသဝ ဘဝါသဝတို့မှ ဒုက္ခနှင့်တကွသောအပြစ်ကိုရှုမြင်၍ တောင်းတခြင်းမှ လွတ်ကင်းစေလျက် မိမိနှင့်တကွသော ရုပ်နာမ် သင်္ခါရတို့သည်၎င်း ရှိရှိသမျှသော ရုပ်နာမ်သင်္ခါရတို့သည်၎င်း ထိုအချိန် ခေတ္တအလုပ်လုပ်နိုင်သမျှ အချိန်အခါအတွင်းမှာ ဘဝ၏ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်သာလျှင် ဒုက္ခခပ်သိမ်းကင်းငြိမ်း၏ဟုအာရုံပြုလျက် ဝင်လေကို ဖြစ်စေအံ့ဟု သွင်းရှူအပ်၏။ နိဗ္ဗာန်သည်သာလျှင် ဒုက္ခခပ်သိမ်း

ကင်းငြိမ်းရာဟု အာရုံပြုလျက် တွက်လေကို ဖြစ်စေအံ့ဟု သတိအထူးပြု၍ အားထုတ် ကြိုးစားပါလျှင် ကြိုးစားနိုင်သလောက် သမာဓိရသလောက် အချိန်သည် သခါရုပေက္ခာဉာဏ်သို့ ဝင်စားနေခြင်းဖြစ်ပေ၏။

(ထိုအလုပ်ကို နေ့စဉ်အချိန်ယူ၍ လုပ်အပ်ပါ၏။)

## ၁၀-ဟေတုအကျိုး

အကျိုးကား-

ဆုကြီးပန်ပုဂ္ဂိုလ်တို့သည် ဗျာဒိတ်ရအောင် ကြိုးစားဘို့ အရေးကြီးလှပေ၏။ ဗျာဒိတ်ရနိုင်ရန်မှာ အဘိနီဟာရ အင်္ဂါရှစ်ပါး ရှိပေသည်။ ဘော်ပြခဲ့ပြီးဖြစ်၏။ ထိုအင်္ဂါရှစ်ပါးတွင် (ဟေတု) မြတ်စွာဘုရားနှင့် တွေ့သောအခါ အာသဝေါကုန်ခန်း ရဟန္တာဖြစ်နိုင်လောက်အောင် ဖြည့်ကျင့်ပြီးသော ပါရမီရှိသည်၏ အဖြစ်သည် အရေးကြီးဆုံးတပါး ဖြစ်ပေ၏။ ထိုတပါးသည် သာသနာ်တော်တွင်းမှာ သာလျှင် ဖြည့်ကျင့်နိုင်သော တရားဖြစ်ပေ၏။ ကျန်သော အင်္ဂါခုနစ်ပါးသည်ကား စရဏ တရားသာဖြစ်ခြင်းကြောင့် သာသနာပကာလတို့မှာ ဖြည့်ကျင့်နိုင်သော တရားဖြစ်၍ ပြည့်စုံနှင့်ပြီးရှိကြသော်လည်း အလောင်းအလျာတို့သည် ဤ(ဟေတု)တပါးအတွက် လိုအပ်မှုကြောင့် နိယတဗျာဒိတ်မရမှီအချိန်ကာလသည် အပိုင်းအခြားမရှိ (၂၀)သင်္ချေ (၃၄)သင်္ချေဟူ၍ ကြာခဲ့ရပေသည်။ ထို(ဟေတု)ပြည့်စုံရန် အကျိုးပင်တည်း။

အထူးစဉ်းစားရန်

လောကီစီးပွါးရှာသောကိစ္စသည်ရင်း လောကုတ္တရာစီးပွါးရှာသော ကိစ္စသည်ရင်း ပါရမီဆည်းပူးသော ကိစ္စသည်ရင်း အချိန်အခါ အခွင့်အရေးသည် ရှိမြဲဖြစ်ပေ၏။ အချိန်အခါ အခွင့်အရေးကို သတိမထား

သော ပုဂ္ဂိုလ်တို့သည် လောကီတွင်လည်း ကြီးပွါးရန်ခဲယဉ်းလှပေ၏။ မြင်ကြ တွေ့ကြသည်အတိုင်းပင်ဖြစ်ပေ၏။

လောကုတ္တရာစီးပွါး ဟူသည်မှာလည်း ယခုကဲ့သို့ သာသနာတော်တွင်း၌ ကြီးစွာသောလုလ္လဖြင့် အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိကို ပြုတ်အောင်ဖြုတ်နိုင်လျှင် ငရဲ,တိရစ္ဆာန်,ပြိတ္တာဘဝမှ စိတ်ချလက်ချ နိဗ္ဗာန်ရသည်ဘဝတိုင်အောင်လွတ်နိုင်၏။ သာသနာပအခါတွင်ဤတရားကိုမသိနိုင်ပေ။ ပါရမီဆည်းပူးသော ပုဂ္ဂိုလ်တို့သည် ယခုလိုသာသနာတော်တွင်း အခါတွင် ဗြဟ္မာဘဝမှသော်ငှင်း နတ်မင်းဘဝမှသော်ငှင်း မိမိကိုယ်ကိုအဓိဋ္ဌာန်နှင့်စုတိ၍ လူ့ပြည်တွင် ပါရမီဖြည့်ကြပေ၏။

ဤကဲ့သို့ အချိန်အခါ အခွင့်အရေးကြီးကို လက်မလွှတ်တန်းယူတတ်သော ပုဂ္ဂိုလ်တို့သည် သံသရာကျင်လည်ရာမှာလည်း ပုဗ္ဗေစကတပုညတာနှင့် ဘဝဆက်တိုင်းလိုပင် ပြည့်စုံတတ်ကြပေ၏။

လောကမှထွက်မြောက်ရာ လောကုတ္တရာတရားကိုလည်း သိမှု ကျင့်မှုဖြင့် ကြိုးစားအားထုတ်ကြပေ၏။ အထူးအားဖြင့်ကား ရဟန်းဘောင်သို့အချိန်တတ်နိုင်သလောက်တက်၍ ပါရမီအဖြစ် ကြိုးစားကြပေ၏။

**ဆုကြီးပန်** ပါရမီအတွက် ဆည်းပူးသော ပုဂ္ဂိုလ်တို့ အဘို့မှာလည်း ယခုလိုသာသနာတော်တွင်းအခါတွင် (ဟောက) ဟူသော တပါးအတွက်ပြည့်စုံအောင် အထူးကြိုးစားထိုက်လှပေ၏။

(ထူးသောအခွင့်အရေးကြီးကို မြော်လင့်အပ်ပေ၏။)

# ၁၁-ဥပနိဿယပစ္စည်း

## ပဌာနုဒ္ဒေသ ဒီပနီ ဥပနိဿယပစ္စည်းပိုင်း နိဿယမှ။

ဤမေဇနာ၊ဤမဂ္ဂဖလနိဗ္ဗာနအကျိုးငှါ ကျင့်ဆဲ အားထုတ်ဆဲ ဖြစ်ကုန်သော သူတော်ကောင်းတို့သည်။ မယံ၊ငါတို့သည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌သာလျှင်။ပရိနိဗ္ဗာယိဿာမ၊ပရိနိဗ္ဗာန်ပြုကုန်အံ့။ ဣတိမနသိကရိတွာ၊ ဤသို့နှလုံးသွင်းကုန်၍။ ဗောဓိပက္ခိယဓမ္မေ ဝါ၊ ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကိုမူလည်း။ ဘာဝေန္တိ၊ပွားစေကုန်၏။ မယံ၊ငါတို့သည်။ အနာဂတေ၊ ပွင့်တော်မူလတ္တံ့သော။ ဗုဒ္ဓကာလေ၊ ဘုရားရှင်လက်ထက်တော်၌။ ပရိနိဗ္ဗာသိဿာမ၊ ပရိနိဗ္ဗာန်ပြုကုန်အံ့။ ဣတိမနသိ ကရိတွာ၊ ဤသို့နှလုံးသွင်းကုန်၍။ ပါရမီဓမ္မေ ဝါ၊ ပါရမီဆယ်ပါး အခြားသုံးဆယ်တို့ကိုရင်း။ ပရိပူရေန္တိ၊ပြည့်စေကြကုန်၏။ ဝါ၊ဖြည့်ကြကုန်၏။ တတ္ထ၊ထိုစကား၌။ နိဗ္ဗာနံ၊နိဗ္ဗာန်တရားသည်။တေသံ ဓမ္မာနံ၊ ထိုဗောဓိပက္ခိယတရား ပါရမီကရားတို့၏။ ဥပပတ္တိယာ၊ဖြစ်ခြင်းငှါ။ ဗလဝပစ္စယော၊အားကြီးသောအကြောင်း ပကတူပနိဿယ ပစ္စည်းသည်။ ဟောတိ၊ဖြစ်၏။

(အားကိုးဘွယ်တရားတော်တည်း)

ဤအားကိုးဘွယ် "ဥပနိဿယကို" ပြည့်စုံစေခြင်းငှါ။

အကက်နသေးက ကိုက်ကန်းခဲ့သော သဒ္ဓါရုပေက္ခာဉာဏ်ကို ယခုလိုဘဝမှာ အားရှိ[illegible] ပြီးလျှင်၊ ရဟန်းဘဝနှင့် သဒ္ဓါရုပေက္ခာဉာဏ်ကို အကြိမ်ကြိမ်ရောက်အောင်အားထုတ်ခဲ့သော(ပကတူပနိဿယ) ကို ရရှိထားသော ပါရမီသမ္ဘာရကို အခြေပြုမိသော အကျိုးကျေးဇူးသည် အတိုင်းမသိ အဘိုးမဖြတ်နိုင်အောင်ဖြစ်ပေ၏။

လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဘဝကို ရာထောင် ရလွယ်သော်လည်း ရဟန်းဘဝနှင့် မဂ်ဖိုလ်အခြေကိုရအောင်အားထုတ်ရသော ဘဝကား ရဘို့မလွယ်ကူလှပေ။ ထိုရခဲသော အကြောင်းသာဓကကို ညွှန်ပြရသော်-

## ၁၂-မဃဒေဝမှ

မဃဒေဝလင်္ကာသစ်"သံဝေဂါကာရ"ခန်းတွင်-

ပုဒ်(၁၃၈) လေးအသင်္ချေ၊ တသိန်းကြေအောင်၊ လွန်လေခဲ့လျှင်း၊ ကမ္ဘာတွင်းက၊ ထွန်းလင်းရွှေဉာဏ်၊ ပွင့်ကြွလွန်သား၊ ငါးမာရ်ပယ်နိုင်၊ အောင်တံဆိပ်နှင့်၊ နှစ်ကျိပ်သုံးပါး၊ ရှင်တော်များတွင်၊ ရွေးဖြားနာမ၊ ကောဏ္ဍညနှင့်၊ မင်္ဂလမြတ်စွာ၊ သုမေဓာ၊ သုဇာတာ၊ ဖုဿ၊ ဝေဿဘူ၊ သုံးဆူတာဘန်၊ ကကုသန်၊ ကောဏာဂမန၊ ကဿပတို့၊ လောကသုံးပါး၊ ပွင့်ထင်ရှားစဉ်၊ ပယ်ရှားအိမ်ရာ၊ သာသနာသမယ၊ ဒုလ္လဘ၌၊ အရတော်လစ်၊ ရဟန်းဖြစ်၍၊ ရှင်ချစ်ဘုရား၊ မြတ်ကိုးပါး၏၊ ထံပါးကပ်ဆည်း၊ ခယန်းပည်းလျက်၊ ခံနည်းရယူ၊ ဂေါတြဘူနှင့်၊ အတူရွေးရှိ၊ နှလုံးထိအောင်၊ ဝိပဿနာ၊ မဟာဝဇီရ၊ ဉာဏအထူး၊ လေ့လာဘူးသား၊ ကျေးဇူးဥပ၊ နိဿယျကြောင့်၊ ဘဝယုတ်မြတ်၊ လူနတ်တိရစ္ဆာန်၊ သတ္တာန်ထိုထို၊ ဖြစ်ရကိုယ်၌လိုလိုရင်း၊ ဗောဓိလောင်းတို့၊ အကြောင်းအကျိုး၊ ကောင်းနှင့်ဆိုးကို ထိုးထိုးထွင်းထွင်း၊ ဆရာကင်းလည့်း၊ သိခြင်းတံထွာ၊ ဓမ္မတာသည် မဟာသိဒ္ဓိဉာဏ်ကြီးတည်း။

ဟူ၍ ရေးစပ်ထားသည်ကို အမှီပြု၍ရှင်း၊ ယခုအခါမှာ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘအခါကြီးကို ကြုံကြိုက်သည်အားလျော်စွာ သာသနာတော်အမွမ်းဆောင်လျက် ရဟန်းအဖြစ်နှင့် ပါရမီတရားကို ကြိုးစားအားထုတ်နေကြပေ

စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

သော ပုဂ္ဂိုလ်တို့သည် ဒုလ္လဘငါးပါးနှင့် ပြည့်စုံနေပြီဖြစ်သဖြင့် သဒ္ဓမ္မ သဝနံ အတိဒုလ္လဘံ ဟူသော တရားတော်ကိုလည်း ကြားနာရဖို့မျှမက ပါဘဲ-

ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ်
မာနသံယောဇဉ် ဒိဋ္ဌိသံယောဇဉ်

ဟူသော ကိလေသာတို့ကို ကုန်လုနီးနီး ပယ်သတ်သွားနိုင်ပါလျှင် နောင် သောအခါ မေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူပါသောခါ ယခုဘဝက ဒုလ္လဘငါးပါး ပြည့်စုံစွာနှင့် ကြိုးစားအားထုတ်ခဲ့သော (ပကာဘုပနိဿ ယ) အထောက်အပံ့ကြီးနှင့်မလွဲတန်းဖူးတွေ့ရ၍ ထိုဘဝမှာပင် နိယတ ဗျာဒိတ်တော်ကို ကေန်မချွတ်ရနိုင်ပေမည်ဟု အားကိုးထိုက်လှပေ၏။

ဘော်ပြခဲ့သော အခြေအနေသို့ ရောက်ရှိနေပေသော ပုဂ္ဂိုလ်တို့အဘို့ မှာကား မြတ်စွာဘုရား သက်တော်ထင်ရှားသာရှိနေပါမူ ယခုဘဝပင် လျှင် အသက်ကိုလှူ၍ ဆုတောင်းခြင်းငှါ နှေးနှေးကွေးကွေး တွေးဆ စဉ်းစားနေတော့မည်မဟုတ်ဘဲ သုမေဓာရှင်ရသေ့ကဲ့သို့ မြတ်စွာဘုရား အား ဖူးတွေ့လျှင်တွေ့ခြင်းစဉ်းစားသည့်အချိန်မများဘဲတတ်တားအဖြစ်နှင့် ကိုယ်ကိုလှူသည့်နည်းတူ လွယ်ကူစွာအသက်ကိုလှူ၍ ဆုယူတောင်းပန်ခြင်း ပြုမည်ကား ဝန်လေးတော့မည်မဟုတ်နိုင်ပြီဟု ယူဆပါလျှင် အလွဲကြီးလွဲ မည်မထင်ပေ။

ယခုဘော်ပြပါအခြေအနေသို့ရောက်ရှိနေသော ပုဂ္ဂိုလ်တို့သည်လည်း ဗျာဒိတ်မရမီ ကမ္ဘာသင်္ချေ (၂၀) (၃၄) စသည်ဖြင့် ကျမ်းဂန်တို့တွင် အမျိုးမျိုးဘော်ပြတော်မူခဲ့ကြသော အချိန်ကာလ ကမ္ဘာသင်္ချေတို့ထက် ကြာသော်လည်း ကြာခဲ့ပေလိမ့်မည်။ မြန်သော်လည်း မြန်ခဲ့ပေလိမ့်မည်။ ခုမှပေါက်သည့် ရွှေကြာပင်ကား မဟုတ်နိုင်ပေ။

ထိုထိုပုဂ္ဂိုလ်တို့အား ယခုမှစ၍ ဆုတောင်းရသည်ဟုမယူဆထိုက်သော အခြင်းအရာတို့သည် စိတ်သက်သက်ဖြင့် ဆုတောင်းနေခြင်းမျိုး မဟုတ်ပြီ။ နှုတ်ဝစီသက်သက်ဖြင့်သာလျှင် ဆုတောင်းခြင်းမျိုးပင်မဟုတ်တော့ဘဲ ဝါစာကမ္မ°ဟူသောအဖြစ်ဖြင့် နှုတ်ဝစီနှင့်တကွ အဘိနီဟာရအင်္ဂါရှစ်ပါးမှာ အရေးအကြီးဆုံး အခဲယဉ်းဆုံး ဖြည့်ဆည်းဘူးနိုင်ရန် အခွင့်အခါ ကြုံကြိုက်ခဲဆုံးသော အဖြစ်ကြီးမျိုးကို ကြုံကြိုက်သည် အားလျော်စွာ လက်မလွှတ်တန်း မိမိရရကြိုးစား၍ (ဟေတု) ဟူသော အင်္ဂါတပါး ပြည့်စုံမှုအတွက် (ပကတူပနိဿယ)ကို လှလှကြီးယူမည်ဟူ၍ အားခဲနေကြခြင်းတို့ဖြင့် မိမိတို့ကိုယ်ကို အထင်သေးဘွယ်လည်း မဟုတ်ပြီ။ အားလျော့ဘွယ်လည်းမဟုတ်ပြီ။

## ၁၃-ထောက်ထားဘွယ်

ထောက်ထားဘွယ်တရပ်ကား-

ဂေါတမ-မြတ်စွာဘုရားအလောင်းတော်ကြီးသည် ဘုရားဆုကိုစ၍ တောင်းခဲ့သည်အခါမှ ဘုရားအဖြစ်သို့ ရောက်သည်တိုင်အောင် သင်္ချေ (၂၀)ကြာခဲ့ရသည့် ပါရမီဖြည့်စဉ် ကာလအတွင်းမှာ ပွင့်တော်မူသော ဘုရားပေါင်းကား ကဿပ မြတ်စွာဘုရားတိုင်အောင် **ငါးသိန်း, တသောင်း, နှစ်ထောင်, နှစ်ကျိပ်** ၆ ဆူ။ ပွင့်တော်မူရာတွင် ကိုးဆူသော ရှင်တော်ဘုရားသာသနာတော်တွင်းသာ ရဟန်းဘဝနှင့်လှလှကြီး ကြုံကြိုက်ခဲ့ရလေသည်၊ ဝိပဿနာတရားကို အနုလောမဉာဏ် ရောက်အောင် ကြိုးစားခဲ့ရလေသည်။ ထိုကိုးဆူသော မြတ်ဘုရားထံတော်တွင် ရဟန်းဘဝနှင့် ကြုံကြိုက်ရသည်မှာလည်း နောက်ဆုံးပွင့်တော်မူကြကုန်

သောနှစ်ကျိပ် သုံးဆူသော ဘုရားရှင်ထံတော်မှာမှ တွေ့ကြုံရခြင်းဖြစ်လေသောကြောင့်-

ဤသာဓကကို စဉ်းစားပါလျှင်-

ယခုမြတ်စွာဘုရား၏ သာသနာတော်တွင်းမှာ ရဟန်းဘဝနှင့် အားရပါးရ ကြိုးစားခွင့်ရနေကြသောပုဂ္ဂိုလ်တို့မှာ အချိန်ကောင်းကြုံရပုံ အခွင့်ကောင်းရနေပုံနှင့် အလောင်းတော်ကြီးသော်မှကိုးဘဝတည်းကြုံတွေ့ခဲ့ရသော အဖြစ်မျိုးကို ယခုအားထုတ်နေသော ပုဂ္ဂိုလ်တို့သည် ယခုဘဝ မှတ်မှတ်ရရ လှလှကြီးတွေ့ကြုံနေရပုံကို နှိုင်းစာပါလျှင် ပါရမီဖြည့်ဆည်းပူးတော်မူနေကြသော ရဟန်းတော်များမှာ လွန်စွာဝမ်းမြောက်ဘွယ်ကောင်းလှပေ၏။ အားကိုးဘွယ်ကောင်းလှပေ၏။ မျှော်လင့်ဘွယ်ရှိလှပေ၏။

## ၁၄-ငါးရာငါးဆယ်

သို့သော် အလောင်းတော်မြတ်ကြီး ပါရမီဖြည့်ခဲ့သော သံသရာတခွင်မှာ အဘယ်ကဲ့သို့ ကျင်လည်ခဲ့သည်ကို လေ့လာ၍ နည်းမှီးခြင်းငှါလည်း လိုအပ်လှပေ၏။ အလောင်းတော်မြတ်ကြီး၏ နောက်ပိုင်းကျင်လည်ခဲ့ရသောဖြစ်စဉ် ငါးရာငါးဆယ်နိပါတ်တော်တွင် စေ့စုံစွာလေ့လာသော အခါ နိက္ခမပါရမီဇာတ်သည်အလွန်အားကောင်းခြင်းကိုတွေ့ရပေ၏။

| | |
|---|---|
| ဇာတ်တော်ပေါင်း | ၅၄၆ ဇာတ် ရှိသည်တွင် |
| လူ၏ဘဝပေါင်း | ၂၄၄ ဘဝ ပါသည်အနက် |
| ရသေ့ဘဝကား | ၁၁၅ ဖြစ်ပေ၏။ |

ရသေ့မှ ပြဟ္မာဘဝသို့ ၇၉ ဘဝ ဖြစ်ခဲ့လေသည်၊ ဤကဲ့သို့ နိက္ခမဓာတ် အားကောင်းစွာနှင့် ဘဝများစွာ ဖြည့်ကျင့်နိုင်အောင်ကား ယခုကဲ့သို့သော ဘဝမျိုးမှ ကြိုးကြိုးစားစား သံယောဇဉ် ဆယ်ပါးကို လုံးပါးပါးနိုင်သလောက် ပါးအောင် အားထုတ်ဘို့ အရေးကြီးလှပေ၏။ အထူးအားဖြင့်ကား ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ် မာနသံယောဇဉ် ဒိဋ္ဌိသံယောဇဉ်တို့သည် အရေးကြီးလှပေ၏။ ၎င်းတရားတို့ကို ခေါင်းပါးသည်ထက် ခေါင်းပါးအောင် ဝီတိက္ကမကို ရှောင်ကြဉ်ကာမျှမဟုတ်မူ၍ ပရိယုဋ္ဌာနဟူသော မနောစေတနာဝိတက်မှုစ၍ ပယ်သတ်နိုင်အောင် ကြိုးစားထားဘို့ အရေးအကြီးဆုံးဟု ယူဆအပ်ပေ၏။ ဤတရားတို့ကို ပိုင်နိုင်သလောက် မိမိကိုယ်ကို အထင်ကြီးလျှင်ကြီးသင့်ပေ၏။ ထိုထိုကိလေသာတို့ကို မနိုင်နင်းနိုင်သေးသမျှကား အထင်မကြီးသင့်သေးပေ။

အထူးသဖြင့် ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်း ပျို့ကိုလည်း ဘတ်ဘို့ရာတိုက်တွန်းပါ၏။

အလောင်းတော် သုမေဓါကြီးသည် ဗျာဒိတ်တော်ရပြီးမှ ဖြည့်ကျင့်တော်မူခဲ့ပုံတို့ကို ပါရမီတော်ခန်းပျို့မှာ ပါရမီဆယ်ပါး ဖြည့်ကျင့်တော်မူခဲ့ခြင်း ဗုဒ္ဓဝင်ပါဠိတော်နှင့်တကွ အနက်ပြန်ဆိုပြီး တဘန်အဓိပ္ပါယ်ကို ပျို့ကဗျာဖြင့် ကြည်ညိုဘွယ် မှတ်သားဘွယ် နာယူဘွယ်တို့ကို စကားတန်ဆာ ဥပမာပုံနှိုင်းခြင်းနှင့် ရှင်းရှင်းလင်းလင်း သဘောပေါက်အောင် စီကာပတ်ကုံး သုံးနှုန်းစပ်ဟပ်ပုံ အခန်းခန်းတို့ကို ဤစာအုပ်တွင် ထည့်သွင်းလိုပါသော်လည်း ထိုပါရမီတော်ခန်းပျို့စာအုပ်မှာ စာအုပ်ဆိုင်တို့တွင် ရနိုင်သည်ဖြစ်ခြင်းကြောင့် ဤစာအုပ်တွင် မထည့်သွင်းလိုသော်

လည်း၊ ပါရမီခန်းပျို့မှာပါသော အကြောင်းအရာ သဘော အသွား တို့ကို မြော်မှန်း၍ ကြည်ညိုနိုင်ရုံ(နိဒါန်း)အနေနှင့် တည့်သွင်းဘော်ပြ လိုက်ပေ၏။

ပါရမီဖြည့်ကျင့်လိုသော ပုဂ္ဂိုလ်များသည် ပါရမီတော် ခန်းပျို့ကို ဘတ်ရှုခြင်းဖြင့် မိမိတို့၏ ရည်မှန်းထားသော အလုပ်ကြီးကို စေတနာ တိုးတက်စေလိုပါ၏။ အားကျစေလိုပါ၏။

## ၁၅-ဗျာဒိတ်ခန်းနိဒါန်း

ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့ကို ရည်ညွှန်း၍ အကျဉ်းမျှ ဘော်ပြသော နိဒါန်း ဗျာဒိတ်ခန်းကား -

ဗောဓိညောင်နန်း၊ ပလ္လင်ခန်းကို၊ စိုးမြန်းပိုင်သ၊ ရမည်အမှန်၊ဗျာဒိတ် သံကို၊ ခံယူခြင်းငှါ၊ သုမေဓါသည်၊ နေရာတောာတွင်း၊ သစ်ပင်ရင်းမှ၊ ထ၍သွားရန်၊ စိတ်အကြံမှာ၊ ပါရမီကြောင့်၊ စောင့်၍နှိုးဆော်၊ခေါ်လှာ သည့်သွင်၊ အလျှင်စလို၊ ထိုထိုကိစ္စ၊ ရှိသည်မျှသို့၊ ခဏချက်ချင်း၊သွားလို ခြင်းသည်၊ ပြင်းပြင်းထန်ထန်၊ စိတ်သန္တာန်မှာ၊ ဘာသာပေါ်၍၊ လာ လေသော်။ ။

ထိုရော်အခါ၊ ရွာရမ္မာပေါ်၊ ကျော်၍ဖြတ်သန်း၊ သွားမည်လမ်းတွင်၊ ကောင်းကင်ခရီး၊ ဈာန်ယာဉ်စီးလျက်၊ကိုယ်ထည်းကြွလှာ၊ ထိုအခါတွင်၊ အသွင်တမျိုး၊ သိနိုးလောက်စွာ၊ ရွာရမ္မာမှာ၊ ပျာပျာသဲသဲ၊ ပွဲကြီးတမျှ၊ ပြုပြင်ကြရာ၊ မြင်သောခါတွင်၊ ကောင်းကင်မှသက်၊ ပြုလုပ်ချက်ကို၊ သူ့အတွက်ဟာ၊ဝေငှပါဟု၊ နေရာတောင်းလျှင်၊ ရွာပြင်အစွန်၊ ညွှန်အိုင် တခု၊ ပြုလုပ်ရသော်၊ ကော်ငှါတူးငှါ၊ မပါလက်နက်၊ သို့အတွက်လျှင်၊ မှတွင်ကျယ်နိုင်၊ အခါတိုင်သော်၊ လောင်းတော်မဟာ၊ သုမေဓာ၏၊ဆရာ

သခင်၊ ဒီပင်္ကရာ၊ စောမြတ်စွာသည်၊ နောက်ပါသောင်းသောင်း၊သင်္ဃာ ပေါင်းနှင့်၊ ဆွမ်းလောင်းလှူရာ၊ ထိုနေရာသို့၊ သာသာဖြည်းညှင်း၊ကြွလာ ခြင်းကို၊ ခပင်းလူတို့မြင်ကုန်ပြီ။

ထိုစဉ်အခါ၊ ကြွလာရာတွင်၊ ရွာပြင်ညွန်ဘွက်၊ မိမိတွက်ကို၊ ဘိုလျက် မပြီး၊ ရသေ့ကြီးမှာ၊ ကြံရာမရ၊ ထိုခဏတွင်၊ အကြွင်အသက်၊ မငဲ့ကွက် ဘဲ၊ ညွှန်ဘွက်လယ်မှာ၊ လျှားမှောက်ကာလျှော်၊ အရှင်ဘုရား၊သင်္ဃာများ နှင့်၊တံတားဟူ၍၊မှတ်အောက်မေ့လျက်၊ ရသေ့ကြောပေါ်၊ကြွတော်မူရန်၊ တောင်းပန်ရှိခိုး၊ လက်စုံမိုးကာ၊ မျှော်လေပါသော်၊ဘုန်းတော်သခင်၊ မြတ်ရှင်ပင်သည်၊ အကြင်ရသေ့၊ ဟုဝိရင်ရှေ့က၊ ဖြည့်ဆည်းပူးရာ၊ပါရမီ ကား၊ များလှရှာပြီ၊ စုံညီရှာပါး၊ ပြည့်စုံသား၏၊ ငါကားယခု၊ မြတ်ဆု ဗျာဒိတ်၊ ခတ်နိုပ်မြွက်ဘော်၊ အခါတော်ပြီ၊ ညီတော်ရသေ့ထဦးလော။ ။ ။ရသေ့ညီတော်၊သင်သည်သော်ကား၊ဘုရားဆုကို၊ တောင်းဆိုကျင့် ရာ၊ ယခုခါမှာ၊ မဟာဘိနီ၊ အင်ရှစ်လီကို၊ စုံညီပြည့်၍၊ ယနေ့သင်အား ငါဘုရားသည်၊ မိန့်ကြားဗျာဒိတ်၊ ရွှေတံဆိပ်သို့၊ ခတ်နှိပ်အပ်သည်၊ ရှင်ကြည်ဝမ်းသာ၊ နားဆင်ပါလော့။ ။

ထိုသောချိန်ခါ၊ ပြဘ္ဗာနက်လူ၊ ခပ်သိမ်းသူသည်၊ ဤရှင်ရသေ့၊ဘုရား စေ့ဟု၊တိုးခွေ့ရကာ၊ဖူးကြရာတွင်၊ ကြင်ရာတော်လောင်း၊ဗိမ္ဗာလောင်း သည်၊ ဆွမ်းလောင်းလှူရာ၊ ယူဆောင်လာသည့်၊ ကြာညိုရှစ်ပွင့်၊ထိုရှစ်ပွင့် ကား၊ ဘုရားမြတ်စွာ၊ သုံးပွင့်သာပင်၊ လှူပါလျှင်၏။ ကြာပင်ငါးခိုင်၊ လက်မှာကိုင်၍၊ ရသေ့ကြီးအား၊ သွားရှိခက်ကာ၊ ဆုတောင်းရှာ၏၊ ဤရှင်ရသေ့၊ ဘုရားစေ့သည်၊ ပါရမီဖြည့်ရာ၊ [illegible]ကိုကိုလျှင်၊ ဤအရှင်[illegible]၊ [illegible] [illegible]၊ [illegible] ဘုံအား၊ ရသော့ကြွားကျင်၊ နှင့်[illegible]ရှာမှ ။ [illegible] [illegible] သွားဟု၊ ဘုရားရှေ့တော်၊ နှုတ်တော်ရန်တွေ့၊ မန်မဲ၍လျှင်၊ ဒီပင်္ကရာ၊ မြတ်စွာသခင်၊ သုံးလူ့ရှင်သည်၊ ဤတွင်ဟခန်း၊ဗျာဒိတ်ပန်းကို၊ ဆင်မြန်း

ပေးသော်၊ မယ်မုသော်လောင်း၊ ဖြစ်နိုင်ကြောင်းသည်၊ အပေါင်းလူတို့ ကြားရ၏၊ ဤမှရှေ့ကား၊ ရသေ့ဖျားကို၊ မှတ်သားပါလေ၊ ဗျာဒိတ်ခြွေသော်၊ ထိုရော်ကာလ၊ သုံးလောကတုံ၊ မကြုံစဘူး၊ ထူးထွေအံ့ကိန်း နှစ်သိန်းလေးသောင်း၊ မြေထုပေါင်းမှာ၊ ခေါင်းရှိသွားငှါ၊ တုန်လှုပ်ပသော်၊ များစွာလူအား၊ ကြောက်လှငြားရှဲ၊ဘုရားရှိရာ၊ပြေးရှဲလာသည်၊ ဤနှယ်သိမ့်သိမ့် - ဖိမ့်ဖိမ့်တည်း။

ဖိမ့်ဖိမ့်တုန်ခတ်၊ ဗျာဒိတ်မှတ်သော်၊ လောကဓါတ်သောင်း၊ ကောင်းကြီးသြဘာ၊ ဆင့်ကာကြွေးကြော်၊ မိုဃ်းပေါ်ဖြာမှ၊ ဘဝဂ်မှာကာ၊ဝိဝိကျတိုင်၊ မြင်နိုင်ထုတ်ခြောက်၊ ရောက်ရှိခံစား၊ငရဲသားလည်း၊ဘုရားဗျာဒိတ်၊ မိန့်သည့် ဒီနှံ့ပါ၊ ချမ်းသာမြေ၊ လွတ်လပ်ကြ၏။ ။မိန့်ဟာရွှေဗျာ၊ မှတ်ဘွယ်ရာ ၂ း ကမ္ဘာဘဒ္ဒ၊ ပေါ်ထွန်းကမူ၊ လူတို့အသက်၊ တရာထက်မှာ၊ နန်းဆက်သာကီ၊ နေပြည်ကပ္ပိလ၊ ဘမိဘိုးဘေး၊ အလုပ်ကြွေးနှင့်၊ဘေးမှရံကာ၊ ထေရာဘဟိရိ၊ စုံညီဝိယာ၊ မြတ်မဟာနှင့်၊တကာအမြဟ်၊ဟဿာဋ္ဌကေ၊ စိတ္တာသူကြွယ်၊ မြတ်မယ်တကာမ၊ နန္ဒမာတာ၊ ဥတ္တရာနှင့်၊ရတနာညောင်ရွှေ၊ပလ္လင်ဘွေမှာ၊ သစ္စာလေးခိုင်၊ ကိုယ်တိုင်မြင်ခါ၊ ငါကဲ့သို့လား၊ ဘုရားစင်စစ်၊ ဧကန်ဖြစ်မည်၊ မှတ်ရစ်သေချာ၊ သုမေဓာဟု၊ ရွှေဗျာဒိပ်တော်၊ မိန့်မြွက်ဘော်၍၊ ကြွတော်မူပြီ၊ ဤသည်ဗျာဒိတ်ခံပွဲတည်း။

## သုမေဓာဘောင်ခြင်ကော်မှုပုံ

ကြွတော်မူသော်၊ လောင်းတော်မဟာ၊ သုမေဓာသည်၊ ဗိုက်ဖိန်းဖိန်း၊ ကြက်သီးဖြန်းဖြန်း၊ကိုယ်လုံးလှမ်းလျက်၊ ချန်ညွှန်ဘုက်တွင်၊ ထက်ဝယ်ဘွဲ

မွှေ၊ထိုင်နေပြီးခါ၊ ဆင်ခြင်ပါသော်၊ ဆရာပရမေ၊ သုံးလူ့ဆွေသည်၊ သေချာငါ့အား၊ ဗျာဒိတ်ကြားသည်၊ ဘုရားဖြစ်ရန်-မှန်ပြီတည်း။

ဘုရားဖြစ်ရန်၊ မှန်တပြီးကား၊ ကြိုးစားလုလ္လ၊ မရှိကမူ၊ဤမျှဆုကြီး၊ အလွယ်ဘည်းဖြင့်၊ မနီးကပ်နိုင်၊ ကိုယ်တိုင်အားထုတ်၊ အရကုတ်လျက်၊ မဆုတ်ဆိုင်းသာ၊ ပါရမီတရား၊ ဖြည့်ကျင့်ငြားဘို့၊ မည်သို့မည်ပုံ၊ အလုံးစုံကို၊ အာရုံရှုမျှော်၊ ကြည့်လက်သော်မူ၊ နောင်တော်မြတ်စွာ၊ မဟာပါလည်း၊ ဘာသာမြင်လောက်၊ ဉာဏ်စဉ်ရောက်၍၊ မျက်မှောက်အစဉ်၊ ရှုဆင်ခြင်သည်၊ အကြင်ပါရမီ-ဆယ်ပါးတည်း။

## ဒါနပါရမီ

ဆယ်ပါးပါရမီ၊ စုံညီဖြည့်ရာ၊ ရှေးဦးစွာကား၊ ဒါနဆောက်ဦ၊ အလှူလက်ဆောင်၊ စုံအောင်မကြွင်း၊ အရင်းပြုခါ၊သံသရာခွင်၊သွားရာတွင်မူ၊ အကြင်အဘော်၊ မပါသော်ကား၊ စားဝတ်နေခြင်း၊ဆင်းရဲရသူ၊လူဘော်မဝင်၊ တော်မည်ထင်ရာ၊ သွားလိုပါလည်း၊ ခရီးမပေါက်၊ အောက်ကျလှုသူ၊မလှူလို့မရှိ၊မရှိလို့မလှူ၊ထိုသူဆင်းရဲ၊ငမွဲတက်လမ်း၊ဘယ်စခန်းမျှ၊ မျှော်မှန်းမမြင်၊ အကြင်ခြင်းရာ၊ ပညာမျှော်မြင်၊ ကြည့်နိုင်လျှင်မူ၊ ဒါနတန်ခိုး၊ အကျိုးကြီးစွာ၊ မြင်သည့်ခါဝယ်၊သဒ္ဒါထက်သန်၊သုံးတန်ကာလ၊ မုတ္တစာဂ ီ၊ပါရမီကုသိုလ်၊လိုလိုချင်ချင်၊ ကိုယ်တွင်ရှိမျှ၊ ဝေငှကုံလောက်၊ ကိုးသွန်မှောက်သော်၊ ကပေါက်မကြွင်း၊ အောက်ဟင်းလင်းကို၊ ပုံခင်းပမာ၊ လှူသောခါဝယ်၊ တွယ်တာမတွေး၊ ပေးကမ်းစွန့်ကြဲ၊ မရောင့်ရဲတည့်၊ ရှိသည့်အပ၊ ပစ္စည်းမျှပင်၊ မကာနိုင်ရာ၊ ကိုယ်ခန္ဓာမှ၊အင်္ဂါခြေလက်၊ မျက်စိနားနှာ၊ လိုအပ်လာမူ၊ ကြည့်ဖြုရွှင်ပြ၊ လှူချင်လှ၏၊ ထိုမျှတွင်သာ၊မကပါသေး၊ တွေးတောနောင်ခါ၊ လယ်ထွန်ရာမှ၊ပြန်လာကြလျှင်၊ အကြင်လမ်းနား၊ ကျားပိန်စာငတ်၊ အင်အားပြတ်၍၊ သေဆပ်ပါးနီး၊

တွေ့ရပြီးသော်၊ အဘော်ချစ်ဆွေ၊ မေပွှေယျလောင်း၊နှစ်ယောက်ပေါင်း ၍၊ အကြောင်းတိုင်ပင်၊ အကြင်ကျွားကို၊ရှင်ဗေလို၍၊ ကိုယ်ကိုကျွေးကြ၊ ဤမျှရက်ရော၊ လူ့သဘောကို၊ ပြောဘွယ်မလို၊ ထိုထိုအခြေ၊ ရောက်နိုင် လေအောင်၊ အမောင်သုမေဓာ၊ ဖြည့်ကျင့်ရာသည်၊ ဒါနအခန်း၊ဤတက် လမ်းကို၊ စုူးစမ်းရှာ၍-တွေ့ပြီတည်း။

## သီလပါရမီ

စုူးစမ်းတွေ့ရာ၊ ဒါနတရား၊ ဤတပါးဖြင့်၊ ဘုရားဉာဏ်တော်၊ မပျော်လောက်ပေ၊ နောက်ထပ်တဆင့်၊ အကျင့်သီသ၊ ပြည့်စုံမှသာ၊ ဒါန မှာလည်း အကျိုးကြီးမည်၊ သီလမပါ၊ ဒါနသာလျှင်၊ လှူပါလျှင်သော်၊ အကြင်ကောင်းကျိး၊ မဖွင့်ဖြိုးရာ၊ ဥပမာကား၊ စပါးပဲပြောင်း၊ အချိန် ကောင်းတွင်၊ ကြဲပါလျှင်လည်း၊ အကြင်အခါ၊ မိုးမရွာလျှင်၊ အပင် မသန်၊ သီးပြန်ပါသော်၊ အမှော်အဖျင်း၊ အဆံကင်း၍၊ အရင်းကိုမျှ၊ ပြန် မရပြီ၊ ဤသည့်သဘော၊ တွေးတောမြှော်မြင်၊ အကြင်သီလ၊လုံခြုံလှစွာ၊ လူတို့မှာမူ၊ လူသီလမျှား၊ ငါးပါးရှစ်ပါး၊ ကြိုးစားကြကာ၊ ရဟန်းမှာ သော်၊ ပါတိမောက္ခ၊ သံဝရနှင့်၊ ပစ္စဝေက္ခဏာ၊ မလစ်ပါဘဲ၊ ခါးဝတ်မြဲ သို့၊ ထိုပြင်မှာလည်း၊နည်းယူဘွယ်ရာ၊တောသတ္တာပင်၊ဖြစ်လျှင်ဧကား၊ သားမျိုးမျှားတွင်၊ အကြင်စာမရီ၊ အကျင့်သည်ကား၊ အစားရှာရင်း၊ ချုံတွင်းချုံပြင်၊ ဝင်လေလက်သော်၊ မတော်တဆ၊ ချုံမှဆူးမျှား၊သား မြီးဖွားတွင်၊ ဝင်၍ချိတ်ကြား၊ ဂင်ရုံသွားသာ၊ ရုံးရရှာပြီ၊ အမြိုက်ကျွပ် ကျင်၊ လွတ်မည်မြင်လျှင်း၊ ကိုးမျိုးပါး၊ [illegible] ဆာ၊ ငါးပါးမှာတွင်၊ တပါးပင်တည်း၊ အမြီးတန်ဘိုး၊ သိအံ့နိုးသို့၊တိုး၍ ရုံးရန်၊ စိတ်မသန်ဘဲ၊ အားမာန်ကုန်ပြီး၊ အမြီးမွှေးမျှင်၊ တပင်အကျွက်၊

မခံဝန့်၍၊ မရွှေ့နေရာ၊ အစာမခင်၊ သေပွဲဝင်၏၊ အကြင်ပမာ၊တုယှူခါ ဖြင့်၊ အကျင့်သီလ၊ အသက်မျှပင်၊ ခင်မင်စွာလှ၊ စောင့်ထိန်းရမည်၊ ငါ သည်ဤမျှ-မြင်ပြီတည်း။

# နိက္ခမပါရမီ

တပါးထိုမှ၊နိက္ခမကို၊မြင်ရပြန်ပြီ၊ဤလူ့ပြည်၌၊မိုက်သည်အလျှောက်၊ အပြစ်ရောက်သော၊ ယောကျ်ားပမာ၊ နေရာဆင်းရဲ၊ စားဆင်းရဲလျက်၊ အိမ်လဲမဟုတ်၊ အချုပ်ခန်းတွင်၊မနေချင်သို့၊ဘုံခွင်သုံးဆယ့်တစ်၊ဖြစ်ဖြစ် သမျှ၊ ဘဝထိုထို၊ ခန္ဓာကိုယ်တွင်၊ မစင်စာဟောင်း၊ သန်းဥကျွောင်းနှယ်၊ သေးငယ်လှတောင်း၊ မကောင်းရနံ့၊ ပုပ်လှိုင်ပြန့်နှံ့၏၊ ဤသည့်သဘော ထပ်ဘူဟောရ၊ ဘဝဆိုလျှင်၊အကြင်ခဏ၊ တဒင်္ဂမျှ၊ဒုက္ခမကင်း၊မြင်မိခြင်း ကြောင့်၊ သံကွင်းထူးခပ်၊ ဘုံသုံးရပ်တွင်၊ မနေချင်၍၊ တောခွင်အောင်း စိတ်၊ နိက္ခမခမ်း၊ ထွက်ရပ်လမ်းကို၊ မျှော်မှန်းဤသို့-မြင်သည်တည်း။

# ပညာပါရမီ

ဤသို့မြင်ပြီး၊ ရသေ့ကြီးသည်၊ နည်းလမ်းတဆင့်၊ ရှိတန်သင့်ဟု၊ တဆင့်နှလုံး၊ သုံးသပ်သောခါ၊ ပညာဟူသော၊ ထိုသဘောမှာ၊မပါမပြီး၊ အရေးကြီးကြောင်း၊ ကောင်းကောင်းမြင်ပြန်။၊ ဤသို့ကြံ၏၊ ဆွမ်းခံ ရဟန်း၊ စဉ်ထုံးတမ်းမှာ၊ လူရာပစ္စည်း၊ ခံသည့်နည်းတူ၊ မည်သူမည်ဝါ၊ သတ္တဝါယုတ်မြတ်၊ မကြည့်အပ်တည့်၊ ရတတ်သမျှ၊ယူရမည်သာ၊ ဓမ္မတာ သို့၊ ပညာဟူသည်၊ မည်သူထံမှ၊ ရသည်ဖြစ်စေ၊ စာပေကျမ်းဟောင်း၊ စုဆောင်းရှာဘွေ၊ မနေမအား၊ လေ့လာများက၊ ဘုရားရှင်တော်

ဟောဘော်ဓမ္မ၊ ဩဝါဒနှင့်၊ အင်္ဂုတ္တရ၊ ရဟန္တာမြှပ၊ မိန့်ကြားအပ်သည့်၊ ကျမ်းမြတ်မှီခို၊ ထိုထိုဆက်ဟော်၊ ပညာကျော်တို့၊ ဟောဘော်ပါဠိ၊ အညီညွှတ်၍၊ မိမိပညာ၊ ပမ္မာရာနှင့်၊ သဗ္ဗာဝါများ၊ သိစေသားဟု၊ စိတ်ထားမြင့်မြတ်၊ ဖွင့်လတ်ဒီပနီ၊ အဆီအနှစ်၊ ချစ်မြတ်လေးစား၊ မှူပါများသော်၊ တိုးပွါးဉာဏ်ကျယ်၊ ပညာကြွယ်၏၊ ဤသည့်အကြောင်း၊ ကောင်းစွာလိုက်နာ၊ မမေ့သာသည်၊ ပညာရဏ်ှိဘခမ်းတည်း။ ။

# ဝီရိယပါရမီ

ပညာခန်း၊ စုံစမ်းပြီးခါ၊ ဝီရိယာဓမ္မ၊ ဝါယမဟု၊ ရပ်သွား၊ထိုင်၊ လျောင်း၊ အကြောင်းလေးဖြာ၊ ဣရိယာအား၊ ကေသရာ၊ ခြသော့မှာမူ၊ အဘုယျူဘွယ်၊ ဂုဏ်ပြည့်ကြွယ်၏၊ ထိုနှယ်ပမာ၊ တယူခါဖြင့်၊ ပါရမီတရား၊ ပြည့်ကျင့်ငြားသော်၊ လုပ်အားဆက်သန်၊ သူမတန်အောင်၊ စွမ်းဆောင်နိုင်ရေး၊ စိတ်ကိုမွေးလျက်၊ ပေးကမ်းဒါန၊ သီလဆောက်တည်၊ ဆယ်မည်ဉာဏ၊ တွေကြုံလေတိုင်း၊ ထိုင်းမှိုင်းတွေဝေ၊ မရှိစေဘဲ၊ ဝမ်းထဲရှင်ကြည်၊ ပီပီသသ၊ပြုနိုင်မှသာ၊ ပါရမီမြောက်၊ လိုရာပေါက်မည်၊ အောက်မေ့ကြံစည်၊ ဤသည်ဝီရိယ-အခန်းတည်း။ ။

# ခန္တီပါရမီ

ဝီရိယခန်း၊ ထိုမှလှမ်းမူ၊ မြောက်ဆင့်ဟူသား၊ တရားခန္တီ၊ ပါရမီသမ္ဘာ၊ ပြည့်ကျင့်ရာကို၊ မြင်လာပြန်ပြီ၊ ခန္တီကန်သင်း၊ တားဆီးခြင်းသို့၊ ကိုယ်တွင်းစိတ်ဓါတ်၊ မဆတ်ပြောင်းပျောင်း၊ ကိုယ်ကကောင်းလျက်၊ မကောင်းသူတ်မာ၊ ပြောဆိုလာလည်း၊ ကိုယ်မှာမကပ်၊ နေတတ်အောင်

နေ၊ နှုတ်မချေမှု၊ ထိုသူဘာသာ၊ မောပမ်းခါဖြင့်၊ တောမှာလောင်မြိုက်၊ အမှိုက်မီးများ၊ ရေနားရောက်ရာ၊ ငြိမ်းပါသို့၊ ပမာမမှု၊ ရန်သူသဘော၊ ထားအပ်သောဟု၊ ပြောလျှင်ပြောခြင်း၊ တိုင်းတွာခြင်းနှင့်၊ ဓားခြင်း ဒုတ်ခြင်း၊ ပြုလုပ်လျှဉ်းမူ၊ သူသေကိုယ်သေ၊အရေအဖတ်၊မရလတ်တည်း၊ အကျိုးနည်း၏၊ ဤသည့်ခြင်းရာ၊ မြင်ပြီးခါကို၊ ပါရမီဟု၊ သတိပြု၍၊မတု မပြိုင်၊ ခိုင်ခိုင်စိတ်ထား၊ တရားဉာဏ်မှီ၊ ခန္တီပရမံ၊ အမြတ်ကျန်မှု၊ ယခု အခါ၊ မြင်အပ်စွာသည်၊ သေချာမှတ်မှတ်-သားသားတည်း။

## သစ္စာပါရမီ

ခြောက်ဆင့်ပါရမီ၊ ခန္တီတရား၊ ပြီးလတ်ငြားသော်၊ စကားသစ္စာ၊ ဆိုရာတည်မြဲ၊ မလွှဲမဘောက်၊ နောက်ဆုတ်တွန့်ခြင်း၊ အလျှင်းမပါ၊ လုပ်တာကိုပြော၊ ပြောတာကိုလုပ်၊ ဟုတ်တာမှန်တာ၊မာယာမဖုံး၊နှလုံးဝစီ၊ တည်ကြည်မှန်ကန်၊ ဆက်ဆံသူများ၊ အားထားပို့ခို၊ထိုပုဂ္ဂိုလ်သည်၊ကြည်ညိုခံရ၊ လေးစားကြ၏၊ တပါးထို့မှ၊ ပြုသမျှလည်း၊ ဘယလာဘ၊ ကုလဆွေညာ၊ မညှာမငဲ့၊ တဲ့တဲ့ဖြောင့်ဖြောင့်၊ မစောင့်ကိုယ်ကျိုး၊ သစ္စာမိုးကာ၊ ဝါစာကိုယ်စိတ်၊ မယိုဘိတ်အောင်၊ ကျင့်ဘောင်ဝင်ဘို့၊ တခန်းတည်း။

## အဓိဋ္ဌာန်ပါရမီ

ကျင့်ဘောင်သစ္စာ၊ မြင်ပြီးပါသော်၊ ပါရမီဓိဋ္ဌာန်၊ စိတ်သန်ခိုင်မြဲ၊ ကျင့်ဆဲသီလ၊ သမထနှင့်၊ ဒါနပါရမီ၊ ပြုအံ့ရည်သော်၊ မည်သည့်ပုဂ္ဂိုလ်၊ မျက်လိုမာရ်နတ်၊ ဖျက်လေအပ်လည်း၊ မတတ်နိုင်ရာ၊ ခိုင်မြဲစွာသား၊ ထိုတရားနှင့်၊ များစွာဝေးလတ်၊ နတ်၏ချမ်းသာ၊ ဗြဟ္မာသက်ရှည်၊ ဖြစ်နေသည်လည်း၊ စည်းစိမ်ရစ်ကာ၊နှစ်သက်စွာနှင့်၊ကြာကြာမမှီ၊ လူ့ပြည်

လူ့ရွာ၊ချိန်အခါကို၊ မကြာရှုမျှော်၊ ကြည့်လတ်သော်မူ၊လူတို့သက်ဘန်း၊ ပရမ်းပတာ၊တိုတောင်းစွာနှင့်၊အကျင့်သီလ၊မသိကြဘဲ၊သားရဲတိရစ္ဆာန်၊ လူသဏ္ဍာန်ကိုယ်၊ ထိုထိုအခါ၊ မဟုတ်ပါမူ၊ လူ၏ဘဝ၊ ဖြစ်ရစေရာ၊ နတ် ငြဟ္မာဘဝ၊ နေလျက်ကပင်၊ အကြင်ဒါန၊ သီလနိက္ခမာ၊ ဆယ်ဖြာပုညာ၊ ပြည့်ချင်လှ၍၊ ဘဝဤကိုယ်၊ ထိုအချိန်မှ၊ မပိုရစေ၊ ဆို၍မိဋ္ဌာန်၊ ဗိမာန် တော်တွင်၊ ဝင်ခါအသက်၊ အောင့်လျက်စုတိ၊ လူ၏ခန္ဓာ၊ ပြောင်းမွေ့ ကာလျင်၊ အကြင်ပါရမီ၊ ဖြည့်တော့သည်တည်း၊ ဤနည်းအတူ၊ မည်သူ မည်ဝါ၊ ပြုနိုင်ပါအံ့၊ ငါသာလျှင်ကား၊ ဘုရားဖြစ်ရန်၊ စိတ်သန်လှစွာ၊ ကြိုးစားပါမည်၊ ပါရမီဓိဋ္ဌာန်-အခန်းတည်း။

## မေတ္တာပါရမီ

ပါရမီဓိဋ္ဌာန်၊ ဤရှစ်တန်နှင့်၊ အမြင့်မြတ်ဆုံး၊ ဘုန်းတော်အနန္တ၊နှိုင်း မရသည့်၊ လောကဥသျှောင်၊ ငါးမာရ်အောင်သား၊ ဘုရားရှေ့ဉာဏ်၊ မတန်လှသေး၊တွေးကာထပ်ဆင့်၊ဖြည့်သင့်ဖြည့်ရာ၊ ပါရမီကား၊ ရှိငြားဦး မည်၊ ကြည့်လတ်သည်တွင်၊ အကြင်မေတ္တာ၊ ထားနိုင်ရာသော၊ အရာအ ကြောင်း၊ ကောင်းစွာစဉ်းစား၊ တွေးအပ်ငြားသည်၊ လူ့ပြည်လောက၊ နတ်လောတနှင့်၊ ဗြဟ္မာဘုံမှာ၊ သတ္တဝါလျှင်၊ ပုထုဇဉ်နှင့်၊ အောက်ခွင်တ လွား၊ ပါယ်လေးပါးတွင်၊ ကျင်လည်ကြရှာ၊ သတ္တဝါကို၊ ခေမာသောင် သို့၊ ပေါင်ကူးတို့ဖြင့်၊ ဆောင်ပို့ရမည်၊ ငါ၏တာမျှ၊ အာမခံမည်၊ စိတ်ကရည်သား၊ ထို့ဤသတ္တဝါ၊သူ့ခမြာသည်၊ ငါ၏မိဘ၊တော်ခဲ့ကြပြီ၊ ငါ၏သားမြေး၊ မတော်သေးဟု၊ မတွေးတောသာ၊ ဆရာသခင်၊ ကျေး ဇူးရှင်လည်း၊ ဤတွင်ပါမည်၊ ညီကိုနှမ၊ ဆွေမျိုးစသော်၊ မတော်ဘူးသူ၊ မရှိဟူ၍၊ စေ့စေ့တွေးခါ၊ ညှာတာသနား၊ မသွားခေါက်ရက်၊ကြည့်ငဲ့ ကွက်၍၊ အသက်လူခါ၊ ကိုယ်ခန္ဓာမှ၊ လိုရာကိုပေး၊ ကျင့်ရေးမကျန်၊ စိတ် သန်လှစွာ၊ မေတ္တာပါရမီ၊ ဖြည့်အံ့သည်ဟု၊ယခုငါလျှင်-မြင်သည်တည်း။

# ဥပေက္ခာပါရမီ

မေတ္တာအရေး၊ တွေးမြင်ပြီးခါ၊ အင်္ဂါဆယ်ပါး၊ တရားဥပေက္ခာ၊ ကျင့်ရာအရေး၊ ရှိဘုံသေးဟု၊ တွေးတောဉာဏ်ရှင်၊ ဆင်ခြင်ဤနှယ်၊ စိတ်ထားဘွယ်ကို၊ သွယ်သွယ်ကြောင်းကြောင်း၊ အလောင်းဗောဓိ၊ဤသို့သိ၏၊ လူ့ပြည်လူ့ရွာ၊ သတ္တဝါသည်၊ ပညာမျက်စိ၊ ရှိသူလည်းပါ၊လွန်စွာမိုက်မဲ၊ အလွဲအမှား၊ ပြုသူများလည်း၊ များစွာမနည်း၊ထိုသို့ဆည်းမှာ၊ သည်းခံသနား၊ စိတ်ထားမြင့်မြတ်၊ ရှိတတ်ဒသာသူ၊ ပါမည်ဟူလည်း၊ လူဆိုရုံမျှ၊ ဖြစ်လှာကြသည့်၊ ဘာမျှမသိ၊ မိဘမျိုးရိုး၊ တန်ဘိုးမထား၊ ကံငါးပါးမျှ၊ မကြားဘူးရှာ၊ သတ္တဝါတို့၊ တံငါမုဆိုး၊ သူခိုးဓားပြ၊ သောက်ကြမူးရစ်၊ အပြစ်ဟူက၊ ကျူးလွန်ကြသား၊ စကားဆိုရာ၊မှန်စွာမရှိ၊ ကတိသစ္စာ၊ ထိုအရာမှာ၊ ဘယ်ခါသူတို့၊ စောင့်ဘို့စိတ်ကူး၊ ရှိခဲ့ဘူးလိမ့်၊ ထူးထွေများစွာ၊ သတ္တဝါထု၊ တွေ့မှုနေ့စဉ်၊ အကြင်ကမ္ဘာ၊ ရှည်ကြာသ၍၊ တွေ့မှာမလွဲ၊ ထိုအထဲမှာ၊ ကိုယ်ပါပေါင်းသင်း၊ ဆက်ဆံလျှင်းလည်း၊ ယင်းတို့အလို၊ မလိုက်လိုမှု၊ ကိုယ်ပေါင်းစိတ်ခွါ၊ ဥပေက္ခာဟု၊ သူ့သဘောသူ၊ ဆောင်စေမူသား၊ လူတပါးလည်း၊ ရှိတုံသေး၏၊ ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်သင့်သော်၊ တော်ပေ့ဆရာ၊ချီးမွမ်းကာဖြင့်၊ပင့်ထိုးမြှောက်ကော်၊ အပေါ်နေပြီး၊ မြေကြီးမမြင်၊ ဘဝင်မြင့်ဆေး၊ တိုက်ကျွေးတတ်ကြ၊ ထိုကာလကို၊ ကိုယ်ကအလျင်၊ သိမြင်ပြီးကာ၊ ဥပေက္ခာအား၊ ထားဘွယ်မမေ့၊ ကြံဆ၍တည့်၊ ဤသည့်တရား၊ ဆယ်ပါးပါရမီ၊ ပြည့်စုံညီအောင်၊ ရှေ့ဆောင်မြင်တော်-မူသည်တည်း။

ဤပါရမီဆယ်ပါး အပြားသုံးဆယ်သည်ကား ဘုရားဆုကိုပေါင်းမှဲ့သည်မှစ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည့်ဘဝတိုင်အောင် ဖြည့်ကျင့်တော်မူခဲ့ရသော အလုပ်ကြီးပေတည်း။ သို့သော် အချို့ဘဝတို့မှာကား လူတကာတို့လို မထူးမခြားဖြစ်ရ၍ များသောဘဝတို့မှာကား

သူမတန်အောင် လိုက်မမှီအောင် တုရှမလုပ်နိုင်အောင် ထူးခြားစွာပြု ကျင့်တော်မူပေ၏။

အထူးသဖြင့်ကား - လူဘဝတွင် မင်း,သူဌေး,ပုဏ္ဏား,သူဆင်းရဲ ဟူ၍ ဖြစ်လေရာ ဘဝတိုင်းမှာလိုပင် များသောဘဝတို့၌ သက်တန်းကုန်အောင် စည်းစိမ်ခံ၍ မူးမူးမေ့မေ့ နေလေ့မရှိဘဲ ကိလေသာကိုစွန့်ခွါ၍ တောထွက်ခြင်းကား အထူးခြားဆုံးပေတည်း။ နတ်,သိကြား,ဗြဟ္မာ ဘဝတို့တွင် ရောက်နေသော်လည်း လူ့လောကကိုအမြဲကြည့်လျက် ပြုပြင်ဆုံးမ၍ ရကောင်းသော အချိန်ကာလတို့တွင် အခွင့်သာန်နှင့်စုဘိ၍ လူ့ဘဝကို ယူလျက် လောကကိုပြုပြင်ပေ၏၊ မိမိကိုယ်တိုင်လည်းကျင့်၏။ ဤကား နိပါတ်တော်တလျှောက်လုံးတွင် ဖြည့်ကျင့်တော်မူခဲ့ခြင်းတို့ပင်တည်း။

## ၁၆-မလွန်နိုင်ခြင်း

လွန်ခဲ့သောအခဏ်းက (ဟေတု) တပါးအတွက် အရေးကြီးလှစွာ တိုက်တွန်းခဲ့ခြင်းကား မြတ်စွာဘုရား၏သာသနာတော်ပျပျွေးနွေးရှိနေချိန်ကို လက်မလွှတ်အောင် ကြိုးစားလိုက်ပါလျှင် ဘော်ပြခဲ့သော ဗျာဒိတ်မရမီ အချိန်ကာလအတွင်း ကြန့်ကြာခဲ့ရသော ဤပါရမီကပါးအတွက် ပြည့်စုံနိုင်စေခြင်းငှါ ဖြစ်ပေ၏။ ထိုပါရမီတပါးအတွက် ဤမျှ ထိုမျှ ကြန့်ကြာခဲ့သည်ဟု ကျမ်းဂန်တို့တွင် တိုက်ရိုက်အားဖြင့် ညွှန်ပြကားခြင်းကို မတွေ့ရသော်လည်း ကျမ်းဂန်တို့၏ သဘောအလားအလာတို့ကို ချင့်ချိန်၍ ယူဆခြင်းဖြစ်ပေ၏။ ယိုသို့ချင့်ချိန်ယူဆကာမျှ ဖြစ်သော်လည်း စဉ်စစ်အားဖြင့် (၁) မလွန်နိုင်ခြင်း၊ (၂) မမှားနိုင်ခြင်း၊ (၃) မဟုတ်မဟုတ်မဖြစ်သော အကြောင်းဖြစ်ခြင်း၊ (၄) ဤအလုပ်မပြည့်စုံသေးသမျှ ကာလ်အခါမျှ ဗျာဒိတ်မရနိုင်ခြင်း၊ (၅) ဤအလုပ် ပြည့်စုံလျှင် အဘိနီဟာရ အင်္ဂါရှစ်ပါးတွင် အရေးကြီးဆုံးတပါး ပြည့်စုံပြီးဖြစ်ခြင်း၊

(၆) ဤအချိန်အခါမျိုး သာသနာတော်တွင်းမှာသာလျှင် တွေ့ကြုံအား ထုတ်ခွင့်ရရှိသည်ဖြစ်ခြင်း၊ (၇) သာသနာတော်နှင့် ကြုံတွေ့နေ၍၊ လူ အဖြစ်ရနေ၍၊ ယောကျ်ားဘဝရနေ၍၊ ရဟန်းဘဝရနေ၍၊ သဗ္ဗညုဆု ကြီးကို လိုလားတောင့်တနေသောပုဂ္ဂိုလ်လည်းဖြစ်၍ဟူသော်-

ယခုဘော်ပြခဲ့ပြီးဖြစ်သော အကြောင်း ခြင်းရာတို့ကို ကြိုးစားခြင်း ဖြင့် အလွန်ထက်အလွန် ကျေးဇူးများမည်ကို မြော်ခေါ် တွေးတောအပ် လှပေ၏၊ မြော်ခေါ် သင့်သောအကြောင်းကိုဘော်ပြလိုပေ၏။

# ၁၇-ပလ္လင်နိမ့်မြင့်

ပါရမီဘော်ခန်းပျို့ အစအပုဒ် ၂-တွင်

ဗျာဒိတ်ရစ၊ မဆွသောခါ၊ မမိန့်မှာလည်း၊ ဓမ္မတာအပြား၊ သုံးဆယ် အားဖြင့်၊ ဘုရားဟူက၊ ပြည့်စုံကြလျက်၊ မမျှမဟိ၊ ကုန်သော်တိဟု၊ ပါဠိ ဖြင့်အား၊ ဆိုဘွယ်များကို၊ ကြိုးကြားသာမျှ၊ မြွက်ကာပြအံ့၊ ထိုမှတုံပြီ၊ ဗောဓိသစ်ပင်၊ မည်လွှဲတွင်လျက်၊ ပလ္လင်နိမ့်မြင့်၊ အကျင့်တိုရှည်၊ဆိုစသည် ကို၊ တရည်းရည်းပင်၊ တူကျင်မဲ့ဘဲ၊ ကွဲလွဲထူးခြား၊ ရှစ်ပါးလောက်စင်၊ ဟောရေးဖြင်လည်း၊ သိမြင်လေကောင်း၊ နည်းတကြောင်းဖြင့်၊ သံ ညောင်းသာချို၊ ရိပ်ကာဆိုပိမ့်၊ ရှည်တိုကျင့်ကောင်း၊ ဘုရားလောင်းတို့၊ ဆုတောင်းသောစဉ်၊ ဥာဉ်ဝီရိယာ၊ သဒ္ဓါမိက၊ သုံးမည်ရလျှက်၊ ကာလ သုံးကြိမ်၊ ကျွတ်ထောက်ချိန်၍၊ မုနိန်ရှင်တော်၊ မြွက်ဘော်လိုလို၊ နောက် ကိုပိုင်းခြား၊ မိန့်သောအားဖြင့်၊ မှတ်သားစေရစ်၊ တံသာသစ်သည်၊ သစ်သစ်ကုံကုံ ငတည်း။ ။ဟူ၍ စပ်ဆိုတော်မူပေ၏။

ထိုသို့စပ်ဆိုခြင်း၏ အပုဒ်တိုင်း၏အဓိပ္ပါယ်ကို ပါရမီတော်ခန်း အဖြေ ကျမ်းတွင် ရှင်းလင်းအောင် ဖြေကြားတော်မူပြန်ပေ၏။

ပါရမီခန်း အပြေကျမ်းတွင်ကား-

ရှည်တိုကျင့်ကောင်း၊ ဘုရားလောင်းတို့၊ ဟူသောပုဒ်၏အဓိပ္ပါယ်ကို (အတိုဆိုသည်ကား) အာဒိအစဖြစ်သောဗျာဒိတ်ဦးကသည် ဥဂ္ဃဋိတညူဘုရားလောင်းတို့သည်။ စတ္တာရိ အသင်္ချေယျာနိ၊ လေးအသင်္ချေလည်းကောင်း။ ကပ္ပသတသဟဿာနိ၊ ကမ္ဘာတသိန်းလည်းကောင်း။

(အရှည်ဆိုသည်ကား) အာဒိအစဖြစ်သောဗျာဒိတ်ဦးကသည်၊ နေယျဖြစ်သော ဘုရားလောင်းတို့မှာ သောဠသအသင်္ချေယျာနိ၊ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်းပါရမီဖြည့်လျှင် ဘုရားအဖြစ်သို့ ရောက်တော့သည်။ အရှည်နှင့်အတို(ကိုသာစပ်၍ အလက်ကို မစပ်သည်မှာ အလတ်ဖြစ်သော ဝိပဉ္စိတညူဖြစ်သော ပုဂ္ဂိုလ်ကို သိကောင်းပြီးဖြစ်၍ ငါမစပ်သည်။ ဝိပဉ္စိတညူပုဂ္ဂိုလ်သည် ဗျာဒိတ်ဦးခံသည်မှစ၍ အဋ္ဌသင်္ချေယျာနိ၊ ရှစ်သင်္ချေ လည်းကောင်း။ ကပ္ပသတသဟဿာနဉ္စ၊ ကမ္ဘာတသိန်းလည်းကောင်း။ ပါရမီဖြည့်လျှင် ဘုရားအဖြစ်သို့ ရောက်ပေ၏။ ။သည်ကိုရည်၍၊ အရှင်မဟာသီလဝံသသည် သုံးဖြာ ပိဋကတ်၊ နှံ့စပ်ဘွေနည်း၊ လွန်ရှင်ကြည်လျှက်၊ သုံးမည်ဘုံနေ၊ လူဗိုလ်ခြေအား၊ ဤတရားဖြင့်၊ သုံးပါးတဏှာ၊ ဆေးစိမ့်ငှါဟု၊ လင်္ကာမှတ်ဆို၊ ဤစာကိုလျှင်၊ ရှည်တိုကျင့်ကောင်း၊ ဘုရားလောင်းတို့- ဟူ၍ စပ်ဆိုတော်မူသည်။ ဤလင်္ကာအရကား ဆုတောင်းပါရမီ ဖြည့်အစဉ်ကိုဆိုသည်။ ဥာဉ်ကား-ဥာဏ်ကိုရ၏။ ဥာဏ်ကား-ပညာကိုရ၏။

ဥဂ္ဃဋိတညူပုဂ္ဂိုလ်သည် ပညာဓိကဘုရား မည်တော်မူ၏။
ဝိပဉ္စိတညူပုဂ္ဂိုလ်သည် သဒ္ဓါဓိကဘုရား မည်တော်မူ၏။
နေယျပုဂ္ဂိုလ်သည် ဝီရိယာဓိကဘုရား မည်တော်မူ၏။

ထိုပုဂ္ဂိုလ်သုံးပါး ဘုရားလောင်းတို့သည် အမည်သုံးပါးရကြကုန်၏ဟူ၍ ပါရမီခန်းအဖြေကျမ်းတွင် မူရင်းပါရှိပေ၏။ ထပ်မံ၍ အဓိပ္ပါယ်ရှင်းရသော်-

# အထူးဂရုစိုက်၍ဘတ်ပါ

အဘိနိဟာရ အင်္ဂါရှစ်ပါးတွင် (ဟေတု) မြတ်စွာဘုရားနှင့် တွေ့သောအခါ တရားနာရလျှင် အလောင်းတော်ကြီး ကိုယ်တိုင်ကလည်း ဤဘဝမှာပင် နိဗ္ဗာန်ဝင်တော့အံ့ဟု ကြံစီအောက်မေ့ ဆုံးဖြတ်ခဲ့လျှင် ဤဘဝမှာပင် ရဟန္တာဖြစ်နိုင်သော ပါရမီပြည့်စုံပြီးဖြစ်သော ပုဂ္ဂိုလ်တို့ကား သုံးမျိုးရှိပေ၏။

ထိုသုံးမျိုးကား- ဥဃ္ဃာဋိတညူ ပုဂ္ဂိုလ်
ဝိပဉ္စိတညူ ပုဂ္ဂိုလ်
နေယျ ပုဂ္ဂိုလ် ဖြစ်ကြပေ၏။

ပဒပရမပုဂ္ဂိုလ်သည်ကား-မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူသော တရားတော်ကိုနာရသော်လည်း ဤဘဝမှာ ရဟန္တာမဖြစ်နိုင်ပြီ။ ။ထိုပုဂ္ဂိုလ်လေးမျိုးတို့၏ အဆုံးအဖြတ်ကား-

# ၁၉-ပုဂ္ဂိုလ်(၄)မျိုး

၇၂။ မဟာပဓာနသုတ်အဋ္ဌကထာ၌-

(က) ယထေဝဟိတာနိ စတုဗ္ဗိဓာနိ၊ ဝေမေဝ ဥဃ္ဃာဋိတညူ၊ ဝိပဉ္စိတညူ၊ နေယျော၊ ပဒပရမောတိစတ္တာရောပုဂ္ဂလာ။

(၁) တတ္ထယဿ ပုဂ္ဂလဿ သဟ ဥဒါဟဋဝေလာယဓမ္မာဘိသမယော ဟောတိ၊ အယံဝုစ္စတိပုဂ္ဂလောဥဂ္ဃဋိတညူ။

(၂) ယဿပုဂ္ဂလဿ သံခိတ္တေန ဘာသိတဿဝိတ္ထာရေန အတ္ထေ ဝိဘဇီယမာနေ ဓမ္မာဘိသမယော ဟောတိ၊ အယံဝုစ္စတိပုဂ္ဂလော ဝိပဉ္စိတညူ။

(၃) ယဿ ပုဂ္ဂလဿ ဥဒ္ဒေသတော ပရိပုစ္ဆတော ယောနိသောမနသိကရောတော ကလျာဏမိတ္တေ သေဝတော ဘဇတော ပယိရုပါသတော အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော နေယျော။

(၄) ယဿပုဂ္ဂလဿဗဟုမ္ပိ ဘဏန္တဿ ဗဟုမ္ပိသုဏတော ဗဟုမ္ပိ ဂဏှတော ဗဟုမ္ပိဓာရယတော ဗဟုမ္ပိဝါစယတော နတာယ ဇာတိယာ ဓမ္မာဘိသမယောဟောတိ၊ အယံဝုစ္စတိပုဂ္ဂလော ပဒပရမော။

(၅) တတ္ထဘဂဝါ ဥပ္ပလဝနာဒိသဒိသံ ဒသ သဟဿိလောကဓာတုံ ဩလောကေန္တော အဇ္ဇပုပ္ဖနကာနိဝိယ ဥဂ္ဃဋိတညူ၊ သွေပုပ္ဖနကာဝိနိယာ ဝိပဉ္စိတညူ၊ တတိယဒိဝ သေပုပ္ဖနကာဝိနိယ နေယျော၊ မစ္ဆကစ္ဆပဘက္ခာနိဝိယ ပဒပရမောတိ အဒ္ဒသ။

(၁) **အနက်**။ ။တတ္ထ၊ ထို ၄-ဦးတို့တွင်။ ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ သဟဥဒါဟဋဝေလာယ၊ ဥဒ္ဒေသပါဠိကိုမြွက်ဆိုသောအား တရားပျိုးသည်နှင့်တပြိုင်နက်သာလျှင်၊ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကိုသိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုဂ္ဂလော၊

ဤပုဂ္ဂိုလ်ကို။ ဥဃ္ဃာဋိတညူ၊ ဥဃ္ဃာဋိတညူပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဂ) ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဘာသိတဿ၊ ဟောအပ်ပြီးသောဥဒ္ဒေသပါဠိ၏။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ အတ္ထေ၊ အနက်ကို။ ဝိဘဇိယမာနေ၊ ဝေဘန်အပ်သည်ရှိသော်။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကို သိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ဝိပဉ္စိတညူ၊ ဝိပဉ္စိတညူပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဃ) ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဥဒ္ဒေသတော ဥဒ္ဒေသန္တဿ၊ ပါဠိပို့ချသင်ကြားခြင်းကိုပြု၍ လည်းကောင်း။ ပရိပုစ္ဆတော ပရိပုစ္ဆန္တဿ၊ အဋ္ဌကထာကိုပို့ချသင်ကြားခြင်းကိုပြု၍ လည်းကောင်း။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ မနသိကရောတော မနသိကရောန္တဿ၊ နှလုံးသွင်းခြင်းကိုပြု၍လည်းကောင်း။ ကလျာဏမိတ္တေ၊ ကမ္မဋ္ဌာန်းကို ဟောပြောတတ်သော ဆရာကောင်း သမားကောင်းတို့ကို။ သေဝတော သေဝန္တဿ၊ မှီဝဲခြင်းကိုပြု၍လည်းကောင်း။ ဘဇတော ဘဇန္တဿ၊ အမြဲမပြတ် ချဉ်းကပ်ခြင်းကို ပြု၍လည်းကောင်း။ ပယိရုပါသတော ပယိရုပါသန္တဿ၊ နေ့ညဉ့်မပြတ် ဆည်းကပ်ခစားခြင်းကိုပြု၍ လည်းကောင်း။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကိုသိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ နေယျော၊ နေယျပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(င) ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဗဟုမ္ပိ၊ များစွာသော ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့ကိုလည်း။ ဘဏန္တဿ၊ ဟောပြောစေကာမူ။ ဗဟုမ္ပိ၊ များစွာသော ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကိုလည်း။ ဂဏှန္တဿ၊ သင်ယူစေကာမူ၊ ဗဟုမ္ပိ၊ များစွာသော ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကိုလည်း။ ဓာရယန္တဿ၊ ဆောင်ရွက်စေကာမူ။ ဗဟုမ္ပိ၊ များစွာသော ပါဠိအဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့ကိုလည်း။ ဝါစယန္တဿ၊ပို့ချစေကာမူ။ တာယဇာတိယာ၊ ထိုဘဝချင်းဖြင့်။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကိုသိခြင်းသည်။ နဟောတိ၊မဖြစ်။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ပဒပရမော၊ ပဒပရမပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(စ) တတ္ထ၊ ထို ၄-ဦးသော ပုဂ္ဂိုလ်တို့တွင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥပ္ပလဝနာဒိသဒိသံ၊ကြာညိုတောစသည်နှင့်တူသော။ ဒသသဟဿိလောဟဓာတုံ၊ လောကဓါတ်တသောင်းကို။ ဩလောကေန္တော၊ ရှုမျှော်တော်မူသည်ရှိသော်။ အဇ္ဇ ပုပ္ဖနကာနိဝိယ၊ ယနေ့ပင်ပွင့်အံ့သော ကြာပန်းကဲ့သို့။ ဥဃ္ဃာဋိတညူ၊ ဥဃ္ဃာဋိတညူပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။

သွေပုပ္ဖနကာနိဝိယ၊ နက်ဖြန်၌ပွင့်အံ့သော ကြာပန်းကဲ့သို့။ ဝိပဉ္စိတညူ၊ ဝိပဉ္စိတညူပုဂ္ဂိုလ်သည်။ ဟောတိ၊ဖြစ်၏။

တတိယာဒိဝသေ၊ သုံးရက်၌။ ပုပ္ဖနကာနိဝိယ၊ ပွင့်အံ့သောကြာပန်းတို့ကဲ့သို့။ နေယျော၊နေယျပုဂ္ဂိုလ်သည်။ ဟောတိ၊ဖြစ်၏။

မစ္ဆကစ္ဆပဘက္ခာနိဝိယ၊ မပွင့်တုံဘဲ ရေထဲတွင်သာ ငါးလိပ်တို့၏ အစာဖြစ်သော ကြာပန်းကဲ့သို့။ ပဒပရမော၊ပဒပရမပုဂ္ဂိုလ်သည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ဤသို့။ အဒ္ဒသ၊မြင်တော်မူ၏။ ။ဤကဲ့သို့မဟာပဒါနသုတ် အဋ္ဌကထာမှာ ပါရှိသည့် အတိုင်းပင် သိအပ်၏။

# ၂၀-ဟေတုတပါးခရီးရောက်ပုံ

စင်စစ်သော်ကား မြတ်စွာဘုရား၏တရားတော်ကိုနာရသော် ဤဘ၀တွင် ရဟန္တာဖြစ်နိုင်ကြသောပုဂ္ဂိုလ်သုံးမျိုးလုံးပင်(ဟေတု)ဟူသောအင်္ဂါတပါး ပြည့်စုံခြင်းပင်တည်း။

ထို(ဟေတု)ဟူသော အင်္ဂါတပါး၏ ခရီးရောက်ပုံ ကန့်ဘိုးကြီးပုံ တာ ကွာပုံတို့ကို ဝေဘန်စဉ်းစားအပ်လှပေ၏။

ဝေဘန်ရသော် ဗျာဒိတ်တော်ပေးရာတွင် အဘိနီဟာရ အင်္ဂါရှစ်ပါးတွင် စရဏ၏အရာဖြစ်သော အင်္ဂါ(၇)ပါးကို အရင်းထား၍ အခြေပြု၍ ဗျာဒိတ်ပေးတော်မူသည် မဟုတ်ကြောင်းကို ဤကျမ်းဂန်အလိုအားဖြင့် ကောင်းစွာထင်ရှားလှပေ၏။ ဝိဇ္ဇာဉာဏ်၏အလုပ်ဖြစ်သော ကိလေသာ ကုံမန်းခြင်း၏ အခြေပါဒ ဝိပဿနာဉာဏ် ရင့်ကျက်ခြင်းကို မှတည်၍ တန်ဘိုးထား၍ ဗျာဒိတ်ပေးတော်မူပေ၏။ ထိုဝိပဿနာဉာဏ် မဂ်ဉာဏ် ၏ အခြေမရင့်ကျက်သေးသမျှ ဒါန သီလ သမထဟူသော စရဏနယ်မှ ပါရမီဆယ်ပါးတို့သည် မည်မျှအားကောင်းနေစေကာမူ ဗျာဒိတ်တော် ကို ခြေခြေမြစ်မြစ် စုံလင်စွာပေးတော်မူခြင်းမရှိပေ။ ရှေ့ပိုင်းတွင်ဘော် ပြခဲ့သော မုံညင်းဆီလှူသော တကာမကို တကျက်ရာမြတ်စွာဘုရား မိန့် တော်မူပုံမျိုး၊ နာဠဂိရိဆင်ကိုဂေါတမမြတ်စွာဘုရားမိန့်တော်မူပုံမျိုး၊ ထိုသူသည်ဘုရားဖြစ်လိမ့်မည်၊ ထိုသူသည် ဘယ်ဘုရားထံမှ ဗျာဒိတ်ရလိမ့် မည်ဟူသော သာမညရည်ညွှန်းသော ဗျာဒိတ်မျိုးကိုသာလျှင်ရရှိပေ၏။ အလောင်းတော် သုမေဓာကဲ့သို့ နိယတ ဗျာဒိတ်တော်ကား အဘိနီဟာရ အင်္ဂါရှစ်ပါးပြည့်စုံမှ ရနိုင်ကြောင်းကို ကျမ်းဂန်တို့တွင်ပါရှိ၍သိရပေ၏။

ဤကား (ဟောတု)အင်္ဂါတပါး၏ တန်ဘိုးကိုဘော်ပြခြင်းပင် ဖြစ်ပေ၏။ နောက်ထပ်တဆင့် တန်ဘိုးမည်မျှကြီးမားပုံကိုရင်း ခရီးမည်မျှကွာခြားပုံကိုရင်း ဝေဘန်ခြင်းငှါ ရှိပေသေး၏။

အဘယ်ကဲ့သို့ ကွာခြားနိုင်ပေသနည်းဟူမူ အလောင်းတော်တို့သည် (ဟောတု)ဟူသောအင်္ဂါတပါးပြည့်စုံမှုအားထုတ်ရာတွင် ဝိပဉ္စိတညူ ဥဂ္ဃဋိတညူပုဂ္ဂိုလ်သည် တရားတော်ကို အစပျိုးလိုက်သည်နှင့်ပင် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်နိုင်ရန် ကိလေသာဆယ်ပါးကို ကုံလုံနည်းပါးဖြစ်အောင် အားထုတ်ပယ်သတ်၍ ထားနှင့်ပေ၏။

ဝိပဉ္စိတညူပုဂ္ဂိုလ်သည် ပါဠိတော်ကို အကျဉ်းအားဖြင့် ဟောတော်မူ၍ အကျယ်ကို ဝေဘန်ဟောတော်မူသည်၏အဆုံး၌ အာသဝေါ ကုန်ခန်း၍ ရဟန္တာဖြစ်နိုင်ပေ၏။

နေယျပုဂ္ဂိုလ်သည် တရားတော်ကို အဖန်ဖန်နာကြားရသော်သည်းကိစ္စမပြီး။မနေမနား ကြိုးစားအားထုတ်မှသာလျှင် ဤဘဝမှာ ရဟန္တာဖြစ်နိုင်ပေ၏။

ပဒပရမပုဂ္ဂိုလ်သည်ကား တရားတော်ကို အထပ်ထပ်နာရသော်ရင်း မနေမနားကျင့်ရသော်ရင်း ဤဘဝမှာ ရဟန္တာဖြစ်နိုင်လောက်အောင်ပါရမီ မရင့်ကျက်သေး၊ မပြည့်စုံသေးသဖြင့်ဗျာဒိတ်မရနိုင်ဟုပါရှိပေ၏။

ထိုပဒပရမပုဂ္ဂိုလ်ကို ချန်လှပ်၍ အထက်ပါ ပုဂ္ဂိုလ် ၃ မျိုးတို့သည် ဘုရားရှင်၏တရားတော်ကို နာရလျှင် ဤဘဝတွင် ရဟန္တာဖြစ်နိုင်သောပါရမီပြည့်စုံပြီးဖြစ်ပေ၏။

(၁) ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်သည် တရားတော်အစပျိုးလိုက်သည်နှင့် ပင် ရဟန္တာဖြစ်နိုင်ပေ၏။

(၂) ဝိပဉ္စိတညူ ပုဂ္ဂိုလ်သည် တရားတော်ပြီးဆုံးလျှင် ရဟန္တာ ဖြစ်နိုင်ပေ၏။

အချိန်အားဖြင့်ကား တရားတော်၏ အစနှင့်အဆုံးသည် အကြာဆုံး အားဖြင့် ၄-နာရီထားလိုက်ပါဦး ရဟန္တာဖြစ်သောအချိန်သည် ၄-နာရီ မျှကွာခြား၍ ရှေ့နောက် ရဟန္တာဖြစ်နိုင်ပေ၏။

ဗျာဒိတ်ရသောအခါမှာကား —

(၁) ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်သည် ပညာဓိကရ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်းပါရမီဖြည့်လျှင်ဘုရားအဖြစ်သို့ရောက်နိုင်ပေ၏။

(၂) ဝိပဉ္စိတညူ ပုဂ္ဂိုလ်သည် သဒ္ဓါဓိကရ၍ ရှစ်သင်္ချေနှင့် ကမ္ဘာ တသိန်း ပါရမီဖြည့်မှ ဘုရားအဖြစ်ရောက်နိုင်ပေ၏။

(၃) နေယျပုဂ္ဂိုလ်သည် ဝီရိယာဓိကရ၍ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်မှ ဘုရားအဖြစ်သို့ ရောက်နိုင်ပေ၏။

အမှတ်တရမှတ်သားစရာမှာကား - ရဟန္တာဖြစ်နိုင်သော အချိန်ကာလ သည် ရှေ့နှင့်နောက် ၄ နာရီမျှကွာခြားရုံနှင့် ဗျာဒိတ်ရသောအခါမှာ လေးသင်္ချေကွာခြားသွားပေ၏၊

တဖန် နေယျပုဂ္ဂိုလ်အတွက်မှာမူ ဘဝချင်း ရဟန္တာ ဖြစ်နိုင်သော်လည်း တရားအားထုတ် ကြိုးစားရဦးမည်ဖြစ်၍ ရဟန္တာဖြစ်သောအချိန်သည် နှစ်ပေါင်း(၂၀)မျှ နောက်ကြမည်ထားပါဦး ဗျာဒိတ်ရသော အချိန်မှာကား တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်မှ ဘုရားအဖြစ်ရောက်နိုင်ပေ၏။ အရိမေတ္တယျဘုရားလောင်းကဲ့သို့ပင်တည်း။

အထက်ပါကျမ်းဂန်တို့တွင် ပါရှိသည်အတိုင်း နှိုင်းယှဉ်ဝေဘန်ခြင်းဖြင့် စဉ်းစားဆင်ခြင်သည်ရှိသော် ပစ္စက္ခဘဝမှာပင် အဆင့်အတန်းမမှီသေးလျှင် မှီနိုင်အောင် ထိုထက်အားသွန်ကြိုးစားခြင်းဖြင့် နေယျပုဂ္ဂိုလ်အဖြစ်မှ ဝိပဥ္စိတညူပုဂ္ဂိုလ်အဖြစ်သို့ရောက်အောင် ဝိပဥ္စိတညူပုဂ္ဂိုလ်အဖြစ်မှ ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်အဖြစ်သို့ရောက်အောင် ကြိုးစားပါလျှင် အချီးနှီးကား မဖြစ်နိုင်ပေ။

မြတ်စွာဘုရား ဟောကြားတော်မူသော မဟာသတိပဋ္ဌာနသုတ် သစ္စပဗ္ဗအဆုံး နိဂုံးဟောတော်မူသော အားကိုးဘွယ်တရားတော်ကား-

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒောမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ။

ဤကဲ့သို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူအပ်သောတရားတော်ကို အထူးယုံကြည်လှသဖြင့် အထက်ပါယူဆခြင်း၊ ထင်မြင်ခြင်း၊ တိုက်တွန်းခြင်းတို့ကို ဘော်ပြအပ်ပေ၏။

## ၂၁-ပဥ္စမပိုင်းနိဂုံး

ဤတွင် ၁၃၂၀-ခုနှစ် တန်ဆောင်မုံး လပြည့်ကျော် (၈) ရက် (၁၅-၁၂-၅၈)နေ့ထုတ် ဗုဒ္ဓဓမ္မလောက စာစောင်တွင် ယခုခေတ် ဘုရားဆုကို တောင်းနိုင်သလော၊ ယနေ့ ဘုရားဆုတောင်းလျှင် ဘယ်ကမ္ဘာမှာ ဘုရားဖြစ်နိုင်သနည်း။ ဟူသော အမေးပုစ္ဆာကို ဆွေးနွေးရန် တင်ပြသူ သူရိယကန္တာ အမည်ရှိ ပုဂ္ဂိုလ်သို့ ဖြေကြားခြင်း ညွှန်ကြားခြင်း တိုက်တွန်းခြင်းတို့ကို ပြုပြီး၍ ထိုပုဂ္ဂိုလ်နှင့်တကွသော မိမိကိုယ်ကိုယုံကြည်စွာ သတ္တဝါတို့၏ အားကိုးရာဖြစ်ထိုက်သည်ဟု စွမ်းအင်သတ္တိကို သိပြီးသော ပုဂ္ဂိုလ်တို့သည် ထိုသဗ္ဗညုဆုကြီးကို တောင်းနိုင်ကြပါစေသတည်း။ ဇွဲသန်သန်နှင့် မဆုတ်မနစ် ဖြစ်မြောက်အောင် ကြိုးစားနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါသတည်း။

## ၂၂-ဒုတိယပိုင်း

ယခုမူကား ဆုကြီးပန်ပုဂ္ဂိုလ်တို့၏ အကြောင်းခြင်းရာတို့ကို ဗဟုသုတ ရှာမှီးရသလောက် အတော်အသင့် ဖြေကြားပြီးသည် နောက်ပိုင်းတွင် ဆုကြီးပန်ပုဂ္ဂိုလ်တို့နှင့်တကွသော ဆုအမျိုးမျိုးနှင့် နိဗ္ဗာန်သို့ဝင်ကြမည်ဖြစ်သော ပုဂ္ဂိုလ်အားလုံးတို့လည်း ဤဘော်ပြလတ္တံ့သော အခြင်းအရာ တရားတို့ကို ချန်လှပ်ခဲ့၍ငင်း လစ်ဟင်းခဲ့၍ငင်း မေ့လျော့ခဲ့၍ငင်း သတိမထားခဲ့၍ငင်း ပေါ့ဆခဲ့၍ငင်း မဖြစ်သောတရားတို့ကို ညွှန်ပြသတိပေးလိုပေ၏။

တရားတော်ကား-တဆယ့်နှစ်နှစ်တို့ကာလပတ်လုံး လူရော နတ်ရော သိကြားရော ဗြဟ္မာရော မကြံစည်နိုင်ခဲ့သော မင်္ဂလာတရားတော်တွင် ပါသည့် ပတိရူပ ဒေသ ဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ၊ အတ္တ သမ္မာပဏိဓိစ၊ ဟူသော မင်္ဂလသုတ် ပါဠိတော်၌ငင်း ဆုတောင်းခန်းများတွင် ပါသော စက်လေးပါးနှင့်ငြားစေသောဟု ဆုတောင်းခဲ့ကြသော (စက်လေးပါးကို) ဘုရားသာသနာတော်တွင်းမှာ ကြုံကြိုက်ကျိုးနပ်အောင် ကျကျနန လှလှပပ ဝဝကြီး အကျိုးခံစားရအောင် တိုက်တွန်းလိုပေ၏။

## ၂၃-စက်လေးပါး

စက်လေးပါး ဟူသည်ကား- ပုဗ္ဗေစကတပုညတာစက်
ပတိရူပဒေသဝါသစက်
သပ္ပုရိသုပနိဿယစက်
အတ္တသမ္မာပဏိဓိစက် တည်း။

ဤလေးပါးတွင် ပုဗ္ဗေစကတပုညတာစက်ကိုယခုလူပုဂ္ဂိုလ်ယောကျ်ားမိန်းမတို့ ပြည့်စုံကြပေ၏။ ပြည့်စုံပုံကား မနုဿတ္တဘာဝေါဒုလ္လဘော၊

လူအဖြစ် ရခဲလှစွာကို ရပ်ပြစ်ရှစ်ပါးမှကင်းစင်လျက် ကိုယ်လက်အင်္ဂါ ပြည့်စုံစွာနှင့် ရကြပေ၏။ ရတနာသုံးပါးကိုကြည်ညိုသော အမျိုးသား ဖြစ်ရပေ၏။ ပတိရူပဒေသဝါသစက်နှင့်လည်း ပြည့်စုံကြပေ၏။ ပြည့်စုံပုံ ကား ရတနာမြတ်သုံးပါး ထွန်းကားရာအရပ်ဒေသ၌ လူဖြစ်ရပေ၏။ သပ္ပုရိသုပနိဿယစက်နှင့် အတ္တသမာပဏိဓိစက်ကိုကား ပုထုဇဉ်မှန်သမျှ လိုအပ်သည်သာများပေသည်။ ပြည့်စုံအောင်ကြိုးစားနေသောပုဂ္ဂိုလ်တို့ ရှိကြပေမည်။ ပြည့်စုံပြီဟူ၍ မဆိုနိုင်ပေ။ သပ္ပုရိသုပနိဿယ ဟူသည်မှာ သာသနာတော်တွင်း၌သာလျှင် နာရ ကြားရ သိရသော တရား ဖြစ်ပေ၏။

## ၂၄-မျက်စိလည်သူ

သံသရာဘဝအဆက်ဆက်ကစ၍ ယခုတိုင်အောင် အထင်မှား အမြင်မှား အစွဲမှားခဲ့ကြသည့် ဝိပ္ပလ္လာသ တရားဟူသော မျက်စိလည်နေမှုပင် ဖြစ်၏။ ဥပမာသော်ကား မျက်စိလည်တတ်သော သူတို့သည် နေထွက်သည်ကို အရှေ့အရပ်ဟု ယုံကြည်ပါ၏။ သို့သော် ထိုသူမှာ အနောက်အရပ်ဟုထင်နေ၏။ မြောက်အရပ်ဟုထင်နေ၏။ ဤကဲ့သို့ဖောက်ပြန်နေသော အထင်မှားခြင်းကို အမှန်အတိုင်း နေထွက်သည်မှာ အရှေ့အရပ်ဘဲဟူ၍ အထင်ရော အမြင်ပါ အမှန်အတိုင်း ထင်အောင် မြင်အောင် နေ့ရှိသ၍ လေ့လာခြင်း စိတ်ကိုဇွတ်အတင်းပြောင်းပေးခြင်း ကောင်းစွာစဉ်းစားခြင်း အရပ်ရှစ်မျက်နှာမှ နေ့စဉ်နေ့တိုင်း အထွက်အဝင်ပြုလျက် အမှတ်သညာထားခြင်းတို့ဖြင့် တဖြည်းဖြည်း တစစ မျက်စိလည် ပျောက်နိုင်အောင် ကြိုးစားဘို့လိုအပ်သလို ထိုထက်အရေးကြီးလှစွာ မိမိတို့၏ခန္ဓာ

ငါးပါးကို တရားလိုက်စားနေကြသော ပုဂ္ဂိုလ်တို့ အဘို့ပင် ဆိုကြပါစို့။ စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ ဟူ၍ ဓါတ်လေးပါး ဓါတ်ရှစ်ပါး အစုအဝေးကြောင့် ဖြစ်ပေါ်တွေမြင်နေရသော ဥပါဒါန်ရုပ်ဟူသော သတ္တလောကနှင့် ဩကာသလောကရှိ ရုပ်တို့ကို သဘောပေါက်ကြဘို့လို ပေ၏။ ထိုရုပ်တရားတို့၏ မမြဲခြင်းသဘော ဆင်းရဲခြင်းသဘော အစိုးမရခြင်း အနတ္တ သဘောတို့ကို ကောင်းစွာသိကြပါ၏။ ယုံကြည်ကြပါ၏။ သို့သော် ငါ့ကိုယ်ထင်နေတာကိုတော့ မဖျောက်နိုင်ကြပေ။ ပုဂ္ဂိုလ်ထင်နေတာကိုတော့မဖျောက်နိုင်ကြပေ။ ယောကျ်ားထင်နေတာကိုတော့ မဖျောက်နိုင်ကြပေ။ မိန်းမထင်နေတာကိုတော့ မဖျောက်နိုင်အောင် ရှိနေကြပေ၏။

နာမ်တရားကိုလည်း သိကြပါ၏။ စာကိုလည်း ရကြပါ၏။ ဝေဒနာ၊ သညာ၊စေတနာ၊ဖဿော၊မနသိကာရော ဟူသည်မှာ နာမ်တရားဟု ယုံကြည်ပါ၏။ နားလည်ကြပါ၏။ နာမ်တရားကိုလည်း မမြဲခြင်း ဆင်းရဲခြင်း အစိုးမရခြင်းကို ယုံကြည်ပါ၏။ သို့သော် တဏှာ မာန ဒိဋ္ဌိတရားတို့ကို မပူးမကပ်အောင် မတတ်နိုင်ကြပေ။ မခွါနိုင်ကြပေ။ "ငါ" ထင်လျက် မျက်စိလည်နေကြပေ၏။

ထိုကဲ့သို့ မျက်စိလည်နေမှုကြောင့် ရေသတ္တဝါအမျိုးမျိုး ကုန်းသတ္တဝါ အမျိုးမျိုးအဖြစ်နှင့် ဒိုးစားမကွဲနိုင်ကြသေးခြင်းကို မြတ်စွာဘုရားသခင် မြင်တော်မူ၍ ငါဘုရားသာသနာတော်တွင်း၌ သက္ကာယဒိဋ္ဌိကို ပြုတ်အောင်ဖြုတ်လိုက်ကြကုန်။သာသနာမရှိသောကာလတွင် ဤသက္ကာယဒိဋ္ဌိ ဖြုတ်ရမှန်း သိကြတော့မည်မဟုတ်ပေဟူ၍ မဟာကရုဏာတော်နှင့် ဤကဲ့သို့ အရေးကြီးစွာ ဟောတော်မူပေ၏။

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနေ၀ မတ္ထကေ၊
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။
(သဂါထာ ဝဂ္ဂ သံယုတ်ပါဠိတော် ၃-သတ္တိဝဂ်၊ ၁-သတ္တိသုတ်)

**အနက်ကား။** ။သတ္တိယာ၊အသွားနှစ်ဘက် မြမြထက်သော လှံကြီးသည်။ ဩမထောဝိယ၊ရေမျို ရင်တွင်းစူးဝင်နေသော ယောက်ျားကဲ့သို့ရင်း။ မတ္တကေ၊ဦခေါင်းတခုလုံး၌။ ဒယှမာနေဝ၊မီးတောက်လောင်နေသော ယောက်ျားကဲ့သို့ရင်း။ သက္ကာယဒိဋ္ဌိံ၊သက္ကာယဒိဋ္ဌိကို။ ပဟာနာယ၊ ပယ်ဖြုတ်ခြင်းငှါ။ ဘိက္ခု၊ သံသရာဘေး အပါယ်ဘေးကို မြော်တွေးမြင်သူ ရှင်,လူ,ရဟန်း အပေါင်းတို့သည်။ သတော၊ မမေ့မလျော့မပေါ့သောဘဲ၊ မြဲသောသတိရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ဝိပဿနာအလုပ်ကို အမြဲအားထုတ် ကြိုးစားရာသတည်း။ ဟူ၍ ဟောတော်မူပေ၏။

ဝိပဿနာအလုပ် ဟူသည်မှာလည်း ဘော်ပြခဲ့ပြီးသော ရုပ်တရား၊ နာမ်တရားတို့၏ မမြဲပုံ ဆင်းရဲပုံ အစိုးမရပုံကို မနေမနား ရှုကြည့်နေရခြင်းပင်ဖြစ်ပေ၏။ အဘယ်မျှလောက် အရေးကြီးသနည်းဟူမူကား-

## ၂၅-ဦခေါင်းမီးလောင်

ဦခေါင်းတခုလုံး မီးလောင်ခံနေရသောသူသည် ကလေးငိုနေ၍ ချော့ရဦးမည်၊ ထမင်းအိုးဆူနေ၍ ငှဲ့ရဦးမည်၊ ထိုထိုကိစ္စပြီးမှ ဦခေါင်းလောင်နေတဲ့မီးကို ငြိမ်းသတ်ပါမည်ဟု စောင့်ဆိုင်းနေခြင်းငှါ မဖြစ်နိုင်သကဲ့သို့လည်းကောင်း။ ရင်ဝမှာစူးဝင်နေသောလှံကို မနှုတ်ရသေးဘဲ မည်သည့်ကိစ္စကိုမျှ ကြီးကျယ်စွာ အရေးထားခြင်းမပြုနိုင်သကဲ့သို့ လည်းကောင်း ထိုနည်းတူစွာ မိမိတို့၏ အဇ္ဈတ္တသန္တာန်မှာ စွဲလောင်နေသော ‘သက္ကာယဒိဋ္ဌိ’’မီးကို မနေမနား မအားမလပ် ငြိမ်းပွါးရှာရင်း ထမင်းစားရင်း အိမ်သာတက်ရင်းဆိုသလို အမြဲသတိကြီးစွာနှင့် အချိန်ကို ကန့်သတ်မထားမူ၍ “ဥပမာ” အလွန်လွှမ်းဆွတ်ဘွယ်ကိစ္စတခုကို ဘယ်အချိန်

မှ မပေ့နိုင်သကဲ့သို့ရင်း မသက်သာဘွယ် အရေးကြီးသောကိစ္စတခုကို ရှင်းလင်းသေချာစွာသိရမှ ကိစ္စပြီးမည်ကဲ့သို့ရင်း 'ရုပ်နှင့်နာမ်' တရားကို "ငါ"ထင်နေခြင်းသည် ဟုတ်နိုင်ပါရဲ့လား၊ "ငါ"ထင်နေတာဟုတ်ပါလျှင် တနေ့ထက်တနေ့ အိုမင်းရင့်ရော်နေသည်ကို မနှစ်သက်နိုင်ပေ။ ထိုကဲ့သို့မနှစ်သက်နိုင်သည့်အတိုင်း ဖြစ်ပါ၏လော။ တနေ့တရက် အစာမစားဘဲနေခြင်းဖြင့် ခန္ဓာကိုယ်တောင့်တင်းအောင် ဆောက်တည်၍ထားနိုင်ပါ၏လော။ ။နာမ်တရားတည်းဟူသော ဝေဒနာ၊သညာ၊သင်္ခါရ၊ ဝိဉာဉ်တို့သည် ထိုရုပ်တရားကြီး အစာမစားရသဖြင့် နုန်းချည့်နေခြင်းကို ကြည်လင်တောင့်တင်းအောင် စွမ်းနိုင်ပါ၏လော။

စင်စစ်သော်ကား ရုပ်တရားသည် ရုပ်မျှသာဖြစ်၏။ သိမှု ကြံမှု မရှိကုန်။ ရုပ်တရားသည် ပုဂ္ဂိုလ်သတ္တဝါဟု မဆိုအပ်ကုန်။ ရုပ်တရားသည် သတ္တ ဇီဝမှုကင်းကုန်၏။ ရုပ်တရားသည် ငါဟုထင်နေသော ငါ့ကိုယ် မဟုတ်၊ အတ္တလည်းမဟုတ်ကုန်။

## ၂၆-ပဋိစ္စသမုပ္ပါဒ်

ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် ပဋိစ္စသမုပ္ပါဒ်တရားတော်အတိုင်း ရှေးကပြုခဲ့သော အကြောင်းတရားတို့ကြောင့် ကံနှင့်တကွသော စိတ်ဆန္ဒနှင့်တကွသော ဓါတ်အစုအဝေး ရုပ်တရားဖြစ်လာ၏၊ လူသတ္တဝါဟူ၍ ခေါ်ဝေါ်ရခြင်းငှါ ဖြစ်လာ၏။ ဤသို့ဟူသော အပူအအေးဓာတ်တို့သည်၎င်း ပဋိသန္ဓေအခါမှာ မိခင်၏အာဟာရဖြင့်၎င်း မွေးလာသော အခါ၌ အရေအဖတ်ဟူသော အာဟာရတို့ဖြင့်၎င်း ရုပ်တရားတို့ကို တည်ဆောက်ခဲ့ပေ၏။ ။ထိုအချိန်မှာ နာမ်တရားဟူသော ဝိဉာဉ်သာလျှင်

ပေါ်လွင်ထင်ရှားသေး၏။ ပူမှု အေးမှုဟူသော အကြောင်းကြောင့် ဝေဒနာ တွေ့ရသော်လည်း စေတနာနှင့်တကွ ခံစားမှုမဟုတ်သေးပေ။ ဝေဒနာ၊ သညာ၊ စေတနာ၊ဖဿာ၊ မနသိကာရော ဟူသော နာမ်တရားတို့သည် တဖြည်းဖြည်း တစတစ သိတတ်လာ၏၊မှတ်တတ်လာ၏၊ခံစားတတ်လာ၏။ ပြုပြင်ပြောင်းလဲမှုပြုတတ်လာ၏။

ဤတွင် ရှေးအလုံဝါသနာအလျောက် မကောင်းမှု ကောင်းမှုစရိုက်တို့နှင့်တကွ အရွယ်အလိုက်အားဖြင့် တဏှာ၊မာန၊ဒိဋ္ဌိဟူသော ပပဉ္စ တရားတို့သည် နာမ်တရားဟူသော ဝေဒနာ၊သညာ၊စေတနာ၊ဝိညာဉ်တရားတို့ကိုပူးကပ်၍ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ပစ္စည်း၊ ငါ့မိန်းမ၊ငါ့ယောကျ်ား၊ငါ့သား၊ ငါ့သမီးဟူသော သက္ကာယတို့သည် အစဉ်တစိုက် ဖြစ်ပေါ်လာကုန်၏။

သံသရာတခွင်လုံးက ပါလာခဲ့သော တရားကြီးကို အဆောက်အအုံဒုဒယ်ကြီးမားလှသော တရားကြီးကို လွယ်လွယ်ကူကူ သက်သက်သာသာနှင့်တော့ ဖြိုဖျက်ဖြုတ်ချ၍ ယုတ်တရက်ရလိမ့်မည်မဟုတ်ပေ။ သို့အတွက်ကြောင့်သာလျှင် ပုထုဇဉ်မှန်သမျှ ဗြဟ္မာ၊နတ်၊လူ မည်သည့်ပုဂ္ဂိုလ်မဆို ပဋိသန္ဓေ,အို,နာ,သေဆိုသော တရားကြီးမှ ဘယ်အခါ လွတ်ပါမည်နည်းဟူသည်ကိုမမျှော်မှန်းနိုင်အောင်ရှိကြပေ၏။

## ၂၇-လယ်တီဆရာတော်ဘုရားက ကင်းဝန်မင်းကြီးထံပေးစာ

လယ်တီဆရာတော်ဘုရားကြီးက ကင်းဝန်မင်းကြီးထံသို့ရေးပေးသည့် သတိပေးစာတွင် ဖော်ပြထားသလို ကျင်လည်နေကြရပေ၏။ ။

သတိပေးစာကား။ ။အာရုံခံမှု၊ ပြာပုံမှမှာ၊ ယူသာရှာလျက်၊ ငါက လူလူ၊ ပမာမူ၊ ရွာသူတို့ဝက်၊ အစားများထူ၊ အသားလူ၊ ဆူလေလေခက်ပါလျက်၊ ရမှက်ကယ်မာန်ဝင်၊ သူ့အသင်းမှာ သူမင်းဘဲထင်လိုက်လို့၊ မျှင်နိုင်မျှ ဝက်သဏ္ဌာန်လို၊ အချက်မှန်ပေါ်မလင်းနိုင်ဘု၊ ဘော်သင်းရွှေမိတ်သင်း ယှက်သည့်ပြင်၊ ခင်မက်ဘွယ်အရံစုံပ၊ မာန်ဂုဏ်ကို ဟန်ပုံနှင့် ဖုံးရှာကြ၊ ရှုံးပလေ၊ ထုံးမြေပြာစုမိတ်တွေမို့၊ ဟူ၏။

ဤသက္ကာယဒိဋ္ဌိပြုတ်မှုအရေးကြီးကို သင့်တော်ရုံအရေးယူ၍ဖျောက်ဖျက်ပြုတ်ချ၍ မရနိုင်ခဲ့ကြသဖြင့် ဂင်္ဂါသဲမျှမက ပွင့်တော်မူကြသော ဘုရားရှင်တို့ ဆူဆူပျားခဲ့ကြသော်လည်း ကမ္ဘာသင်္ချေ မရေတွက်နိုင်အောင် ကြာခဲ့သော်လည်း ယောင်ချာချာနှင့်သာ ရမှက်ကယ်မာန်ဝင် သူ့အသင်းမှာ သူမင်းဘဲထင်လိုက်လို့၊ ရှင်နိုင်မျှဝက်သဏ္ဌာန်လိုဟူသော စာသားအဓိပ္ပါယ်မျိုးနှင့်သာ ကျင်လည်လာခဲ့ကြပေ၏။

သို့သော်လည်း တနည်းအားဖြင့် မာန်ဝင်ဘို့ မာနထားဘို့ကိုကား တိုက်တွန်းလိုပါ၏။ ။အဘယ်ကဲ့သို့ မာန်ဝင်သင့်ပါသနည်း၊ မာနထားသင့်ပါသနည်းဟူမူ မရေတွက်နိုင်အောင် ပွင့်တော်မူပြီးသော မြတ်စွာဘုရားများအနက် ဘဆူတဆူလျှင် ကျွတ်တန်းဝင်ကြသူ နိဗ္ဗာန်ဝင်ကြသူ ပုဂ္ဂိုလ်တို့သည် ၂၄-သင်္ချေ၊ ကုဋေ-၆၀၊ ဗိုလ်ခြေတသိန်းဖြစ်ကြလေ၏။ နောက်ဆုံးပွင့်တော်မူသော ဂေါတမ ဘုရားသာသနာတော်တွင်းမှာလည်း ကျွတ်တန်းဝင်မည့်ပုဂ္ဂိုလ်များတွင် ပါဝင်နိုင်အောင် ကြိုးစားနေကြပေ၏။ ထိုအထဲမှာ "ငါတို့သည်" "ငါသည်" အဘယ်ကြောင့် မပါနိုင်ရမည်နည်း။ ငါသည် လူစင်စစ်ဖြစ်နေ၏။ မကျိုး မချည့် အိပ်ယာမှ မထနိုင်သော ရောဂါသည်လည်းမဟုတ်သေး။ ဤမျှများပြားသော ပုဂ္ဂိုလ်များအတွင်းဝယ်ငါမပါဝင်လိုက်ရလျှင်လူဖြစ်ရှုံးလှ၏။ လူ

ပေါ်မဝင်ဖြစ်ပေ၏။ နောင်ကာလ ဘယ်သောအခါ သာသာသနာတော်နှင့် ကြုံပါမည်နည်း၊ ကြုံသောအခါတွင်လည်း ဤကဲ့သို့ ထိုကဲ့သို့ ဆိုသလိုနေဦးမည်ဖြစ်ပေသတည်းဟု ဇွဲမာနထားထိုက်ပေ၏။

## ၂၈-စွန်းလွန်းတရား

စွန်းလွန်းကိုယ်တော်ကြီးဟောသော တရားကဲ့သို့ ရှေးယခင်ကမလှူခဲ့လို့ ယခုလည်းမလှူနိုင်။နောက်လည်းလှူနိုင်မှာမဟုတ်။ရှေးယခင်က သီလမစောင့်ခဲ့လို့ ယခုလည်းမစောင့်နိုင်၊နောက်လည်းစောင့်နိုင်မှာမဟုတ် ဟူသော တရားတော်ကဲ့သို့ပင်ဖြစ်ပေ၏။ ထိုတရားသည်ကား မှန်လှပေ၏။ ထိုတရားတော်အရ ရှေးယခင်က ကြိုးစားနိုင်ခဲ့လို့ ယခုကြိုးစားနိုင်ကြသော ပုဂ္ဂိုလ်တို့သည် ကြိုးစားရကျိုးနပ်အောင် ဦးခေါင်းမီးလောင်နေသော သူပမာ ရင်ပလှံစူးနေသူပမာ မနေမနား ကြိုးစားအားထုတ်အပ်လှပေ၏။

ဤနေရာတွင် စာရေးသူသည် မိမိကိုယ်ကို လူမမာ ပြုစုနေသော သားချင်းဆွေမျိုးတယောက်အနေနှင့် လူမမာ နလံထလွယ်အောင် ဟိုဟာကလေး စားစမ်းပါဦး၊ ဒီဟာကလေးစားစမ်းပါဦးဟု အနားမှပြုစုနေသလို မကျမ်းမမာရာမှ နလံထလာသော သူနှင့်တူစွာ အနမတဂ္ဂ သံသရာတွင် ဘုရားအသံလည်း မကြားရ၊ တရားအသံလည်း မကြားရ၊ မသိရဖြစ်နေကြရာမှ ကံအားလျော်စွာ ပါရမီအားလျော်စွာ သာသနာတော်တွင်းဝယ် လူဖြစ်လျက် လူဆိုရုံမျှ သတ္တဝါတို့ မယုံကြည်နိုင်သော မသိနိုင်သော သံသရာဝဋ်ဆင်းရဲမှထွက်မြောက်မှု အပါယ်ဘေးမှ လွတ်ကင်းမှု တရားစုတို့ကို သိရသည်အားလျော်စွာ။ ။သသော သက္ကာယ

မလ°နော၊ ဇာတိယာစ ဇရာစ ရောဂါဒိဟိစ ဒုက္ခေဟိ၊ နိစ္စံ ဟညတိ ဗဋ္ဋသော။ ဟူသော မူလပဏ္ဏာသ အဋ္ဌကထာ (၁-မူလပရိယာ ယသုတ္တ ဝဏ္ဏနာ)မှာ မိန့်တော်မူသည့် အညစ်အကြေးတည်းဟူသော သက္ကာယ ပဋိသန္ဓေနေ၊အိုနာ၊သေ တရားတို့ကို ဖြစ်စေတတ်သော သက္ကာယ တ ရားတို့ကို ဖြုတ်ရမှန်းသိလာကြပေသော သံသရာ၏ လူမမာ နုလ°ထတို့ ကို အချိကလေးစားစမ်းပါ၊ အဆိမ့်ကလေး စားစမ်းပါဦးဟု ကရုဏာ ကြီးစွာနှင့် လူမမာအနားမှာနေ၍ ပြုစုသည်ပမာနှယ် သက္ကာယပြုတ် မှုကို အာရုံပြုနေကြသော၊ကျင့်နေကြသော၊အားထုတ်နေကြသောပုဂ္ဂိုလ် တို့ကို ဟိုနည်းဖြင့်ရှုပါဦး၊ သည်နည်းဖြင့်ရှုပါဦးဟု တိုက်တွန်းလိုပေ၏။

## ၂၉-စိတ္တနိဂ္ဂဟ

### လယ်တီဆရာတော်ဘုရား၏ စိတ္တနိဂ္ဂဟပြဝါဒ။

အနဟံပိ အဟံဇာတံ၊ နမယှံ မယှမေဝစ။
နအတ္တာပိ အတ္တာဇမ္မ၊ ဝိစိတ္တာ စိတ္တတောဂတိ။

ဇမ္မဝိတ္တ၊ မကောင်းယုတ်မာ ဆိုးညစ်စွာသည့် မိစ္ဆာအနိဋ္ဌ ဟယ်ငါ့ စိတ်။ တွံ၊နင်စိတ်သည်။ အနဟံပိ၊ ဘယ်ဂုဏ်သတ္တိ၊ မရှိလုံးလုံး၊အစွမ်း တုံးသား၊အသုံးအသွန်၊အခွံအကာ၊ ဖြစ်ဘုံပါ၍၊ ငါဟုမြောက်မြင့်၊ မယူသင့်သည်မှန်ပါလျက်။ အဟံဇာတံ၊ငါနှင့်မခြား၊ မပြားမကွဲ၊အထင် လွဲအောင်၊ငါယောင် ငါဟန်၊ ငါသဏ္ဍာန်ဖြစ်၍နေဘိ၏။ နမယှံပိ၊ ငါနှင့် မဆိုင်၊ငါပိုင်ဥစ္စာ၊မဟုတ်ပါဘဲလျက်လည်း။ မယှမေဝ၊ငါ့စိတ် ငါ့ဥာဏ်၊ ငါ့အကြံဟု၊ဖေါက်ပြန်တိမ်းပါး၊အထင်မှားအောင်၊ နင်ကား ပြု၍နေဘိ ၏။ နအတ္တာပိ၊ ကိစ္စအမှု၊ဘယ်တခုမျှ၊ ပြုစွမ်းမှုစွမ်း၊ မြူခြမ်းတစိ၊ နင်မ

ရှိပါဘဲလျှက်လည်း။ အတ္တာ၊ဒဿန သဝန စသည့်များထု၊ ကိစ္စစုကို၊ အမှုတွင်ကျယ်၊ သူချယ်လှယ်၍၊အကယ်ချေင်၊သူ့စွမ်းအံကြောင့်၊သဏ္ဍာန်ဤကိုယ်၊ မငြင်ငြိုဘဲ၊ လိုရာပြီးမြောက်၊ မရီးရောက်၏၊ မှောက်မှောက်မှားမှား၊ အထင်ကြွားအောင်၊ နှင်ကားပြု၍နေဘိ၏။ တေ၊ နှင်စိတ်၏။ ဂတိ၊လိမ်လည်ညစ်တုံ၊ ဖြစ်ပုံအလား၊ အမှုသွားသည်။ ဝိစိတ္တာ၊မကြံနိုင်ဘွယ်၊ အသွယ်သွယ်လျှင်၊အကယ်ဆန်းပြားလှ၏တကား။

ဝေံဝိစိတ္တရူပဿ၊ အမှိ ဘူတဿဝေရိနော။
ဝသံတေမေ ဂစ္ဆန္တဿ၊ ကပ္ပါနေကေ ဝိသီဒယုံ။

ဧဝံဝိစိတ္တရူပဿ၊ သို့စင်ကလောက်၊ အမြင်မှောက်အောင်၊ ကြောက်ဘွယ်ဆန်းပြားသောသဘောရှိသည်ဖြစ်၍။ အမှိဘူတဿ၊ ငါမဟုတ်ဘဲ၊ ငါရုပ်ငါဟန်၊ ငါသဏ္ဍာန်ဖြစ်၍နေသော။ ဝေရိနော၊ ငါ၏ရန်သူကြီးစင်စစ် ဘမှန်ဖြစ်သော။ တေ၊နှင့်စိတ်၏။ ဝသံ၊ အလိုနိုင်ငံ၊ အကြံအကြိုက်၊ ခေါတ်စရိုက်သို့။ ဂစ္ဆန္တဿ၊ နှင့်ကိုငါဘဲ၊အတင်လွဲ၍၊ တလိုက်ထဲလိုက်ကာ နေရသေါ်။ မေ၊ငါ့အား။ အနေကေ၊ အသင်္ချေချေ၊ ဆက်ရေလည်း၊ ဆုံးလေမရှိ၊ များစွာဘိကုန်သော။ ကပ္ပါ၊အနမတဂ္ဂ၊ဘဝသံသရာ၊ ကပ်ကမ္ဘာတို့သည်။ ဝိသီဒယုံ၊ နစ်ဆုံးမျောပါးကုန်ခဲ့ပြီ။

အလံတွံဒါနိ ဇာနာမိ၊ အန္တရံမမအာဂတံ။
ဗုဒ္ဓပ္ပါဒေါစ မေလဒ္ဓေါ၊ သဒ္ဓမ္မော အစ္ဆ ဒိဗ္ဗတိ။

ဇမ္မစိတ္တ၊ မကောင်းယုတ်မာ၊ ဆိုးညစ်စွာသည့်၊ မိစ္ဆာအနိဋ္ဌ၊ ဟယ်ငါ့စိတ်။ တွံ၊နှင်စိတ်သည်။ အလံ၊တန်တော့။ ဣဒါနိ၊ယခု။ ဇာနာမိ၊

နင်ကမူကား၊ရန်သူကြီးဟု၊ အပြီးငါသိပြီ။ မမ၊ငါ၏။ အန္တရံ၊ အခွင့် အလှည့်သည်။ အာဂတံ၊ ယခုပျက်မှောက် ဆိုက်ရောက်ခဲ့လေပြီ။ ဗုဒ္ဓုပ္ပါဒေါစ၊ ''ဗုဒ္ဓုပ္ပါဒနဝမခဏ'' ကိုလည်း။ မေ၊ငါသည်။ လဒ္ဓေါ၊ရအပ်ပြီ။ သဒ္ဓမ္မော၊ပရိယတ် ပဋိပတ် ပဋိဝေဓ၊မွှသုံးဖြာ၊သာသနာသည်လည်း။ အဇ္ဇ၊ယခု။ ဒိဗ္ဗတိ၊ သူရိယဆယ်စင်း၊ ရောင်စုံကျင်းသို့၊ ထွန်းလင်းသော အခိုက်ကြုံခဲ့ပြီ။

ဟန္ဒာဟံ တံ ဓမေဿာမိ၊ မဟာစောရ တမောရတ။
ယံ တွံ မံ အမှဝေသေန၊ စိရံ ဥပ္ပထမာနယိ။

တမောရတ၊ကာမဂုဏ်သိုက်၊တောအမိုက်ဝယ်၊ နှစ်ခြိုက်မြူးတူး၊ အပျော်ကြူးထသော။ မဟာစောရ၊ ငါငါအဟန်၊ တူစွာဘန်၍၊ လူ့ထံ နတ်ရွာ၊ ဗြဟ္မာတရိုး၊ အတွင်ဆိုးသည့်၊သူခိုးဗိုလ်ကြီး၊သုံးဘုံမီး။ ယံတွံ၊ အကြင်နင်စိတ်သည်။ အမှဝေသေန၊ ငါမဟုတ်ဘဲ၊ ငါရုပ်ငါယောင်၊ ပြိုစွာဆောင်သဖြင့်။ စိရံ၊အနမတဂ္ဂ၊အစမထင်၊သံသရာကာလပတ်လုံး။ မံ၊ငါ့ကို။ဥပ္ပထံ၊ ဘဝသုံးပါး ခရီးမှားသို့။ အာနယိ၊သွေးဆောင်ခေါ် ယူလှလေပြီ၊ တံ၊နင်စိတ်ကို။ ဟန္ဒ၊ယခု။ အဟံ၊ငါသည်။ ဓမေဿာမိ၊ တံတိုင်းသီလ၊ အဇ္ဈတ္တထောင်၊ နှောင်ကြိုးသတိ၊ ဝီရိယကြိမ်ချက်၊ အားကုန်နှက်၍၊ ရက်ရက်ဆုံးမပေတော့အံ့။

ရူပနိဂ္ဂဟ ဩဝါဒ

အနဟံပိအဟံဇာတံ၊ နမယှံမယှမေဝစ။
အနတ္တာပိအတ္တာဇမ္မ၊ ဝိရူပါရူပတောဂတိ။

ဇမ္မရုပ၊မကောင်းယုတ်မာ၊ဆိုးညစ်စွာသည်၊မသာအပုပ်၊ဟယ်ငါ့ရုပ်။ နအဟံပိ၊ ဘယ်ဂုဏ်သတ္တိ၊ မရှိလုံးလုံး၊ အစွမ်းတုံးသား၊ အသုံးအသွန်၊

အခွံအကာ၊ဖြစ်တုံပါ၍၊ ငါ့ဟုမြှောက်မြှင့်၊ မယူသင့်သည်၊မှန်ပါလျက်လည်း။ အဟံဇာတိ၊ ငါနှင့်မခြား၊မပြားမကွဲ၊ အထင်လွဲအောင်၊ ငါယောင်ငါဟန်၊ ငါ့သဏ္ဍာန်ဖြစ်၍နေဘိ၏။ နမယှံပိ၊ ငါနှင့်မဆိုင်၊ ငါပိုင်ဥစ္စာ၊ မဟုတ်ပါဘဲလျက်လည်း။ မယှမေ၀၊ ငါပိုင်ငါ့ဟာ၊ ငါ့ဥစ္စာဟုသညာဘော်ပြား၊ အထင်မှားအောင်၊ နင်ကားပြု၍နေဘိ၏။ အနတ္တာပိ။ အားအင်တခု၊ မပြုစသာ၊ အကာအခွံ၊ အသွန်အသုံး၊ အဖြုန်းအဖျင်း။ ဖြစ်ပါလျှင်လျက်လည်း။ အတ္တာ၊ အမူအားလုံး၊ အသုံးတွင်ကျယ်၊ အားကိုးဘွယ်လျှင်၊ အကာယ်ခိုင်မြဲ၊ အနှစ်ဘဲဟု၊ စွဲလမ်းမှောက်မှား၊ အထင်ကြွားအောင်၊ နင်ကားပြု၍နေဘိ၏။ တော၊နင်ရုပ်၏။ ဂတိ၊လိမ်လည်ညစ်တုံ၊ ဖြစ်ပုံအလား၊ အမူသွားသည်။ ဝိရူပါ၊သဘောမမှန်၊ ထူးထွေဟန်နှင့်၊ ဘောက်ပြန်ဆန်းပြားလှ၏တကား။

ဇာဝိရူပရူပဿ၊ အမိုဘူတဿ ဝေရိနော။

ဟိတံတေမေဝဟန္တဿ၊ ကပ္ပါနေကေ ဝိသီဒယုံ။

ဇာဝိရူပရူပဿ၊သို့စင်ကလောက်၊အမြင်မှောက်အောင်၊ ဘောက်ပြန်ဆန်းပြားသောသဘောရှိသည်ဖြစ်၍။ အမိုဘူတဿ၊ ငါမဟုတ်ဘဲ၊ ငါရုပ်ငါဟန်၊ငါ့သဏ္ဍာန်ဖြစ်၍နေသော။ ဝေရိနော၊ ငါ၏ရန်သူကြီးစင်စစ်အမှန်ဖြစ်သော။တော၊နင်ရုပ်၏။ ဟိတံ၊ကျွေးရေးမွေးရေး၊ငွေကြေးဥစ္စာ၊ရရာရကြောင်း၊ဆိုးကောင်းယုတ်မြတ်၊အရပ်ရပ်သော၊ စီးပွါးမှုဝန်များကို။ ဝဟန္တဿ၊သည်ပိုးရွက်ဆောင်ရသော။ မေ၊ငါ့အား။ အနေကေ၊များစွာကုန်သော။ ကပ္ပါ၊ အနမတဂ္ဂ ဘဝသံသရာ ကပ်ကမ္ဘာတို့သည်။ ဝိသီဒယုံ၊နစ်ဆုံးမျောပါး၍ ကုန်လေပြီ။

အလံ တွံ ဒါနိ ဇာနာမိ၊ အန္တရံ မမအာဂတံ။

ဗုဒ္ဓုပ္ပါဒေါစ မေလဒ္ဓေါ၊ သဒ္ဓမ္မောအဓ္ဈဒိဗ္ဗတိ။

ဇမ္ဗုစိတ္တာ၊ မကောင်းယုတ်မာ၊ ဆိုးညစ်စွာသည့်၊ မိစ္ဆာအနိဋ္ဌ ဟယ်ငါ စိတ်။ တွံ၊ နင်စိတ်သည်။ အလံ၊ တန်တော့။ ဣဒါနိ၊ ယခု။ ဇာနာမိ နင်တမူကား၊ ရန်သူကြီးဟုအပြးငါသိပြီ။ မမ၊ ငါ၏။ အဘွ ရိ၊ အခွင့်အလှည့်သည်။ အာဂတံ၊ ယခုမျက်မှောက် ဆိုက်ရောက်ခဲ့လေပြီ။ ဗုဒ္ဓပုပ္ပါဒေ ါစ၊ ပရိယတ် ပဋိပါတ် ပဋိဝေဓ၊ ဓမ္မသုံးဖြာ၊ သာသနာသည်လည်း။ အဇ္ဇ၊ ယခု။ ဒိဗ္ဗတိ၊ သူရိယဆယ်ဗင်း၊ ရောင်စုံကျင်းသို့၊ ထွန်းလင်းသော အခိုက် ကြုံခဲ့ပြီ။ ။

ဟန္ဒတံ သိက္ခာပေဿာမိ၊ ပရဘောဂဝိမောဟက။

ယံမံ တွံ အမှဝေသော၊ စိရံ ခိန္နတ္တ မာနယံ။

ပရဘောဂ၊ မှက်,ခြင်,သန်း,ကြွမ်းပိုးပိုးမျိုးအပေါင်း၊ သိန်းသောင်းများစွာ၊ ခန္ဓာတပါးတို့၏ အစာသမင်း မှီတင်းဆုနေအိမ်လည်း ဖြစ်ထသော။ ဝိမောဟက၊ အရိယာမျက်စိ၊ မရှိသူ၊ အများလူတို့ကို၊ အယူပေါက်ပြား၊ အမှားတွေဝေ၊ မိုက်မဲစေတတ်သော ဟယ်ငါ့ရုပ်။ ယံ တွံ၊ အကြင်နမ်ရုပ်သည်။ အမှဝေသေန၊ ငါမဟုတ်ဘဲ၊ ငါ့ရုပ်ငါယောင်၊ ပြီးစွာဆောင်သဖြင့်။ စိရံ၊ အနမတဂ္ဂ၊ အစမထင်၊ သံသရာပတ်လုံး။ မံ၊ ငါ့ကို။ ခိန္နတ္တ၊ ထိန်းကျောင်းမွေးကျွေးနင့်အရေးကြောင့်၊ အေးခါပူခါ၊ မနေသာဘဲ၊ ဘွေ့ရှာလုပ်ကြံ၊ တရံမကင်း။ ပင်ပမ်းခြင်းသို့။ အနယိ၊ ဆောင်ယပြီ။ တံ၊ ကိုနင်ရုပ်ကို။ ဟ[illegible] ယခု။ အဟံ၊ ငါသည်။ သိက္ခာပေဿာမိ၊ [illegible] သူ[illegible]ေကာင်း၊ ထွန်ခွားမောင်းသို့၊ ခါကောင်းသမယ၊ ဤဘဂဋ္ဌ၊ [illegible]ယောဂ၊ အင်စုံညီလျက်၊ စျာယ၊ ပြကတေ့၊ ကျင့်ဓလေ့ဖြင့်၊ ညဉ့်နေ့ ဆက်နွယ်၊ သက်မတွယ်ဘဲ၊ ထက်ဝယ်စကြံ၊ နှစ်တန်ယာပိုက်၊ မိဋ္ဌာစိုက်လျက်

အမြိုက်လုလု၊ ကိုယ်အစုဝယ်၊ ရှုသားတွင်တွင်၊ဆုံးမသင်၍၊ လျှင်လျှင် ပြ
ပေအံ့သတည်း။

ဥဘယ နိဂ္ဂဟ ဩဝါဒ

(၁) ဗုဒ္ဓုပ္ပါဒေ သဒ္ဓေမ္မာစေ၊ ဥဘောမမံ ဥပဇ္ဈဂုံ။
တဒါဟံဝဇ္ဈတံယံာမိ၊ အဒ္ဓါဝေါ ကာမ ကာရိယံ။

(၂) ဟန္ဒဝေါဟံဝဓိဿာမိ၊ ပုရေဂစ္ဆတိသောခဏော။
ဥဘောတုမေ့ အမှိဘူတာ၊ ယတ္တမံ ဗာဓယိဿထ။

(၁) ဗုဒ္ဓုပ္ပါဒေ၊စ၊ဗုဒ္ဓုပ္ပါဒနဝမခဏသည်ရှင်း။ သဒ္ဓမ္မေ၊စ၊ပရိယတ်, ပဋိပတ်, ပဋိဝေဓမွသုံးဖြာသာသနာသည်ရှင်း။ဥဘော၊ နှစ်ပါးတို့သည်။ မမံ၊ငါ့ကို။ စေဉပဇ္ဈဂုံ၊အကယ်လွန်၍သွားကုန်သည်ဖြစ်အံ့။ တဒါ၊ ထို သာသနာပ၊နောက်ကာလ၌။ အဟံ၊ငါသည်။ အဒ္ဓါ၊ မချွတ်မလွဲ၊ အမြဲ စင်စစ်။ ဝေါ၊ရုပ်နာမ်နှစ်ဘော်၊ ပျက်ချော်ရိုင်းပြား၊ နှင်နှစ်ပါးတို့၏။ ကာမကာရိယံ၊ မလှန်ပြန်မှု၊လိုတိုင်းပြုသာသော။ ဝဇ္ဈတံ၊ ကြောင်၏ လက်ဝယ်၊ ကြွက်သူငယ်သို့၊ နှိပ်နှယ်ညှဉ်းပမ်း၊ ခံရခန်းသို့။ ယာမိ၊ရောက် လေတော့အံ့။

(၂) ယတ္တ၊အကြောင်အဋ္ဌက္ခဏ၊နောက်ကာလ၌။ဥဘောတုမေ့၊ရုပ်နာမ်တ ရား၊ နှင်နှစ်ပါးတို့သည်လည်း။ အမှိဘူတာ၊ ငါမဟုတ်ဘဲ၊ ငါရုပ်ငါ ယောင်၊ တူစွာဆောင်၍။ မံ၊ငါ့ကို။ ဗာဓယိဿထ၊ သိပ္ပ၍အရှ၊ ကိုက် ကျအောင်၊နှိပ်ရသွယ်သွယ်၊ သူရကက်နှင့်၊အပ၊ကြွေးကျ၊ အလုံးစုံသို့၊ အကုန်မြှုတ်စင်း၊ စံနေရန်အခင်းတို့ဖြင့်၊ ညှဉ်းပမ်းကြကုန်လတံ့။သောခ ဏော၊ ထိုနှင်တို့ကာလ၊ ရှစ်ခဏသည်။ ပုရေဂစ္ဆတိ၊ ရှေ့သို့မကြာ၊ဆိုက်

ရောက်လာလတံ့။ ဟန္တ၊ ယခု။ ဝေါ၊ အနန္တ၊ ပေါက်လဲပေါက်ပြန်၊ ဖြစ်ပျက်မြန်သော၊ ရုပ်နာမ်တရား၊ နှင်နှစ်ပါးတို့ကို။ အပဟ၊ ငါသည်။ ဝစီဿာမိ၊ အနမတဂ္ဂါ၊ သံသရာ၌၊ ခန္ဓာဆက်စပ်၊ ဖြစ်ပျက်ဇာတ်ကို၊ ရုပ်အောင်ရုပ်သိမ်း၊ ညှိမ်းအောင်သဘ်ညှစ်၊ အကုန်ပစ်အံ့၊ စင်စစ်ဤတွင်အရေးတည်း။

## ၃၀-ခရီးသွားဥပမာ

လယ်တီဆရာတော်ဘုရား၏ ရှုပဒီပနီမှ မှတ်စိလည်သော ခရီးသွား ဥပမာကိုဘတ်ရှုပါဦး။ ။ခရီးသွားမျက်စိလည်သူတယောက်သည် ညဉ့်အခါ ဂင်္ဂါမြစ်ရေ၌ မျောချ်လာသော ဖေါင်ဒုက်ကိုရ၍ တက်စီးလေရာ ညဉ့်အခါပင် သမုဒ္ဒရာပြင်သို့ ထွက်မျောရာ ပါလေ၏။ ထိုဖေါင်ဒုက်ကြီးသည် သစ်ကြီးဝါးကြီးလည်းမပါ ကြိုးလွန်ကြိမ်နွယ် အဖွဲ့အယှက်လည်း မရှိ စုမိစုရာ ဆူးအမျိုးမျိုး ငြောင့်အမျိုးမျိုးနှင့်ယှဉ်သော အမှိုက်စုသာ ဖြစ်၏။ တွေ့မိတွေ့ရာကလိုက်ပါလာသော အဆိပ်ထန်သော ပိုးအမျိုးမျိုး မြွေအမျိုးမျိုးနှင့်လည်း ပြည့်၏။ လေ, လှိုင်း, ဝဲနှင့် တချက် တွေ့လျှင်ပင် တဖျင့်တပါး ပျက်ပြားလတံ့သည်လည်းဖြစ်၏။ ထိုသူသည် မဟာသမုဒ္ဒရာမှာ ဆားငံရေအတိဖြစ်၍ ကမ်းမမြင် လမ်းမမြင်ကျယ်သည်။ နက်လည်း နက်သည်။ ငါးလိပ်မကန်းစသော သတ္တဝါများ၏ ဘေးအန္တရာယ်များသည်ကိုလည်းမသိ။ ထိုသူသည်လည်း ညဉ့်မှောင်တွင်းဖြစ်၍ ထိုဖေါ့ဖေါင်ကိုပင် သိကြွားဖန်ဆင်းသော မဟာပစ္စရိဖေါင်ကြီးနှင့် အကျကင်း၍ ချမ်းမြေ့စွာဖြင့် ကျွန်းကောင်းမြို့ကောင်းသို့ ဆိုက်ပေအံ့ဟု အားကိုးမြော်လင့်လျက်ရှိနေ၏။ ညဉ့်အခါတွင်း၌ပင်လျှင်လေဟုန်, လှိုင်းဟုန်, ဝဲဟုန်တို့နှင့်တွေ့၍ ဖရိုဖရဲ ကစဉ့်ကလျား ပျက်ပြားလေရာ တွယ်တာရုံမျှ စမ်းမရသဖြင့် ငါးလိပ်တို့၏အစာ ဖြစ်ရလေ၏။

ဤဥပမာ၌ သာသနာတွင်းဝယ်လူ့အဖြစ်ကိုရသည်နှင့်ဂင်္ဂါမြစ်ကွေ့၌ဖေါ့ဒုက်ရသည်နှင့်တူ၏။ ညဥ့်မှောင်မိုက်သည်နှင့် အဝိဇ္ဇာတူ၏။ ညဥ့်မှောင်မရှိလျှင် ကြောက်လန့်ဘွယ်ဖြစ်သော ဖေါ့ဒုက်ကြီးကိုရင်း၊ ကမ်းမမြင် လမ်းမမြင်ဖြစ်သော မဟာသမုဒ္ဒရာသို့ မျောသွားရသော ဘေးကိုရင်း၊ ဂင်္ဂါမြစ်ကမ်းကိုရင်း တွေ့မြင်ရ၍ဖေါ့ဒုက်ကိုကမ်းရှိရာသို့အရောက်တွန်းကာ ရေဘေး,ဖေါ့ဘေး,ဒုက်ဘေးမှ လွတ်မြောက်အောင် ကြံဖန်အားထုတ်ပေလတံ့။

(၁) ဂင်္ဂါမြစ်နှင့် နိဗ္ဗာန် တူ၏။

(၂) မဟာသမုဒ္ဒရာနှင့် သာသနာပ သံသရာ တူ၏။

(၃) ငါး,လိပ်,မကန်းနှင့် သံသရာဒုက္ခ တူ၏။

(၄) ဖေါ့ဒုက်နှင့် မိမိ၏ ဥပါဒါနက္ခန္ဓာငါးပါး တူ၏။

(၅) ဖေါ့ဒုက်၌ ဆူးငြောင့်စုနှင့် ရောဂါအနာအမျိုးမျိုး တူ၏။

(၆) ဖေါ့ဒုက်၌ စုအောင်းကြသော အဆိပ်ထန်သည့် ပိုးမျိုး မြွေမျိုးနှင့် တထောင့်ငါးရာ ကိလေသာ တူ၏။

(၇) ဖေါ့ဒုက်ကြီး၏ အဖွဲ့အစည်း အားနည်း ပြိုကွဲပျက်စီးလု ဖြစ်သော အခြင်းအရာနှင့် ခန္ဓာငါးပါးဖွဲ့စည်းပုံ တူ၏။

(၈) လေဟုန်,လှိုင်းဟုန်,ဝဲဟုန်နှင့် လောကရှိသော ဘေးပေါင်းစုံ တူ၏။

(၉) ဖေါ့ဒုက်ကြီးကို ဘိကြားဖန်ဆင်းသော ဖေါင်ကြီးဟုထင်မြင်သည်နှင့် မိမိခန္ဓာကိုယ်ကို မြင့်မြတ်သည်ဟု ထင်သော ပုထုဇဉ်နှင့် တူ၏။

(၁၀) ပေါင်ကိုအားကိုးမှား၍ ပေါင်မျောသွားရာ သမုဒ္ဒရာပြင်သို့ ရောက်လေသည်နှင့် ယခုဘဝခန္ဓာကိုအားကိုးအားထား ပြုသဖြင့် သေသည့် အခြားမဲ့ သာသနာပအခါသို့ ရောက်သွားသူနှင့် တူ၏။

(၁၁) ဂင်္ဂါမြစ်ကမ်းအနီး ရေစပ်၌ပင် ပျက်၍သေသူနှင့် သာသနာတွင်း ယခုဘဝပုထုဇဉ်အနေနှင့်သေသူ တူ၏။

(၁၂) ကမ်းမမြင်ရာ သမုဒ္ဒရာအလယ်မှာ ပေါင်ပျက်၍ သေသူနှင့် သာသနာပအနမတဂ္ဂ သံသရာ၌သေကြသမျှနှင့်တူ၏။

ထို့ကြောင့်ယခုဘဝကမ်းစနီး ခိုက်တွင်မိမိခန္ဓာ၏ အသာရ၊နိဿာရ၊ တုစ္ဆ၊ သုညအဖြစ်များကိုမြင်ကြရ၍ ခန္ဓာအလိုသို့မလိုက်ဘဲ ခန္ဓာကိုသာ ကမ်းနီးရာသို့ပါအောင် ဆွဲဆောင်ကြိုးစားအားထုတ်ရပေမည်။

ထင်းစကိုစွဲ၍လောင်သော မီးတောက်သည် ထင်းစထက်ပင် အနှစ်အမာနည်းသကဲ့သို့ ရုပ်ကိုစွဲ၍ဖြစ်ရသော စိတ် စေတသိက်ဟူသော နာမ်တရားတို့သည်လည်း ရုပ်ထက်ပင်အနှစ်အမာနည်းသည်ဟုသိလေ။

ဘော်ပြခဲ့ပြီးသော လယ်ဘီဆရာတော်ဘုရားကြီး၏ ဥပမာသည်ငင်း ဝိတ္တနိဂ္ဂဟ၊ ရူပနိဂ္ဂဟတရားတို့သည်ငင်း ရှေ့ပိုင်းတွင် သတိပေးနှိုးဆော်ခဲ့ခြင်းတို့သည်ငင်း၊ သက္ကာယ အစွဲပြုတ်နိုင်ရန်ကိုသာရှေးရှု၍ ညွှန်ကြားသော တရားများသာဖြစ်ပေ၏။ ။ထိုသက္ကာယ အစွဲတရား တို့သည် လွယ်လွယ်နှင့်ခက်လှပေ၏။ လောက ဥပမာတခုနှင့်လည်း ဘူလှပေ၏။

# ၃၁-ပထွေးနှင့်သား ဥပမာ

သားတယောက်မွေးဘွားခါစအချိန်တွင် လင်ယောကျ်ားသေဆုံးသဖြင့် သားသယ်မအေ မိန်းမမှာ အားကိုးရာမဲ့ဖြစ်၍နောက်အိမ်ထောင်ပြု၏။ နောက်အိမ်ထောင်သည် သဘောကောင်း၏။ သားငယ်ကိုအလွန်ချစ်၏။ သားရင်းကဲ့သို့သဘောထား၍ပြုစု၏။ ထိုသားငယ်သည် အဘေရင်းဟူ၍ပင်မှတ်ထင်နေသဖြင့် အဘေဟုခေါ်၏။ အရွယ် အနည်းငယ်ကြီးပြင်းလာသောအခါ အိမ်နားနီးချင်းတို့ကရင်း လူကြီးသူမတို့ကရင်း ကလေးကိုပြောကြ၏။ ဒီလူဟာ နင့်အဘေအရင်းမဟုတ်ဘူးဟုပြောကြသော်လည်း ကလေးငယ်သည်မယုံကြည်ပေ။ အဘယ်ကြောင့်မယုံကြည်သနည်းဟူမူ ထိုသူက ကလေးကို သားဟုခေါ်၏။ အခြားမိဘများက သားသမီးတို့ကိုပြုစုသည့်နည်းတူ မအောက်တန်းမကျအောင် ပြုစုခြင်းတို့ကြောင့်ပင်တည်း။ သို့သော် လူပြော သူပြောများကြ၍ သူငယ်သည် စိတ်မှာတွေဝေလာ၏။ ဟုတ်ချင်ဟုတ်မှာဘဲဟု သဘောပေါက်လာ၏။ သို့အတွက် မိခင်ကိုမေး၏။ မိခင်သည်မှန်သည့်အတိုင်း အကြောင်း အကျိုးကိုပြောပြ၏။ မင်းဘယ်အရွယ်က မင်းအဘေသေဆုံးခဲ့သည်။ မိခင်မှာ အားကိုးရာမဲ့ဖြစ်နေ၍ နောက်အိမ်ထောင်ပြုရ၏ဟုပြောသောအခါ သူငယ်သည် ချွင်းချက်မရှိယုံကြည်လေ၏။ မည်သူတဦးတယောက်ကဖြစ်စေ ဒီလူဟာ မင်းအဘေအရင်းပါဘဲဟု ပြောပြသော်လည်း ယုံကြည်မှုမရှိနိုင်တော့ပြီ။ အဘယ်ကြောင့်ဆိုသော် အသက်အရွယ် ကြီးပြင်းလာသောအချိန်မှာ စဉ်းစားဉာဏ်ဝင်လာ၍ဖြစ်၏။ ဆွေမျိုးအဆက်အစပ်ရင်းနှီးမှု၊ သူတကာ ဦးကြီး၊ ဦးလေး၊ အဒေါ်သားချင်းတို့ကဲ့သို့ ဟုတ်မဟုတ်ကို ချိန်ဆတတ်လာ၏။ မိခင်ကိုယ်တိုင်က ပြောကြားထားသဖြင့်

ချင်းချက်မရှိယုံကြည်ပြီးဖြစ်သည့်ပြင် သောမျိုးဆိုတာ ဘယ်လိုဆက်ဆံကြတာဘဲဟု ကိုယ်ပိုင်ဉာဏ်နှင့်ဆုံးဖြတ်နိုင်၍ အသိဉာဏ်မှာ ကြည်လင်သန့်ရှင်းသည့်နည်းတူ မွေးမိခင်နှင့်တူလှစွာသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက သားကိုမိခင်က သားရေဒီသူဟာ မင်းအဘေအရင်းမဟုတ်ပါဘူးကွယ်ဟု ပြောသည့်ပမာ။ ။အနတ္တလက္ခဏ သုတ်တွင် ဟောပြတော်မူ၏။ ။

ယံကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ၊ ယံဒူရေသန္တိကေဝါ သဗ္ဗရူပံ နေတံမမ၊ နေသောဟမသ္မိ နမေသော အတ္တာတိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယဒဋ္ဌဗ္ဗံ။ ။

ဤကဲ့သို့ "မင်းတို့ရနေတဲ့ ရုပ်တရားဟာဖြင့် ရှေးရှေးကဖြစ်ခဲ့သမျှနှင့်တကွ နောင်ဖြစ်ရဦးမည့် ရုပ်တရားယော ယခုရရှိနေတဲ့ ရုပ်တရားပါ ဝေးသောရုပ် နီးသောရုပ် သေးငယ်သော ကြီးသော မြတ်သော ယုတ်သော ရုပ်တရားအပေါင်းတို့ကို ငါပိုင်တဲ့ရုပ်ဖြင့် ဘယ်တုံးကဖြစ်ခဲ့၏ဟူ၍ရင်း နောင်ဘယ်သောအခါ ငါပိုင်တဲ့ရုပ်ဖြစ်ဦးမှာဘဲဟူ၍ရင်း ယခုဖြစ်ပျက်မှင့်ရော်နေတဲ့ရုပ်ကြီးဟာ ဘယ်အရွယ်ရောက်လျှင် ဘယ်ဆရာ၏ ခါတ်လုံးကိုရေစိမ်သောက်ရရင်စိုးပိုင်တဲ့ရုပ်ဖြစ်မှာဘဲဟူ၍ရင်း မမျှော်လင့်ပါနှင့်။မှန်ကန်သောပညာအမြင်နှင့်ရှုကြပါ"ဟုမိန့်တော်မူသည်ကို မိခင်၏စကားကို သားကယုံကြည်စွာနှင့် ဧကဂ္ဂတာကျအောင် ဆုံးဖြတ်ပြီးသည့်ပြင် အရွယ်ကြီးလာသော သူငယ်ကလည်း မိမိကိုယ်ပိုင်ဉာဏ်နှင့် ဝေဘန် ဆုံးဖြတ်ဘိသည် နည်းတူ မိမိကိုယ်ကို ဆုံးဖြတ်နိုင်ဘိုပင် ဖြစ်ပါ၏။

# ၃၂-မိမိကိုယ်ကိုဆုံးဖြတ်

မိမိကိုယ်ကို ဘယ်ကဲ့သို့ ဆုံးဖြတ်ပါမည်နည်း။ ။ဆုံးဖြတ်ရမည်မှာ မြတ်စွာဘုရားသခင်ကတော့ ငါထင်နေတဲ့ကိုယ်သည် ရှေးဘဝများက လည်းဖြစ်ခဲ့ဘူးလှုပြီ။ နောင်ကိုလည်း ဖြစ်ရဦးလတံ့။ ယခုရနေတဲ့ ခန္ဓာ သည်လည်း။ သဗ္ဗေ၊ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်။ မမ၊ငါ၏။ သန္တကံ၊ဥစ္စာမဟုတ်။ ဧသော၊ဤခန္ဓာငါးပါး သည်။ မမ၊ငါ၏။ နအတ္တာ၊အလိုသို့မလိုက်ခြင်းသဘောကြောင့် ကိုယ်မ ဟုတ်ကုန်။ ဣတိ၊ဤသို့။ သမ္မပ္ပညာယ၊ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့်။ ဒဋ္ဌဗ္ဗံ၊ရှုအပ်၏။

ဤကဲ့သို့ဟောတော်မူသည်ကို မိမိဉာဏ်ထဲမှာ ကောင်းစွာနှလုံးသွင်း၍ ကောင်းစွာစဉ်းစားပြီးလျှင် ရုပ်တရား၌၎င်း၊နာမ်တရား၌၎င်း ဤခန္ဓာ ငါးပါးသည် မမြဲဟု ထူးခြားစွာသိ၏။ ဆင်းရဲသောသဘောရှိ၏ဟု ထူး ခြားစွာသိ၏။ အစိုးမရဟု ထူးခြားစွာသိ၏။ ဤကဲ့သို့ကောင်းစွာသိမြင် သည်ကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင် သုတမယဉာဏ်ဟုခေါ်၏။

ဤကဲ့သို့ တခဏမျှ ရေတခါသောက်သည့်အချိန်လောက် ဆေးလိပ် မီးညှိနေသည့်အချိန်လောက် နှလုံးသွင်းနိုင်ပါလျှင် နှလုံးသွင်းမိပါလျှင် နှလုံးသွင်းဘူးပါလျှင် ထိုပုဂ္ဂိုလ်သည် ထိုမိန်းမသည် ထိုယောက်ျားသည် ထိုသူသည် မိခင်ဂဗ္ဘအမှန်ကိုပြောခဲ့၍ သွားမှသွင်းချက်မရှိသို့ကြည့်ခဲ့ရာမှ မိမိ၏အသိဉာဏ်နှင့် ဝေဘန်၍သိသာဖြင့် မလှုပ်မယှိုင် ကျောက်တိုင်ကဲ့ သို့ ခိုင်မြဲသည့်အလား ရုပ်နာမ်တို့၏ ဖြစ်ပျက်မစဲ ဖြစ်ပျက်နေသည်ကို မြင်ရသောပုဂ္ဂိုလ်သည် "သက္ကာယဒိဋ္ဌိ"ပြုတ်စပြုနေပေပြီ။ တဖြည်းဖြည်း

ကွာကျဘို့ သေချာပေပြီ။ သစ်ပင်မှအခေါက်သည် ကွာစရှိလျှင် ကွာကျခြင်းအဆုံးရှိပေ၏။ တဘန်ပြန်ကပ်သောအစဉ်အလာမရှိပေ။ ပုဂ္ဂိုလ်တို့သည်လည်း လက္ခဏာဉ်သုံးပါးကို တကြိမ်တခါသဘောပေါက်ရောက်ဘူးပါလျှင် ''အနုလောမခန္တိ''ဉာဏ်ကိုရပြီဖြစ်၍ အလွန်အားကိုးရသောတရားဖြစ်ပေ၏။ ယခုရေးခဲ့သောတရားတို့သည် ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ,အနတ္တဟု ရေးခဲ့သဖြင့် အချို့စာဘတ်သူတို့က တို့မသိတဲ့ဘာသာကိုရေးသည်ဟု မှတ်ကောင်း မှတ်ပေလိမ့်မည်။ ခန္ဓာငါးပါးဆိုသည်မှာ ရုပ်နှင့်နာမ်ကိုခေါ်၏။ ရုပ်နှင့်နာမ်ဆိုသည်မှာ ကိုယ်နှင့်စိတ်ပင်ဖြစ်၏။ ထိုကိုယ်နှင့်စိတ်သည် ငါဟုတ်၏လား။ ငါပိုင်လေသလား၊ မပိုင်လား၊ ငါအစိုးရသလား၊ မရလား။ စဉ်းစားရမည်ဖြစ်ပေ၏။ ဤတရားကား စာဘတ်ပျင်းသော ပုဂ္ဂိုလ်ဘို့အတွက်ရင်း၊ ကမ္မဋ္ဌာန်းထိုင်ရမှာပျင်းသောသူများအတွက်ရင်း မိမိကိုယ်ကို ငါတော့တရားနှင့် ဝေးပါသေးတယ်ဟုထင်နေသော ပုဂ္ဂိုလ်တို့ အတွက်ရင်း၊ တမ္ဗဒါဌိက ခိုးသတ်ယောကျ်ားကဲ့ဘို့ မိမိကိုယ်ကို အားလျှော့နေသောသူများအတွက် အကျိုးများစေသောတရားဖြစ်ပေ၏။

# ၃၃-တမ္ဗဒါဌိကဝတ္ထု

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ရွှေကျောင်း၌ ကိန်းအောင်း မွေ့လျော်တော်မူစဉ်။ တမ္ဗဒါဌိက အမည်ရှိသော ခိုးသတ်ယောကျ်ား ကောင်မှူးသားကို အကြောင်းပြု၍ တခုသော ဓမ္မဒေသနာကို ဟောပြောတော်မူ၏။ တယောက်သုတ် ငါးရာသော သူခိုးတို့သည် ရွာဖျက်ခြင်း အစရှိသည်တို့ကိုပြုလျက် အသက်မွေးကုန်ကြ၏။ ထိုအခါ လုတ်ချင်း လျှိုထွင်းသော ကြောင်မျက်စိ၊ နီသော ကျင်စွယ် ရှိသော

ယောကျ်ားတယောက်သည် ထိုဘယောက်ယုတ် ငါးရာသော သူခိုးတို့ထံသို့လာပြီးလျှင် ငါလည်း သင်တို့နှင့်တကွ အသက်ရှင်အံ့ဟုဆို၏။ ထိုအခါ သူခိုးသူကြီးအားပြ၏။ ဤသူသည် ငါတို့အထံ၀ယ် နေလိုသတဲ့ဟုဆိုကုန်၏။ ယင်းသို့ဆိုကုန်လျှင် ထိုသူကို သူခိုးသူကြီးကြည့်၍ ဤသူသည် အမိ၏သားမြတ်ကိုသော်လည်းဖြတ်၍ အဘ၏လည်ချောင်းသွေးကိုသော်လည်း ထုတ်၍ခဲခြင်းငှါ စွမ်းနိုင်သော အလွန်ကြမ်းကြုတ်သောသူတည်း ဟုသိ၍ ငါတို့ထံ၌ ထိုသူ၏နေခြင်းကိစ္စသည်မရှိဟုပယ်၏။ ယင်းသို့ပယ်သော်လည်း ထိုသူသည် အထပ်ထပ်လာ၍ ခိုးသူကြီး၏ အန္တေ၀ါသိကတယောက်အား ခစားလျက် နှစ်သက်စေ၏။ အန္တေ၀ါသိကလည်း ထိုသူကိုယူလျက် ခိုးသူကြီးကိုကပ်၍ ဤသို့ဆို၏။ အရှင် ဤသူကား ကောင်းသောသဘောရှိ၏။ ငါတို့အား ကျေးဇူးများလတ္တံ့။ ထိုသူကို ချီးမြှောက်ပါဟု တောင်းပန်၍ ၀န်ခံစေ၏။

တနေ့သ၌ မြို့သူမြို့သားတို့သည် မင်းချင်းတို့နှင့် တပေါင်းတည်းပြုလျက် ထိုငါးရာသော ခိုးသားတို့ကို ဘမ်းယူ၍ တရားဆုံးဖြတ်သော အမတ်တို့ထံသို့ ဆောင်ကုန်၏။ အမတ်တို့လည်း ထိုသူတို့အား ထားဖြင့်လည်ကိုဖြတ်ခြင်းငှါ စေကုန်၏။ ထို့နောင်မှ အဘယ်သူသည် ဤသူခိုးတို့ကိုသတ်ခြင်းငှါ တစုံတယောက်သောသူကို မမြင်သောကြောင့် ခိုးသူကြီးကို သင်သည် ခိုးသူငယ်တို့ကိုသတ်၍ မိမိအသက်ကိုငှင်း ဆုလာဘ်ကို ငှင်းရလတ္တံ့။ ထိုသူခိုးငယ်တို့ကို သင်ပင်သတ်လောဟု ဆိုကုန်၏။ ခိုးသူကြီးလည်း မိမိကိုမိ၍နေအပ်သည်၏အဖြစ်ကြောင့် ကိုခိုးသူငယ်တို့ကို သတ်ခြင်းငှါအလိုမရှိ။ ဤသို့သောအကြောင်းဖြင့် တယောက်ယုတ် ငါးရာသော သူခိုးတို့ကိုမေးကုန်သော် အလုံးစုံသောသူတို့ပင် အလိုမရှိကြကုန်။

အလုံးစုံသော သူတို့နောက်မှ ထိုထုတ်ခြင်း လျှိုထွင်းသော ကြောင်မျက်စိနှင့် ကျင်စွယ်နီရှိသော တမ္ဗဒါဠိကကို မေးသောခါ ကောင်း၏ဟု ဝန်ခံ၍ ထိုအလုံးစုံသော ခိုးသူတို့ကိုသတ်သောကြောင့် မိမိအသက်ကို ရှင်း ဆုလာဘ်ကိုရင်းရ၏။ ဤသို့သော အကြောင်းခြင်းရာဖြင့် မြို့၏တောင်အရပ်မှ ငါးရာသော ခိုးသူတို့ကိုလည်းရှေးနည်းအတိုင်းမေးသော် အချင်းချင်း ဦးခေါင်းဖြတ်၍သတ်ခြင်းငှါ အလိုမရှိကြကုန်။ ထိုအခါ ယခင်အချိန်က ယောကျ်ားတယောက်သည် ငါးရာသော ခိုးသားတို့ကို သတ်၏ ထိုသူကား ယခုအဘယ်မှာနည်းဟု မေးကုန်၏။ ဤမည်သော အရပ်၌ ငါတို့မြင်အပ်၏ဟုဆိုလျှင် ထိုသူကိုခေါ်စေ၍ ဤခိုးသူကို သတ်လော့ ဆုလာဘ်ကို သင်ရလတ္တံ့ဟုဆို၍ သတ်စေကုန်၏။ တမ္ဗဒါဠိကလည်း ကောင်းပြီဟုဝန်ခံ၍ ထိုအလုံးစုံသောသူတို့ကိုသတ်သော်ဆုလာဘ်ရ၏။ ထိုအချိန်မှစ၍ တမ္ဗဒါဠိကကို ဤယောကျ်ားကား လူသတ်ကောင်းဖြစ်၏။ မပြတ်လျှင် ခိုးသတ်အမှုကို ထိုသူအား ဝန်ပြုစေအံ့ဟု တိုင်ပင်၍ တမ္ဗဒါဠိကအား ခိုးသတ်ရာထူးကိုပေးပြီးလျှင် မြတ်နိုးခြင်းပြုကုန်၏။ တမ္ဗဒါဠိကသည် မြို့၏အနောက်အရပ် မြောက်အရပ်မှဆောင်အပ်ကုန်သော ငါးရာသော ခိုးသူတို့ကိုလည်း သတ်သည်သာလျှင်တည်း။ ဤသို့ မြို့၏လေးမျက်နှာမှ ဆောင်အပ်ကုန်သော နှစ်ထောင်သော ခိုးသူတို့ကိုသတ်ပြီးလျှင် ထိုအခါမှစ၍ နေ့တိုင်းနေ့တိုင်း ဆောင်အပ်ကုန်သော တယောက်၊ နှစ်ယောက်၊ သုံးယောက်စသောခိုးသူတို့ကိုလည်းသတ်၍ ငါးဆယ့်ငါးနှစ်တို့ပတ်လုံး ခိုးသတ်အမှုကိုပြု၏။

တမ္ဗဒါဠိကသည် ဖိုမင်း ကြီးရင့်လာသောအခါ တချက်ချင်းဖြင့် ဦးခေါင်းကိုဖြတ်ခြင်းငှါ မစွမ်းနိုင်ရကား နှစ်ကြိမ် သုံးကြိမ်တိုင်ဖြတ်ရသည်ဖြစ်၍ လူတို့သည် ပင်ပမ်းကြ၏။ ဤသူကား လူတို့ကိုအလွန်ပင်ပမ်း

စေ၏ဟု တမ္ဗဒါဋ္ဌိကအား ခိုးသတ်ရာထူးမှပယ်ကုန်၏။ တမ္ဗဒါဋ္ဌိကသည် ရှေး၌လူသတ်အမှုကို ပြုရသောကြောင့် အစာမချေသော ပုဆိုးကို ဝတ်ခြင်းငှါရင်း၊ ဆီဦးသောပတ်ဖြင့် နို့ရည်ရာဂုကိုသောက်ခြင်းငှါရင်း မလေးပန်းတို့ကို ပန်ဆင်ခြင်းငှါရင်း နံ့သာတို့ကိုလိမ်းခြင်းငှါရင်း ဤလေးပါးတို့ကို မရကုန်။

တမ္ဗဒါဋ္ဌိကသည်အရာကျသောနေ့၌ နို့ရည် ရာဂု အစာချေပြီးပုဆိုး မုလေးပန်း နံ့သာပျောင်း ဤလေးပါးတို့ကို မြစ်သို့သွား၍ ရေချိုးပြီးလျှင် ကောင်းမွန်စွာဝတ်လျက် ပန်းပန်ပြီးနောက် နံ့သာပျောင်းကိုလိမ်းလျက် ထောပတ်သစ်ဖြင့် စိရင်အပ်သော နို့ရည် ရာဂုတို့ကို ရှေ့မှာထားပြီးလျှင် လက်ဆေးရေတို့ကို ဆောင်ကုန်၏။

ထိုခဏဝယ် ရှင်သာရိပုတ္တရာ မထေရ်သည် သမာပတ်မှထ၍ အဘယ်အရပ်သို့ ငါသွားအပ်သနည်းဟု ဆွမ်းခံရာကို ကြည့်လတ်သော် တမ္ဗဒါဋ္ဌိကသည် နို့ရည်ရာဂုကိုလှူသဖြင့် နတ်ရွာသုဂတိကိုရ၍ ရှေးအတိတ်ကာလက သာသနာတော်တွင်းဝယ် ရုပ်နာမ်ကို လက္ခဏာတင်၍ ရှုဆင်ခြင်ခဲ့ဘူးသော (ဥပနိဿယ) ကို မြင်တော်မူ၏။ တဖန် ငါ့အား ထိုယောကျ်ားသည် ချီးမြှောက်ခြင်းငှါ တတ်နိုင်ပါမည်လောဟု ဆင်ခြင်ပြန်သော် ငါ့ကိုမြင်က ငါ့အား ချီးမြှောက်ခြင်းကိုပြုလတ္တံ့။ ပြုလျှင်ကား ဤအမျိုးသားသည် များစွာသော စည်းစိမ်ကိုခံစားရလတ္တံ့ဟု သိတော်မူသောကြောင့် သင်္ကန်းကိုရုံပြီးလျှင် သပိတ်ကိုပိုက်လျက် တမ္ဗဒါဋ္ဌိက၏ အိမ်တံခါး၌ ရပ်တော်မူလေ၏။

တမ္ဗဒါဋ္ဌိကလည်း မထေရ်ကိုမြင်၍ ကြည်လင်ရွှင်လန်းသောစိတ်ရှိရကား ငါသည် ကြာမြင့်စွာသော ကာလပတ်လုံး ခိုးသတ်အမှုကို ပြုခဲ့၏။

များစွာသောလူတို့ကို သက်ဖြတ်ခဲ့၏။ ယခုအခါ ငါ၏အိမ်၌ ရာဂုကိုစီရင်အပ်ပြီ။ မထေရ်လည်း ကြွလာ၍ ငါ၏အိမ်တံခါး၌ရပ်၏။ ယခုအခါ ငါသည် မတောရ်မြတ်အား ဒေယျဓမ္မတို့ကို လှူခြင်းငှါသင့်၏ဟုကြံ၏။ ယင်းသို့ကြံပြီးမှ ရှေ့တွင်တားအပ်သော ယာဂုကို ယူဆောင်၍ မထေရ်သို့ကပ်ပြီးလျှင် ရှိခိုးလျက် အိမ်တွင်း၌ သိတင်းသုံးရန် ဘိတ်ကြား၏။ သပိတ်ထဲ၌ ယာဂုကိုထည့်ပြီးလျှင် အသစ်သောထောပတ်ကို လောင်းပြီးသော် မထေရ်ကို ယပ်ခပ်လျက်နေ၏။ ထိုစဉ် တမ္ဗဒါဌိကအား များစွာသော နေ့ညဉ်တို့ပတ်လုံး နို့ရည်ယာဂုကို မသုံးဆောင်ရဘူးသည်၏အဖြစ်ကြောင့် နို့ရည်ယာဂုကိုသောက်ခြင်းငှါ အားကြီးစွာသော တပ်မက်ခြင်းသည်ဖြစ်၏။

မထေရ်လည်း တမ္ဗဒါဌိက၏ အလိုဆန္ဒကိုသိ၍ ဥပါသကာ၊သင်လည်း နို့ရည်ယာဂုကို သောက်လော့ဟု မိန့်တော်မူ၏။ တမ္ဗဒါဌိကလည်း ယပ်ကို တပါးသူ၏လက်သို့ပေး၍ ယာဂုကိုသောက်၏။ မထေရ်လည်းယပ်ခပ်သော ယောကျ်ားအား တမ္ဗဒါဌိက ဥပါသကာကို ယပ်ခပ်ပေးချေဟု မိန့်ဆိုတော်မူ၏။ တမ္ဗဒါဌိကလည်း ယပ်လေခံလျက် ဝမ်းပြည့်အောင် ယာဂုကိုသောက်ပြီးသော် မထေရ်အား ယပ်ခပ်လျက်နေ၏။ဆွမ်းကိစ္စပြီးသော် ရှင်သာရိပုတ္တရာမထေရ်လည်း ထိုသူအား တရားအနုမောဒနာကို ပြုတော်မူ၏။

တမ္ဗဒါဌိကသည် ၎င်း၏စိတ်ကို မထေရ်၏ဓမ္မဒေသနာသို့ အစဉ်လိုက်ခြင်းငှါမတတ်နိုင်။ မထေရ်သည်လည်း ထိုသူ၏ အခြင်းအရာကိုသိမြင်၍ ဥပါသကာ အဘယ်ကြောင့် စိတ်ကို ဒေသနာသို့ အစဉ်လိုက်ခြင်းငှါမတတ်နိုင်သနည်းဟု မေးတော်မူ၏။ အရှင်ဘုရား တပည့်တော်ကား ရှည်စွာ

သော နေ့ညဥ့်ပတ်လုံး ကြမ်းကြုတ်သောအမှုကို ပြုခဲ့သည်ဖြစ်၏။ များစွာသောသူတို့ကို သတ်ဖြတ်ခဲ့၏။ မိမိကိုယ်တိုင်ပြုကျင့်ခဲ့သည့် မကောင်းမှုကို အောက်မေ့သည်ဖြစ်၍ စိတ်ကို အရှင်ဘုရားဟောကြားသော ဒေသနာတော်သို့ အစဉ်လိုက်ခြင်းငှါ မတတ်နိုင်ပါဟုလျှောက်၏။ မထေရ်လည်း ထိုသူကို ပရိယာယ်လုပ်အံ့ဟု ကြံတော်မူ၍ ဥပါသကာ သင်သည် မိမိအလိုအားဖြင့်ပြုသလော။ တပါးသူက စေခိုင်းအပ်သည်ဖြစ်၍ ပြုသလောဟု မေးတော်မူ၏။ အရှင်ဘုရား မင်းသည် တပည့်တော်ကိုပြုရန်ခိုင်းစေ၏ဟု လျှောက်သော် ယင်းသို့တပြီးကား ဥပါသကာ သင့်အားမကောင်းမှုဖြစ်ရာသလောဟု မိန့်တော်မူ၏။ တမ္ဗဒါဌိကသည်ပညာနည်းသောသဘောရှိရကား မထေရ် ဤသို့ဆိုလာမျှနှင့် ငါ့အားမကောင်းမှုမရှိဟုထင်ကာ ယင်းသို့တပြီးကား အရှင်ဘုရား တရားတော်ကို ဟောတော်မူပါဟု လျှောက်လေ၏။

မထေရ်သည် အနုမောဒနာပြုအပ်သည်ရှိသော် တမ္ဗဒါဌိကမှာ တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ တရားတော်ကို နာကြားလျက် သောတာပတ္တိမဂ်အတွင်းမှ (အနုလောမိကခန္တိ) ဝိပဿနာဉာဏ်ကို ဖြစ်စေ၏။ ရှင်သာရိပုတ္တရာမထေရ်လည်း အနုမောဒနာပြု၍ ကြွတော်မူ၏။

ဥပါသကံ ထေရံ အနုဂန္တွာ နိဝတ္တမာနံ ဂေါယက္ခိနီ ဓေနု
ဝေသေန အာဂန္တွာ ဥရေပဟရိတွာ မာရေသိ။

(ဓမ္မပဒအဋ္ဌကထာ)

ထေရံ၊သာရိပုတ္တရာမထေရ်ကို။ အာဂန္တွာ၊လိုက်ပို့၍။ နိဝတ္တမာနံ၊ပြန်သော။ ဥပါသကံ၊တမ္ဗဒါဌိကဥပါသကာကို။ ဂေါယက္ခိနီ၊ဘီလူးမတယောက်သည်။ ဓေနုဝေသေန၊နွားမ၏အသွင်ဖြင့်။ အာဂန္တွာ၊လာ၍။ ဥရေ၊ရင်၌။ပဟရိတွာ၊ပုတ်ခတ်၍။ မာရေသိ၊သတ်၏။ တမ္ဗဒါဌိကသည် သေ၍ တုသိတာ နတ်ပြည်၌ ဖြစ်လေ၏။

ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ခိုးသတ်ယောကျ်ားကား ငါးဆယ်ငါးနှစ်တို့ပတ်လုံး ကြမ်းကြုတ်သောအမှုကိုပြု၍ ယနေ့ပင် ခိုးသတ်အမှုမှလွတ်၏။ ယနေ့ပင်သာရိပုတ္တရာမထေရ်အား ဆွမ်းလှူ၏။ ယနေ့ပင် သေရှာပြီ။ အဘယ်အရပ်မှာ ဖြစ်လေသနည်းဟု စကားဖြစ်ကုန်၏။ ဘုရားမြတ်စွာ ကြွလာတော်မူ၍ တမ္ဗဒါဌိက အကြောင်းကို လျှောက်သော် ချစ်သားတို့ တမ္ဗဒါဌိကကား တုသိတာနတ်ပြည်၌ ဖြစ်၏ဟု မိန့်တော်မူ၏။

ဓမ္မပဒအဋ္ဌကထာ၌ ဤမျှသာပါ၏။ အကျယ်မပါပေ။ ဆွမ်းလှူသော အကျိုးနှင့် မဂ်ဉာဏ်၏အတွင်း အနုလောမိကခန္တိ ဝိပဿနာဉာဏ်သို့ ရောက်စေနိုင်သော ဓမ္မဒေသနာတော်ကို ယခုအခါ ဆွမ်းလှူကြသော ဥပသကာ ဥပသိကာတို့သည် သိအပ် နားလည်အပ် နှလုံးသွင်းအပ်လှ ပေ၏။ ယခုအခါ ဆွမ်းလှူသော အလှူရှင်တို့သည်ရဟန်းတပါး ဆယ်ပါး တရာ နှစ်ရာမျှပင်မက များပြားစွာလှူဒါန်းကြပေ၏။

## ၇၄-အထူးနှလုံးသွင်းရန်

အထူးနှလုံးသွင်း၍ ဤစာကိုဘတ်ရန်တိုက်တွန်းလိုပေသည်။ ။တမ္ဗဒါဌိကသည် ဆွမ်းလှူ၍ အနုလောမိကခန္တိ ဝိပဿနာဉာဏ်သို့ ရောက်ခြင်းမှာမွန်မြတ်သောဆွမ်းကို ရဟန္တာမထေရ်မြတ်အား လှူကာမျှဖြင့် ဤဝိပဿနာဉာဏ်သို့ ရောက်ရခြင်းမဟုတ်ပေ။ စင်စစ်သော်ကား ဆွမ်းကိုအကြောင်းပြု၍ ယခုအခါ ဆွမ်းလှူသောအကျိုး ရေစက်ချသောပုဂ္ဂိုလ်တို့ အနုမောဒနာ ပြုသည်နည်းတူ ဣမံ ဒါန ဝတ္ထုံ ခယဓမ္မံ၊ ဝယဓမ္မံ၊ အယမ္ပိ ဒါယကော ခယဓမ္မော ဝယဓမ္မော၊ ပဋိဂ္ဂဟကောပိ ခယဓမ္မော ဝယဓမ္မော ဟူသော ဆွမ်းသည်၎င်း ဆွမ်းလှူသောဒါယကာတို့သည်၎င်း အလှူခံသော ပုဂ္ဂိုလ်တို့သည်၎င်း မြဲသောသဘောမဟုတ်ကုန်။ ပျက်စီး ကုံခမ်းတတ်ကုန်၏။ ပျက်စီးတတ်သောသဘောသည် ဆင်းရဲခြင်းတရား

ပင်တည်း။ ပျက်စီးတတ်သောသဘော ဆင်းရဲသောသဘော တို့ကို တည်တန့်ခိုင်မြဲအောင် ချမ်းသာအောင် ပြုပြင်ဆောက်တည်ခြင်းငှါ အစိုးမရ အလိုသို့လိုက်ခြင်းငှါ မတတ်နိုင်ခြင်းတို့ကြောင့် ဤဆွမ်းနှင့်တကွသော အလှူခံ ပုဂ္ဂိုလ်များသည်၎င်း အလှူပေးပုဂ္ဂိုလ်တို့သည်၎င်း ကုိခမ်းပျက်စီးခြင်းသဘောမှ မလွန်နိုင်ပေ။ ဖြစ်ခြင်းပျက်ခြင်းသဘောမှ မလွန်နိုင်ပေ။ ရုပ်တရားသည်၎င်း ပြုပြင်တတ် ကောင်းမကောင်းကို သိတတ် စံစားတတ် မှတ်တတ်သော နာမ်တရားတို့သည်၎င်း ဘယ်သောအခါကမျှ စိတ်ချလက်ချ မပျက်မစီး မသေမပျောက်နေခဲ့ရသည်ဟူ၍ မရှိခဲ့လေပြီ။နောင်တွင်လည်း ဘယ်သောအခါ ဘယ်သို့သောဘဝတွင် တည်တန့်ခိုင်မြဲ မသေမပျောက်သောခန္ဓာ ရလိမ့်မည်ဟူ၍ မျှော်လင့်ဘွယ်မရှိပေ။

ယခုရရှိနေသော ခန္ဓာသည်လည်း ငယ်ရာမှ ကြီး၍လာခဲ့လေပြီ။ အိုခြင်း သေခြင်းကား ပြေး၍ ရှောင်၍ ပုံး၍မလွတ်နိုင်။ ဤကဲ့သို့ ပဋိသန္ဓေနေ၊ အို၊ နာ၊ သေအဖြစ်နှင့်သာလျှင် မူးမူးမေ့မေ့နေခဲ့ကြရလေ၏။ယနေ့သည်ကား ဤဆွမ်းကိုအကြောင်းပြု၍ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ကို နှလုံးသွင်းမိပါ၏။ ကောင်းစွာထင်ထင် သိမြင်ပါ၏။ ထိုအိုခြင်း နာခြင်း သေခြင်းတရားတို့ကို မနှစ်သက်ပါ၏။ ငြီးငွေ့ပါ၏။ စက်ဆုပ်ပါ၏။ အိုခြင်း နာခြင်း သေခြင်းတရားတို့၏ ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သောနိဗ္ဗာန်ကို အလိုရှိပါ၏။ မျက်မှောက်ပြုလိုပါ၏ဟု သတိနှင့်တကွ အသိဘရားနှင့်ပါ ထိုအနုမောဒနာပြုသော အချိန်တွင် ကောင်းစွာအာရုံပြုနိုင်ခြင်းကိုပင် "အနုလောမိကခန္တိ" ဝိပဿနာဉာဏ်ဟုခေါ်ပေ၏။

## ၇၅-ခန္တိဉာဏ်

ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဘာသာပြန်မှ ၄၁-ခန္တိဉာဏ်အကျယ်ပြခြင်း

အိုခြင်း၊ သေခြင်း၊ ဇရာ၊ မရဏကို အနိစ္စအားဖြင့်သိ၏။
အိုခြင်း၊ သေခြင်း၊ ဇရာ၊ မရဏကို ဒုက္ခအားဖြင့်သိ၏။
အိုခြင်း၊ သေခြင်း၊ ဇရာ၊ မရဏကို အနတ္တအားဖြင့်သိ၏။

သိသမျှသောတရားတို့ကို နှစ်သက်၏။ ဤသို့သိသည်၏အဖြစ်ကြောင့် ပေါ်ပေါက်လာသောပညာသည် ခန္တီဉာဏ်မည်၏။

တမ္မဒါဠ္ဌိကအားဆွမ်းကိုအကြောင်းပြု၍ အရှင်သာရိပုတ္တရာမထေရ် မြွတ်သည် ဆွမ်း၏ ကုံခမ်းချုပ်ဆုံးတတ်သောသဘော အလှူခံနှင့် အလှူ ပေး ပုဂ္ဂိုလ်တို့သည်လည်း ချုပ်ပျက်တတ်သောသဘော။ ဇရာ,မရဏဟူ သော အိုခြင်း သေခြင်းတို့မှ မကင်းနိုင်သော အကြောင်းတရားတို့ကို ဟောတော်မူသည်တွင် အာရုံအစဉ်လိုက်နိုင်၍ နှလုံးသွင်း သဘောပေါက် ပြီးလျှင် မမြဲသော အနိစ္စလက္ခဏာကိုရင်း မမြဲသောသဘောတရားသည် ချမ်းသာကို မဆောင်ကုန် ဒုက္ခကိုသာလျှင် ဆောင်တတ်ကုန်၏ဟူ၍ရင်း မပြဲသောသဘော ဆင်းရဲသောသဘော မဖြစ်ပါစေလင့် အစဉ်သဖြင့် ချမ်းသာပါစေဟု ဆောက်တည်ခြင်းငါ အစိုးမရခြင်းတို့ကိုရင်း ကောင်း စွာမြင်ပေ၏။ ဤကဲ့သို့ အာရုံ ကြည်လင်စွာနှင့် မှတ်မှတ်ရရ ထင်ထင် လင်းလင်း သတိသမာဓိနှင့်မြင်သော လက္ခဏာတရားတို့သည် ပျောက် ကွယ်၍သွားခြင်းမရှိပြီ။ တနေ့ထက်တနေ့ တဘဝထက် တဘဝ အသိ ဉာဏ် ရင့်ကျက်၍ တိုးတက်ခိုင်မြဲလျက်သာရှိပေ၏။

တမ္မဒါဠ္ဌိကသည် တုသိတာ နတ်ပြည်သို့ရောက်၍ ဘယ်ဘဝကလာခဲ့ ရသနည်းဟု ကြည့်လပ်သော် သူ၏ အလုပ်ဝတ္တရားဖြင့် ပြုလုပ်ခဲ့ရသည်ကို မြင်၍ အံ့သြဘွယ်ဖြစ်နေလေ၏။ ဆက်လက်၍ ကြည့်လပ်သော် ရှင်သာရိ ပုတ္တရာ မထေရ်မြတ်၏ ဆွမ်းအနုမောဒနာကို အာရုံပြု၍ အနုလောမိက ခန္တီဉာဏ် ရောက်ခဲ့ရပုံကို သတိရသည်တွင် ကြည်လင်ထက်မျက်သော နတ်တို့၏ အသိဉာဏ်ဖြင့် အာရုံပြု၍ရှုလပ်သော် ချက်ခြင်းပင် မဟာ သောတာပန်အဖြစ်သို့ ရောက်လေပြီဟု ဓမ္မပဒဝတ္ထုတွင် ပါရှိပေ၏။

ဤဝတ္ထုကို ထည့်သွင်းဖော်ပြရခြင်းမှာ ဝတ္ထုကြောင်းသိရရုံသဘော မျှမဟုတ်ပေ။ယခုအခါ ဗုဒ္ဓဘာသာဝင်တို့သည် ဆွမ်း၊သင်္ကန်း၊ကျောင်း၊

ဆေး၊လေးပါးသောပစ္စည်းတို့ကို လှူကြ တန်းကြ ပေးကမ်းစွန့်ကြဲကြခြင်းမှာ သင်္ဃာတော်များတွင် ပြည့်စုံရှိမျှမက ပိုနေပါသေးသည်။ ကျောင်းကန်တို့၌လည်း နေမည့်ပုဂ္ဂိုလ် မရှိလောက်အောင် ပေါများကာ ပိုမိုနေပါသေး၏။ ဤမျှလောက် စေတနာထက်သန်သူ ပေါများပါ၏။ ထိုတို လှူသောအခါမှာလည်း သင်္ဃာတော်တို့သည် အထက်ဖေါ်ပြပါ အနုမောဒနာပြုကြပေ၏။ အနုမောဒနာမပြုသောအလှူဟူ၍ မရှိကြပေ။ သို့သော် အလှူပေး ပုဂ္ဂိုလ်တို့သည် အနုမောဒနာပြုရာတွင် အရေးကြီးလှသောအပိုင်း အာရုံပြုရမည်ဖြစ်သော အချိန်ကာလ ခဏလောက်မျှနှလုံးသွင်းရမည်ဖြစ်သော တရားသားကို ဂရုစိုက်သတိထားမိသူတို့ကား နည်းပါးလှပေ၏။

ထိုအနုမောဒနာ အရေးကြီးပုံ အဘိုးတန်ပုံ အဆစ်အပိုင်းကျပုံ အနှစ်အသားရှိပုံတို့ကိုသိသော အလှူပေးပုဂ္ဂိုလ်တို့သည်ကား ထိုအနှစ်အသားတရားတို့ကို ဂရုပြုကြကုန်၏။ အရယူကြကုန်၏။ ဥပနိဿယကို ရကြကုန်၏။ မဂ်အခြေ ဖိုလ်အခြေ နိဗ္ဗာန်အခြေစိုက်မိကြကုန်၏။ တမ္ဗဒါဌိကရရှိသော လောကီအကျိုး လောကုတ္တရာအကျိုးကဲ့သို့ ရရှိနိုင်ပေ၏။ ဤကဲ့သို့ သဒ္ဓါဗိုလ် သတိဗိုလ် ဝီရိယဗိုလ် ပညာဗိုလ် သမာဓိဗိုလ်နှင့် ပြည့်စုံသော အခိုက်အတန့်တွင် ကုသိုလ်စေတနာသည် ဗောဓိပက္ခိယတရားနှင့် ညီညွတ်နေပေ၏။ ဒုတိယပိုင်းအစမှာ မှတည်ခဲ့သော စက်လေးပါးတွင် သပ္ပုရိသုပနိဿယနှင့် အတ္တသမာပဏိဓိစက်ကိုလည်းပြီးစီးပြည့်စုံပေ၏။

ဤအနုလောမိကခန္တိဉာဏ် အဆင့်အတန်းသည် သောတာပတ္တိ မဂ်ဉာဏ် မဟုတ်သေးပေ။ သို့သော် အရဏ်တက်သောအချိန်သည် နောက်မကြာမီ နေထွက်တော့မည်မှာ သေချာသကဲ့သို့အနုလောမိကခန္တိဉာဏ်၏ နောက်မှာ တက်ချပ်မကွာပင်ဤဘဝတွင်သော်ငင်း ဒုတိယဘဝတွင်သော်ငင်း သောတာပတ္တိမဂ်ဉာဏ်သို့ ဆိုက်ရောက်ရမည့် အကြောင်းကို တမ္ဗဒါဌိကဝတ္ထုဖြင့် သိအပ်ပေ၏။

တမ္ဗဒါဠ္ဌ ိကၡ အနိစ္စ ဒုက္ခ အနတ္တဟူ၍ အလှူဝတ္ထု အလှူခံ အလှူပေး ပုဂ္ဂိုလ်သုံးမျိုးလုံးအပေါ်၌ ထင်မြင်ခြင်းသည် သုံးလောကလုံးကို သိမ်းကြုံး၍ ထင်မြင်ခြင်းပင်ဖြစ်ပေ၏။ အလှူဝတ္ထု အလှူခံ အလှူပေး ပုဂ္ဂိုလ်တို့မှာ မမြဲခြင်း သဘော ဘောက်ပြန်ခြင်း ပြုပြင်ပျက်စီးခြင်းသဘောတို့ကို ထင်မြင်ခြင်းသည် အနိစ္စ ဒုက္ခ အတ္တနဟူ၍ သုံးပါးသော လက္ခဏာကို ထင်မြင်ခြင်းပင်ဖြစ်ပေ၏။

# ၃၆-ငါပိုင် သူပိုင် ပုဂ္ဂိုလ်မဟုတ်

ငါပိုင်သူပိုင်ပုဂ္ဂိုလ်သတ္တဝါမဟုတ်ကြဘူးဟု စိတ်၌တင်မြင်လာအောင် ကြိုးစားရပေမည်။ ငါကိုယ် ငါဟုမှတ်ခဲ့သော သက္ကာယဒိဋ္ဌိသည် သားနှင့်ပထွေး ဥပမာကဲ့သို့ မမေ့မပျောက်နိုင်အောင် ပတွေးဟူ၍ ယုံကြည်သိမြင်ခြင်းဖြစ်လာလျှင်သက္ကာယဒိဋ္ဌိသည် ကွာစပြုပေ၏။ ထိုသက္ကာယဒိဋ္ဌိအမြင်ကျယ်ကာအသိဉာဏ်ရင့်သန်လာလျှင်ဝတ္ထုပစ္စည်းသည်မြဲ၏။ ပုဂ္ဂိုလ်သည် မြဲ၏။ဟု မှတ်ထင်ဘွယ်ရာအကြောင်းကားကြာလေဝေးလေ သိလေဝေးလေပင်ဖြစ်ပေ၏။ အကြောင်းသော်ကား အသိဉာဏ်နှင့်သတိရှိပြီးသော ပုဂ္ဂိုလ်တို့သည် မိမိ၏ရုပ်တရားသည်ငှင်း နာမ်တရားသည်ငှင်း ဖေါက်ပြန်ပျက်စီးတတ်ခြင်း သတ္တဝါတို့သည် သုခကိုသာအမြဲအလိုရှိ၍နေကြသော်လည်း မရရှိနိုင်ခြင်းတို့ကို လက်တွေ့ဖြစ်သဖြင့် သိထားသော အသိဉာဏ်သည်ငှင်း တဒင်္ဂမျှပယ်အပ်ပြီးသော သက္ကာယဒိဋ္ဌိသည်ငှင်း တနေ့ထက်တနေ့ ရင့်ကျက်လာမည်မှာ ဓမ္မတာသဘောပင် ဖြစ်ပေ၏။

ထိုကဲ့သို့ အသိဉာဏ်နှင့်ပယ်အပ်သော တရားကို ပယ်နိုင်ခြင်းသည် တရားနာရုံမျှနှင့် ဟောသောတရားကို အစဉ်လိုက်၍ တခဏမျှ အသိတရားနှင့် ပဲုတ္တရက်ပယ်လိုက်ခြင်းအကျိုးမျှသာဖြစ်ပေ၏။ ။တဖန် ထိုအသိတရားကို မမေ့အပ်သည် အားလျှော်စွာ တိုးပွါးခိုင်မြဲစေခြင်းငှါ ည

အိပ်ကာနီးဖြစ်စေ အားလပ်သည့်အချိန်ဖြစ်စေ တခဏမျှသော်ငြားနာရီ ဝက် တနာရီမျှသော်ငြား လေ့လာအာရုံပြု အလုပ်လုပ်ပါလျှင် ဤဘဝ မှာပင် သောတာပန်အစစ်ဖြစ်ရန်အလွန်နီးစွာသောအကြောင်းရှိပေ၏။ ထိုကြောင့်ပင်လျှင် မိမိ၏ ပဉ္စက္ခန္ဓာဟူသောကိုယ်နှင့် စိတ်ကိုမမြဲခြင်းသ ဘောဆင်းရဲခြင်းသဘော အစိုးမရခြင်း သဘောတို့ကို အကြိမ်ကြိမ် ပွါး များအပ်ကုန်၏ဟု မြတ်စွာဘုရားသည်သားတော် ရာဟုလာကိုလေးလေး နက်နက် ဟောတော်မူပေ၏။

# ၃၇-ပုဂ္ဂိုလ်တဦး ကိုယ်တွေ့

ထိုမှတပါးလည်း ပုဂ္ဂိုလ်တဦးကိုယ်တိုင်အားထုတ်၍ တွေ့ရှိအပ်သော ဖြစ်ခြင်း ပျက်ခြင်းနှင့်ပတ်သက်၍ နှလုံးသွင်းခြင်းကို ဖေါ်ပြလိုပေ၏။ တချိန်သောအခါ ဆိတ်ငြိမ်ရာ ကျောင်းခန်းအတွင်းတွင် ထုံးစံအတိုင်း ထိုင်ပြီးသော် ဝင်လေထွက်လေကို ရှုမှတ်ကာအကြိမ်များစွာပြု၍အရှိန် အတော်အတန်ကောင်းနေပေ၏။ တခါသော် ကမ္မဋ္ဌာန်းဆရာတော်၏ ညွှန်ကြားချက်အတိုင်းပြုလုပ်ရ၏။ အဘယ်သို့နည်းဟူမူ(ငယ်ထိပ်)ကို ရှု နေပါဟုပြော၏။ ငယ်ထိပ်ကို ရှုနေရလေ၏။ ထင်မြင်သောအကြောင်း အရာတို့ကို ပြန်ကြားသောအခါ မဟုတ်သေး မဟုတ်သေးဟူ၍သာပြော သဖြင့် ရက်အနည်းငယ်ကြာသည့်တိုင် အဘယ်ကဲ့သို့ ရှုရမည်ဟူ၍ကား လုံးဝညွှန်ကြားခြင်းမပြုပေ။ မည်သူ့ကိုမျှလည်းနည်း မညွှန်း။ မည်ကဲ့သို့ ရှုရမည်ဟူသော နည်းလမ်းကိုလည်း ညွှန်ကြားလေ့မရှိ။ သို့အတွက် ကြောင့် ဘာကိုရှုကြည့်ရမည်ဟု မိမိကိုယ်တိုင် မစဉ်းစားတတ်အောင်ရှိနေ ပေ၏။

အထူးသဖြင့် မှာကြားပါသေး၏။ မှာကြားသည်ကား "ငယ်ထိပ်" ကိုသာရှုနေပါ။ ထွက်လေ ဝင်လေကိုလည်း မရှုပါနှင့်။ စာထဲပေထဲက ဘတ်ဘူး မှတ်ဘူးထားတာတွေလည်း မစဉ်းစားပါနှင့် သူ၏သဘာဝအ

တိုင်း မြင်လာပါလိမ့်မည်ဟု ညွှန်ကြားထား၏။ ညွှန်ကြားထားတိုင်းပင် အလုပ် လုပ်နေလေ၏။လေးငါးရက်ကြာပြီး တနေ့သောနံနက်၃—နာရီ အချိန်လောက်တွင် ဆရာတော်၏ မှာကြားသည့်အတိုင်း "ငယ်ထိပ်"ကို သာ အာရုံစိုက်နေသောအခါ ဥက္ကောင်းတခုလုံးမှာ ပွလာသလို ဘိညှပ် လိုက်သလိုတွေ့လာရ၏။ထိုမျှမက တကိုယ်လုံး ရှိန်းကနဲ ဖြန်းကနဲ ကြော ပြင်တပြင်လုံးနှင့် လက်မောင်းရင်းမှ လက်ဖျားရောက်အောင် အောက် ပိုင်းတခုလုံးမှ ခြေဖျားရောက်အောင် ဓါတ်ကြိုးနှင့် ထိထားပြီးလျှင် ဓါတ်ကို ဖွင့်လိုက်ပိတ်လိုက် လုပ်နေသလိုဖြစ်နေ၏။ ရင်အုံအတွင်းမှလည်း ဘဝင်လှုပ်ရှားနေသောအသံသည် ဝုန်းဝုန်းဒိန်းဒိန်းနှင့် ဆူဆူညံညံ အ သံဖြစ်နေသည်ကိုတွေ့ရပေ၏။ ယားရှကုပ်လိုက်လျှင်ပင် အာရုံလျော့ပါး သလောက် လှုပ်ရှားမှုမှာလည်း မထင်ရှားတော့ပေ။ အာရုံပြန်၍ တည် ငြိမ်မှသာလျှင် ထင်ရှားတွေ့နိုင်ပေ၏။

သို့သော် ဘဝင်ခုံ၍နေသည်ကိုကား အနည်းငယ်မျှ ဂရုစိုက်လျှင်ပင် အလိုလိုသိရပါ၏။ ထိုမျှသိရုံနှင့်ကား စကားလုပ်၍ ပြောရန်မဟုတ်ပြီ။ အလွန်ထင်ရှားစွာတွေ့ရခြင်းဖြင့်သာလျှင် ရုပ်တရား၏ဖြစ်ပျက်ပုံကို စိတ် ဝင်စားလောက်ပေ၏။ စိတ်ဝင်စားဘွယ်ကောင်းပေ၏။ ဤအကြောင်းကို ဆရာတော်အား ပြန်လျှောက်သောအခါ အဲဒီ မိမိ၏ ခန္ဓာအတွင်းမှသူ၏ သဘာဝအတိုင်း ဖြစ်ပျက်နေသည်ကို အရှာခိုင်းတာပါဘဲဟူ၍ အမိန့်ရှိ ပါ၏။ ဤဖြစ်ပျက်ကို လက္ခဏာနည်းနှင့်မြင်အောင်ရှုပါဟု တိုက်တွန်း တော်မူ၏။ ဤကဲ့သို့ပင် နေ့ည အလုပ်လုပ်လျက်နေရပေ၏။ နောက်ရက် များမှာ ဘယ်ကဲ့သို့ စိတ်ဝင်စား၍ ရှုကြည့်ဆင်ခြင်မိခဲ့သနည်းဟူမူကား-

## ၃၈-အဝိဇ္ဇာကစက်ရုံ

ဤခန္ဓာသည်အဝိဇ္ဇာကစက်ရုံကဲ့သို့ပါတကား။အထူးအားဖြင့် ဆန် စက်နှင့် တူလှ၏။ ဆန်စက်၏သဘောမှာ ဘွိုင်လာဟူသော ရေနွေးအိုး

ကို ဖွဲ့မီးစာဖြင့်ဆူစေပြီး ထိုရေနွေးအိုးမှ အခိုးအငွေ့ကို အင်ဂျင်သို့ပို့၍ စက်လည်စေ၏။ အင်ဂျင်ဘီးတပတ်လျှင် ရှေ့နောက် အသံ ၂ချက်ထွက်သည်။ ဘီးကား အမြဲလည်နေ၏။ အင်ဂျင်စက်သည် အရှိန်မှန်မှန် လည်နေခြင်းဖြင့် မေ ခေါ် စပါးကြိတ်ခွဲသောဌာနက လုံးတီးကို ဖြူအောင်ပွတ်ခြင်း ဖွဲ့ကြမ်းကို မှုတ်ထုတ်ခြင်း ဆန်ကွဲ ဆန်ညွာတို့ကို ဆန်ကာတို့ဖြင့် ချ၍ ခွဲထုတ်ခြင်း ဆန်ဖြူကို တနေရာမှာကျစေ၍ ယူအပ်သည့်အလား ထိုကဲ့သို့တူလှစွာ ဤခန္ဓာသည်လည်း ဖွဲ့မီးစာကဲ့သို့သော အရွက် အသီးသားငါးတို့ကို စားမျိုလိုက်သောအခါမှာ က်နှင့်တကွသော "ဥသ္မာ" ဟူသော သက်စောင့် တေဇောဓာတ်သည် စားမျိုလိုက်သော အာဟာရ မီးစာကို လောင်စေ၍ ကျက်စေသည်။ အစာသစ်ကို အစာဟောင်းဖြစ်စေသည်။ ထိုအာဟာရ အစာသစ်ကို ပိုးစာ လောင်မီး၊ ကျင်ကြီးကျင်ငယ်၊ တသွယ်သွေးသား၊ ဖြစ်လေငြားသည်၊ ငါးပါးအစာ ခွဲဝေတည်းဟု ဆိုသည့်အတိုင်း သွေးသားဖြစ်စေတတ်သော ဓါတ်သဘာဝတို့ကို က်နှင့်တကွသော သက်စောင့်အပူဓါတ် တေဇောသည် အင်္ဂါမင်္ဂါ လေဓါတ်နှင့် သုံးဆဲ့နှစ်ကောဋ္ဌာသ အစိပ်အပိုင်းတို့သို့ ပို့နေသော ဝုန်းဝုန်းဒိန်းဒိန်း အသံတို့တည်း။ ရှိန်းကနဲ ဖြန်းကနဲဖြစ်စေခြင်းတို့သည် အစာသစ်အိမ်မှ ချက်ပြုတ်၍ပို့လိုက်သော ခန္ဓာကို တိုးပွါးစေတတ်သော ဓါတ်တို့၏ တိုးဝင်ခြင်းတို့ပင်ကည်း။ ရှိန်းကနဲ ဖြန်းကနဲ ဖြစ်ရာမှ ဓါတ်အားခဏပိတ်လိုက်သလို ရပ်လိုက်သော ခဏတို့၌ ပို့သမျှသော ဓါတ်သဘာဝ တို့သည် ကောဋ္ဌာသတို့သို့ပြန့်နှံ့၍ ရောက်သလောက် ဓါတ်အဟောင်းတို့သည် အကုံချုပ်ပျောက်ခြင်း သဘောပင်တည်း။ တဖန်ရှိန်းကနဲဖြစ်ပြန်သည်ကား ချုပ်သလောက်ရုပ်ဟောင်းတို့၏ နေရာသို့ ရုပ်အသစ် ဓါတ်အသစ်တို့ကို အပြည့်ပို့နေခြင်းသဘောပင်တည်းဟု ရှုသိရပေ၏။

**(မှတ်ချက်)** ဤနေရာ၌ လယ်တီဆရာတော်ဘုရား၏ ရူပဒီပနီ, ဘာဝနာဒီပနီနှင့် အာဟာရဒီပနီတို့ကို အခါခါ အထပ်ထပ်ဘတ်ဘူးထား

ခြင်းဖြင့် ကိုယ်တွေ့အလုပ်လုပ်သောအခါတွင်သဘာဝတို့၏ ဖြစ်ပျက်မှုတို့ကို ဤကဲ့သို့ကိုယ်တိုင်တွေ့ရပေ၏။ အကယ်၍ထိုကဲ့သို့လေ့လာမှုဗဟုသုတမရှိခဲ့ပါမူကား လှုပ်ရှားမှု တွေ့ရသော်လည်း ခန္ဓာ၏ ဓါတ်သဘာဝရှူ့ သဘောသူဆောင်၍ နေခြင်းကို ဉာဏ်ရောက်ချင်မှရောက်လိမ့်မည်ဟု ထင်ပါပေ၏။

ဉာဏ်ရောက်သလောက် အကျိုးရှိပုံကား လှုပ်ရှားတတ်သော စက်ရုံတခုကိုမြင်ရသလို ငါ့ကိုယ်ဟုမှတ်ထင်သောသညာသည်ထိုအချိန်တွင်ချုပ်ပျောက်နေတော့၏။ ထိုမှဖြင့် ဆက်လက်၍ အလုပ်လုပ်ပါလျှင် အလုပ်ဝါရင့်လာသလောက် ထိုင်လိုက်သည်နှင့် အာရုံစူးစိုက်လိုက်ကာမျှဖြင့် ထိုလှုပ်ရှားမှုကို တွေ့လာ၏။ ပေါ်လာ၏။ ထင်ရှားလာ၏။ ထိုအခါမှာမိမိ၏ဗဟုသုတရှိသလောက် အမျိုးမျိုးဆင်ခြင်မိပေ၏။ ထိုလှုပ်ရှားမှု၌ ဥပါဒ်နှင့်ဘင်ကို မြင်လာ၏။ ဥဒယနှင့်ဝယကိုမြင်လာ၏။ ဇာတိဇရာ မရဏသဘောကိုမြင်လာပေ၏။

ဤနေရာတွင် များစွာ အချိန်ယူ အလုပ်လုပ်နေသလောက် ထိုအချိန်သည် သက္ကာယဒိဋ္ဌိမှ ကင်းလွတ်နေလေပြီ။ ဤကဲ့သို့ အကြောင်းနှင့်အကျိုးကို ကောင်းစွာစဉ်းစားနှလုံးသွင်းခြင်း အချိန်များသလောက် ငါ့ကိုယ်ဟူသော သက္ကာယဒိဋ္ဌိ အစွဲသည် စင်ကြယ်စွာပပျောက်လျက်နေပေ၏။ ထိုအလုပ်ခွင်မှ အလွတ်ချိန်တွင်လည်း ထို ငါဟု စွဲလမ်းနေသောစိတ်သည် ပြင်းထန်မှုမရှိတော့ပြီ။ သက္ကာယဒိဋ္ဌိဟူသောအမြင်မှားသည် မှေးမှိန်၍သွားပေ၏။ အလွတ်ကိစ္စ ဆောင်ရွက်နေချိန်မှာပင်လျှင် သတိမကင်းအောင်ဖြစ်၍နေပေ၏။ အဘယ်ကဲ့သို့ သတိဖြစ်သနည်းဟူမူ ယုတ်တရက်အားဖြင့် ဒေါသဖြစ်နိုင်လောက်သောအကြောင်း ဖြစ်ပေါ်လာသော်လည်း သတိနှင့်တကွ စဉ်းစားပြီးမှ ဒေါသထွက်၏။ ထိုကဲ့သို့ စဉ်းစားသည့်အချိန် ဝင်လာနိုင်အောင် ငါဟူသော မာနသည် အားပျော့သွား၏။ ဘယ်အရာမဆို ဇွတ်တည်းဇွတ်ထိုး လွန်လွန်ကျူးကျူး အပြစ်မျိုးမှာ အလွန်ဖြစ်နိုင်ခဲပေ၏။

ယခုအဖြစ်အပျက်ကို ဖေါ်ပြခြင်းကား တနေ့တည်း တထိုင်တည်း အလုပ်လုပ်ရာမှ ယုက်တရက်ဖြစ်ပေါ်သည်ကို ဖေါ်ပြခြင်းမဟုတ်ပြီ။ တပါးသော အချိန်တွင်လည်း ရုပ်တရားကို နှလုံးသွင်းပါသေး၏။

အဘယ်ကဲ့သို့နည်းဟူမူ ထိုအလုပ်ထိုင်နေသော အခါမှာပင် မလှုပ်မရှေ့ဘဲ အချိန်ကြာလာသောအခါမှာ ဤရုပ်တရားကြီး၏ သဘာဝ ဖေါက်ပြန်မှုကို တွေ့ရပေ၏။ အဘယ်ပုံတွေ့ရသနည်းဟူမူ တနေရာက ယားရှလာ၏။ တနေရာက နာရှလာ၏။ တနေရာက အောင့်ရှလာ၏။ တနေရာက အပ်နှင့်ထိုးလိုက်သလို စစ်ကနဲနာလာ၏။ ခန္ဓာကိုယ် တွန့်သွားအောင်နာလာ၏။မည်သူကမျှအပ်နှင့်မထိုးပြီ။ထိုကိစ္စတို့၌ယားသည့်နေရာကုပ်လိုက်လျှင်အယားပြေသွား၏။ နာသောနေရာပွတ်လိုက်လျှင်ပျောက်သွား၏။ သို့သော် ထိုကဲ့သို့ ဒုက္ခကို ဉာဏ်သိရအောင် စောင့်ကြည့်ဆင်ခြင်နေသဖြင့် တွေ့နေရသည်ကား နဖူးမှ ခြေဖျားကျအောင် ခန္ဓာတခုလုံး၏ သဘာဝဖေါက်ပြန်နေပုံကိုရင်း အလိုအလျောက် သွေး,သီးခြေ, လေ,သလိပ်တို့၏ ဖေါက်ပြန်မှုကိုရင်း လှုံကျင်ကိုက်ခဲ ညောင်းညာလာခြင်းကိုရင်း အမျိုးမျိုးနာကျင်မှုတို့ကိုရင်း အချိန်ကြာသလောက် ထိုထိုဒုက္ခတို့သည် ပြင်းထန်လာပေ၏။ မည်သူကမျှ နှိပ်စက်သည် မဟုတ်ပေ။ ရုပ်တရား၏ ဒုက္ခအစစ်ကို ဤကဲ့သို့ တမင်စောင့်ကြည့်သော အခါမှာ တဏှာသည်ရင်း မာနသည်ရင်း ဒိဋ္ဌိသည်ရင်း ပပဉ္စတရားတို့မပေါ်နိုင်ချေ။ ဤရုပ်သည် ချမ်းသာပါ၏ဟု ထင်မြင်ခြင်းသည်ရင်း ခေမာမိဖုရားကဲ့သို့ ငါလို ကျောက်ဆင်းထုလို လှတဲ့မိန်းမဟူသော မာနသည်ရင်း ထိုအချိန်တွင် ပေါ်လာခွင့်မရှိပေပြီ။

ဤရုပ်တရား၏ သဘာဝဖေါက်ပြန်နေမှုကို အာရုံစိုက်နေသဖြင့် ရုပ်တရားအပေါ်၌ ချမ်းသာသောကိုယ်ဟူသောအမှတ်သည်ရင်း ဤရုပ်တရားသည် အစိုးရသောကိုယ်ဟူသော အမှတ်သည်ရင်း ထိုအချိန်မှာပေါ်ခွင့်မရှိပေပြီ။ ထိုအချိန်သည် ကိလေသာတို့မှ လွတ်ကင်းနေသောအချိန်

ဖြစ်ပေ၏။ ထိုအချိန်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုကေန်ရမည် ဖြစ်သော အမြူတေ လောကုတ္တရာကုသိုလ်ပါရမီတရားပွါးနေချိန်ပင်တည်း။

လောကမှ ထွက်မြောက်ကြောင်းဖြစ်သော လက္ခဏာယာဉ်သုံးပါးကို ကောင်းစွာ သဘောပေါက်ပြီးလျှင် အခြေရအောင် အားထုတ်ထားခြင်းဖြင့် ပဋ္ဌဝဂ္ဂငါးဦးကဲ့သို့ရင်း၊ ဥဇ္ဇုတ္တရာ သာမာဝတီမိဖုရားကဲ့သို့ရင်း လွယ်ကူစွာ မဂ်ဖိုလ်တရား ရနိုင်ခြင်းအကြောင်းကား မလွဲနိုင်ပေပြီ။ သို့ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ အချိန်ကောင်း အခါကောင်းကြုံကြိုက်သည် ဘဝမှာ ကြိုးစားထိုက်လှပေသည်။ ရုပ်တရား၏ဒုက္ခကို ရှုပါများလျှင် မကြာခဏရှုချင်နေပေ၏။ သဘာဝတွေ့ရသောဒုက္ခကို ရှုရခြင်းသည် တမင်စိတ်ကူး၍ရှုရသောတရားမဟုတ်ခြင်းကြောင့် မမြဲခြင်း ဆင်းရဲခြင်း အစိုးမရခြင်း လက္ခဏာသုံးပါးကို မြင်လွယ် ထင်လွယ်လှ၍ တရားရှာလျှင် ကိုယ်မှာတွေ့ဟူသော ပညာရှိတို့စကားသည် မှန်ခြင်းကြီးမက မှန်လှပေ၏။ မိမိကိုယ်မှာ တရားရှာရခြင်းသည် အလွယ်ကူဆုံးဖြစ်ပေ၏။

## ၃၉-ထေရဂါထာ

ရှင်သခရိပုတ္တာရာမထေရ်မြတ်ဟောကြားတော်မူသောပါဠိတော်ကား-

သုခုမံ တေ ပဋိဝိဇ္ဈန္တိ၊ ဝါလဂ္ဂဉသုန ၁ယထာ။
ယေ ပဉ္စက္ခန္ဓေ ပဿန္တိ၊ ပရတောနော စ အတ္တတော။ ။

ယေ၊ အကြင်သူသည်။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ ပရတော၊လွှင်စင်ပြင်ပ အနတ္တအားဖြင့်။ ပဿန္တိ၊ မြင်နိုင်ကြပေကုန်၏။ အတ္တတော၊အတွင်းမှန်လှ ကိုယ်အတ္တအားဖြင့်။ နောစပဿန္တိ၊ မမြင်ကြကုန်။ တေ၊ထိုသူတို့သည်။ ဝါလဂ္ဂံ၊သေးမျှင်လှငြား သားမြီးဖျားကို။ ဥသုနာ၊မြှားဖြင့်။ပဋိဝိဇ္ဈန္တိယထာ၊ဘောက်ထွင်းခွဲလစ် မှန်အောင်ပစ်နိုင်

ကုန်သကဲ့သို့။ သုခုမ ၊သိမ်မွေ့ ခဲကပ် ပရမတ်စု ဓါတ်အနုကို။ ပဋိဝိဇ္ဈန္တိ ထိုးထွင်းဖေါက်ခွဲနိုင်သောသူတို့ မည်ပေကုန်၏။

ဤပါဠိတော်လာ သဘောတရားကို ကောင်းစွာဆင်ခြင်သောအားဖြင့် မိမိကိုယ်ကိုမိမိရှုကြည့်၍ ဤခန္ဓာသည် သုခလော ဒုက္ခလောဟုစောင့်ကြည့်ကာ အလုပ်တရားထိုင်နေသောအခါတွင် တွေ့မြင်ရ ခံစားရခြင်းကို ကိုယ်တိုင်ဆုံးဖြတ်အပ်သော အသိဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တ မြင်ခြင်းကိုပင် လွှင်စင်ပြင်ပ အနတ္တအားဖြင့်။ ပဿန္တိ၊မြင်နိုင်ကြပေကုန်၏။ အတ္တတော၊အတွင်းမှန်လှ ကိုယ်အတ္တအားဖြင့်။နောစပဿန္တိ၊မမြင်ကြပေကုန်ဟူသော သဘောတရားနှင့် ညီညွတ်နေပေ၏။ ။ထိုအချိန်သည် ရှင်သာရိပုတ္တာရာမထေရ်မြတ် ချီးမွမ်းအပ်သောအမြင်သို့ ရောက်နေပေ၏။

သံသရာတခွင်မှာ ကြင်ခဲ့ရသမျှသော အချိန်ကာလတို့တွင် ဤအချိန်သည် အဘိုးအတန်ဆုံးဟုဆိုလျှင် မှားနိုင်ဘွယ်မရှိပေ။ ဤအချိန်ထက် အဘိုးတန်သောအချိန်မရှိခဲ့သေးဟု မှတ်ယူရမည်သာဖြစ်ပေ၏။ အဘယ်ကြောင့်ဟူမူ ရှေးရှေးသောဘဝ အချိန်အခါများက ဤကဲ့သို့ မိမိ၏ကိုယ်ခန္ဓာကို လွှင်စင်ပြင်ပ အနတ္တအားဖြင့် ရှုနိုင်ခဲ့ပါလျှင် မြင်နိုင်ခဲ့ပါလျှင် ယခုအချိန်အခါတွင် အရိယာသော်ရင်း ဖြစ်နေပေမည်။ သို့မဟုတ် နိဗ္ဗာန်သို့စံဝင်သွားကြသော ပုဂ္ဂိုလ်များထဲတွင်သော်ရင်း ပါသွားလေပြီဟု သဘောရောက်မိပေ၏။

အလုပ်ခွင်၌ စဉ်းစားဆင်ခြင်ခြင်းဖြင့် ရုပ်တရား၏သဘာဝကို အစွမ်းကုန် သိနိုင်အောင် နေ့စဉ်ရက်ဆက် အလုပ်လုပ်နေသည်ဖြစ်၍ ရုပ်တရားအပေါ်မှာ ဝေဖန်မှုအမျိုးမျိုး စဉ်းစားမှုအမျိုးမျိုး တွေးတောကြံဆမှုအမျိုးမျိုး ဖြစ်ပေါ်လျက်ပင်ရှိနေပေ၏။ အဘယ်သို့ဖြစ်ပေါ်နေသနည်းဟူမူကား ဤရုပ်တရားကြီးကို ငါ့ကိုယ်ဟု စွဲမြဲစွာ မှတ်ယူသိမ်းပိုက်ခဲ့ခြင်းကြောင့်အိုရခြင်း နာရခြင်း သေရခြင်း ပူဆွေး ငိုကြွေး မြည်တမ်းရ

ခြင်း ဒုက္ခအမျိုးမျိုးတွက် လက်သည်ရှာသောအခါ ထိုရုပ်တရားကြီးပင် လက်သယ်ဖြစ်နေသည်ကို တွေ့ရပေ၏။ ထိုရုပ်တရားကြီးကို ငါ့ကိုယ်ဘဲ ငါဘဲ အတ္တဘဲဟု ထင်မှတ်သိမ်းပိုက်ခဲ့ခြင်းမှ ဖယ်ရှား၍ ငါမဟုတ်၍သာ ဖေါက်ပြန်ခြင်းဘဲ ငါမပိုင်၍သာ အိုနာသေဖြစ်ရခြင်းဘဲဟု အမြင်မှန်ရပြီး ငါဟူသော အယူအစွဲကို စွန့်ပစ်မှသာလျှင် ဆင်းရဲခြင်းမှလွတ်ကင်းလိမ့်မည်ဟုသိခြင်းကြောင့် ထိုရုပ်တရား၏ အပြစ်အနာအဆာတို့ကို ရာဇဝင်နှင့်တကွ သိလိုလျှင် လူဆိုးဓာယောက်၏အကြောင်းကိုသိလိုမူ ထိုလူဆိုး ကျူးလွန်ခဲ့သည့် ပြစ်မှုရာဇဝင်ကို စစ်ဆေးကြည့်ရှုရသည့်ပုံပမာကဲ့သို့ ရုပ်ဘရား၏ဒုက္ခသည် ဘယ်အချိန် ဘယ်အခါကာလကစ၍ ရုပ်တရားနှင့် ဤဒုက္ခ တွဲဘက်ခဲ့လေသနည်းဟုလည်း ထိုအလုပ်လုပ်ချိန် အတွင်းမှာပင် စဉ်းစားမိပေ၏။

ဆင်ခြင်ပြန်သော် ဤရုပ်တရားသည် ဤဘဝ ကလလရေကြည်မှစ၍ ရုပ်ဟု ခေါ်ဝေါ်ရသောအချိန်မှစ၍ ဤကဲ့သို့ ဖေါက်ပြန်ခြင်းဒုက္ခနှင့် တပါထည်း တွဲဘက်ဖြစ်ပေါ်လာခဲ့ရခြင်းကို ဉာဏ်ဖြင့်သိရပေ၏။ သို့သော် အမိဝမ်းတွင်းမှာရှိစဉ် ဤဖေါက်ပြန်မှုကြောင့် ဖြစ်ပေါ်သော ဒုက္ခကို မသိနိုင်ပေ။ မွေးလာသောအခါမှာလည်း မသိတတ်သေးပေ။ အရွယ်ကြီးလာသောအခါမှာလည်း သတိမထားမိကြပေ။ အိုမင်းမစွမ်းဖြစ်လာတော့လည်း ဤရုပ်တရားကြီး၏ ပကတိဖေါက်ပြန်နေမှုကို ဂရုမစိုက်မိကြပေ။

ဤရုပ်တရားကြီး၏ သဘာဝဖေါက်ပြန်နေခြင်းကို ဒုက္ခဟုမရှုမိ သတိမထားမိ ဂရုမစိုက်မိဘဲ စိတ်ဇော အမျိုးမျိုးနှင့် ဣရိယာပုထ် အမျိုးမျိုးကြောင့်သာလျှင် ဒုက္ခဟူ၍ မမြင်နိုင် မထင်နိုင်ကြဘဲ သုခကိုသာ မျှော်လင့်ရှေးရှု၍နေခဲ့ကြပေ၏။ သဘာဝဒုက္ခဟူသော အတော်အတန် ကိုယ်လက်ကိုက်ခဲ လေနာ ရင်နာ မျက်စိနာ သွားနာ စသော ဒုက္ခဝေဒနာတို့ကို ဒုက္ခဟူ၍ မအောင့်မေ့နိုင်ကြဘဲ မျက်စိအာရုံ,နားအာရုံ, နှာ

လျှာ, ကိုယ်,စိတ်ဟူသော အာရုံတို့ကိုသာ ရှေးရှုနေကြ၍ ထိုရုပ်တရား၏ သဘာဝဒုက္ခ အတော်အတန်ကို ငါတလူလူ၊ ပမာမူ၊ ရှာသူတို့ဝက်၊ သဘောမျိုးနှင့် ကာကွယ်ဖုံးလွှမ်း၍ နေခဲ့ကြပေ၏။ အကြီးအကျယ် ရောဂါဖြစ်၍ အိပ်ရာမှမထနိုင်အောင် ဖြစ်ပြန်ပါတော့လည်း ဆရာကောင်း သမားကောင်းနှင့်ကုသ၍ ပျောက်လျှင်လည်းပျောက် မပျောက်လျှင် လည်း သေခြင်းသဘောသို့သာလျှင် ရောက်ကြရ၏။ ရုပ်တရား၏ ဖြစ်ပျက်ခြင်းဒုက္ခကို မရှုမိကြကုန်။ ရုပ်နာမ်ကို ဒုက္ခဟုရှုနိုင်သော ပုဂ္ဂိုလ်အဆင့်အတန်းသည်ကား ပုထုဇ္ဇနေ့ အန္ဓော၊ ပုထုဇ္ဇနေ့ ဗာလော၊ပုထုဇ္ဇနေ့ ဥမ္မာဒကော ဟူသော အတန်းအစားတည်းမှလွတ်ပြီဟူ၍တထစ်ချပင် ယူဆထိုက်ပေ၏။

ရုပ်တရားကို အပြစ်နှင့်တကွတွေ့အောင် ရှုကြည့် အလုပ်လုပ်စရှိလျှင် မကြာခဏပင်ဖြစ်စေ နေ့တိုင်းလိုပင်ဖြစ်စေ ထိုအလုပ်ကို သတိရနေပေ၏။ တနေ့ထက်တနေ့ အမြင်စင်ကြယ်လာပေ၏။ ဘယ်ကဲ့သို့ အမြင်စင်ကြယ်လာသနည်းဟူမူ ရုပ်တရားနှင့်ဒုက္ခ တွဲဘက်၍ ဖြစ်ပေါ်ခဲ့ခြင်းသည် အတိတ်ကာလ ဖြစ်ခဲ့လေသမျှ ဘဝများစွာမှ ရုပ်ခန္ဓာတို့သည်လည်း ယခုရရှိနေသော ရုပ်ခန္ဓာထက် သက်သာသော ရုပ်ခန္ဓာဟူ၍ မရရှိနိုင်သည့်အကြောင်းကိုရင်း နောင်တွင်တွေ့ကြုံရဦးမည့် မည်သည့်ရုပ်ခန္ဓာမျိုးပင်ဖြစ်စေ ဇရာ မရဏဟူသော အိုခြင်း သေခြင်းမှ လွတ်ကင်းနိုင်သော ရုပ်ခန္ဓာဖြင့်မရနိုင်တော့ပြီဆိုသည်ကို တထစ်ချမြင်သောအားဖြင့် ရုပ်ခန္ဓာဟူသော ရုပ်တရားစုကို ငြီးငွေ့တော့၏။ စက်ဆုပ်တော့၏။ ရွံမုန်းတော့၏။ ကြောက်လန့်တော့၏။နောင်ဖြစ်လိုသောဆန္ဒကား ထိုအချိန်မှာ ကုံခမ်းပေတော့၏။

## ၄၀-ရုပ်တရားဝေဖန်ခြင်း

ဤကဲ့သို့ ရုပ်တရားပေါ်မှာ အပြစ်ရှုနေရာမှ ရုပ်တရား ကိုပင် ဝေဖန်မိပြန်ပေ၏။ ထိုရုပ်တရားသည် ဘာမျှသိတတ်သော ဝတ္ထုပစ္စည်း မဟုတ်

ပါတကား။ နာမ်တရားနှင့် တွဲဘက်နေခြင်းကြောင့် ဝိဉာဏဓါတ်သည် နေရာမလပ်ပြန့်နှံ့နေခြင်းဖြင့် ဓါတ်လေးပါးအစု ရုပ်တရား၏ပေါက် ပြန်မှုကို ယား၏ဟူသောအမှတ် နာ၏ဟူသောအမှတ်ဖြင့် ဝေဒနာခံစား တတ်ပေ၏။ ဤရုပ်တရားမှ ဝိဉာဉ်ထွက်သွားပါမူ ဤရုပ်တရားကိုမသာ ဟု ခေါ်ပေ၏။

## ၄၁-ကံနှင့်လည်းမဆိုင် ရုပ်နာမ်နှင့်လည်း မစပ်ဟပ်

စင်စစ်သော်ကား ရုပ်တရားသည် ပုဂ္ဂိုလ်လည်းမဟုတ် သတ္တဝါလည်း မဟုတ်။ ကံကြောင့်ဖြစ်သော ဓါတ်လေးပါးအစုမျှသာဖြစ်ပေ၏။ ထိုရုပ် တရားကို မှီတွယ်နေသော နာမ်တရားဟူသော ကောင်းမကောင်း ခံစား တတ်သောဝေဒနာ။ ကောင်းမကောင်းမြင်မမြင်တွေ့မတွေ့မှတ်တတ်သော သညာ။ ထိုဟာကောင်းနိုးနိုး ဤဟာကောင်းနိုးနိုး ဘယ်ဟာဖြင့်ဟုတ် နိုးနိုးနှင့် ပြုပြင်ပြောင်းလဲတတ်သော သင်္ခါရ။ နေရာတိုင်းသိချင် တတ် သော ဝိဉာဉ်တို့သည် ထိုရုပ်တရားကြီးနှင့် ကံအားလျော်စွာ ပူးတွဲ ၍ ရိုးသားစွာဖြစ်ပေါ်လာကြခြင်းကို ကံနှင့်လည်းမဆိုင် ကံကြောင့် ဖြစ်သော ရုပ်တရား နာမ်တရားတို့နှင့်လည်း မစပ်ဟပ်သော လောက သဘာဝ တိုးပွါးစေတတ် ဖြစ်ပျက်စေတတ်သော အကြောင်းတရားနှင့် ပြည့်စုံသော အဆင်း အသံ အနံ့ အရသာ အတွေ့ အကြံဟူသော အာရုံ ခြောက်ပါးတို့၏ အရှင်သခင်ဖြစ်သော တဏှာ မာန ဒိဋ္ဌိဟူသော ပပဉ္စ တရားတို့သည် ပူးကပ်ပေါင်းဘက်၍ သညာတရားတို့ကို ဒိဋ္ဌိတရားက အလွဲအမှား မှတ်စေ၏။ ပုဂ္ဂိုလ်ဟု မှတ်စေ၏။ သတ္တဝါဟုမှတ်စေ၏။ ယောကျ်ားဟုမှတ်စေ၏။ မိန်းမဟုမှတ်စေ၏။ မုံးဘွယ် ချစ်ဘွယ်ဟုမှတ် စေ၏။တဏှာဟူသောတရားကခုမြင်ရမနေနိုင်၊မတွေ့ရမနေနိုင်ဖြစ်စေ၏။ မာနဟူသော တရားကလည်း ငါကဲ့သို့သောယောကျ်ား ငါကဲ့သို့သော

မိန်းမ ငါကဲ့သို့ဦးချိုရှိသောသတ္တဝါ ငါကဲ့သို့အဆိပ်ရှိသော သတ္တဝါဟု ဖြစ်လေရာ ဘဝတိုင်းမှာလိုပင် တဏှာ, မာန, ဒိဋ္ဌိတို့က လှည်းဦးစီးပမာ ဆင်ဦးစီးပမာ ပြုချင်ရာပြုသမျှကို အစဉ်ခံနေခဲ့ရသည်မှ ယခုဘဝသည် အလိမ္မာအသိတရားနှင့် ပါရမီသမ္ဘာရ ဖြည့်ဆည်းဘူးခဲ့ကြသဖြင့်ဤကဲ့သို့ သောဘဝ ဤကဲ့သို့သော သာသနာတော်တွင်းဝယ် ရတနာသုံးပါး ကို ယုံကြည်အားထားသောအမျိုးသားဖြစ်ရပေသည်။ သံသရာရှည်လျား ခြင်းကိုလည်း သိရပေသည်။ ရှည်လျားလှသော သံသရာအတွင်းမှာ ဤ ကဲ့ကို ရုပ်နှင့်နာမ်ကို "ငါပါဘဲ"ဟု မွေးမြူလာခဲ့သော သက္ကာယဒိဋ္ဌိ ကို သာသနာတော်၏ တန်ခိုးဖြင့် ပယ်အပ်ထိုက်သောတရားဟု သိမြင်လာ ပေ၏။

# ၄၂-ရုပ်နှင့်နာမ် လှည်းနှင့်နွား

ရုပ်နှင့်နာမ်တို့သည် ပုဂ္ဂိုလ်လည်းမဟုတ် သတ္တဝါလည်းမဟုတ် အတ္တ လည်းမဟုတ် ငါမဟုတ် သူ၏သဘောအတိုင်း နိဗ္ဗာန်သို့လည်း မသွား တတ်။ အပါယ်လေးပါးသို့လည်း မသွားတတ်။ သုခကိုလည်းမရှာတတ်။ ဒုက္ခကိုလည်း မရှာတတ်ပေ။ ကံ ဝိပါက်တရားတို့ကြောင့် ဖြစ်ပေါ်နေရ သော "သုဒ္ဓခန္ဓာ" သာလျှင်ဖြစ်ပေ၏။ ဖြူသောအဝတ်နှင့်တူပေ၏။ ဥပမာအားဖြင့်ကား ရုပ်တရားသည် လှည်းအိမ်နှင့်တူလှ၏။ နာမ်တရား သည် နွားနှင့်တူလှ၏။ နွား က ထားသောလှည်းသည် အလိုအလျောက် မသွားတတ်။ လှည်းဦးစီး မောင်းနှင်ရာသို့သာသွားရ၏။ ထိုနည်းတူစွာ လှည်းဦးစီးနှင့်တူသော အသိဉာဏ်သည် ကံ ဝိပါက်ကြောင့်ဖြစ်ပေါ်လာ သော ရုပ်နှင့်နာမ်ကို ပေါင်းလိုသောတရားနှင့် ပေါင်းနိုင်ပေ၏။ ဝိဇ္ဇာ ဉာဏ်နှင့်ပေါင်း၍ မဂ္ဂင်လမ်းသို့လိုက်ခြင်းဖြင့် နိဗ္ဗာန်သို့ဝင်နိုင်ပေ၏။ ဝင် ကုန်ကြလေပြီ။ တဖန် အဝိဇ္ဇာနှင့်ပေါင်း၍ တဏှာ, မာန, ဒိဋ္ဌိ တို့ကို လှည်းပေါ်တင်၍မောင်းလျှင် ဒုက္ခအမျိုးမျိုးနှင့်တွေ့ကြုံရ၍ ၃၁-ဘုံတွင် အပါယ်ဘုံ၌သာ အနေများကြပေ၏။

# ၄၃-ရေကြောင်းညွှန်ပြ

ကံ၀ိပါက်တရားတို့ကြောင့် ရရှိနေသော ရုပ်နာမ်ဟူသော ပဉ္စက္ခန္ဓာကို မာန်လည်ဆရာတော် ဖပ်ဆိုတော်မူသည့် မဟာဒေ၀တွင် ရေကြောင်းညွှန်ပြစ်၊ ထိုညွှန်ညစ်လည်း၊ ညစ်ကြေးမတင်၊ ရေကြောင်းစင်၏ ဆိုသည့်အတိုင်း ကံနှင့်ဝိပါက်တရားတို့ကြောင့် ရရှိနေသော ရုပ်နာမ်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့နှင့် ပေါင်းမိခြင်းကြောင့် သံသရာ၀ဋ်ဒုက္ခမှ မလွတ်နိုင်ခြင်းကို ၎င်း ကံနှင့်ဝိပါတ်တို့ကြောင့်ရနေသော ရုပ်နာမ်မှာ မဂ္ဂင် ဗောဇ္ဈင်ဟူသော ဗောဓိပက္ခိယလမ်းသို့ လွှဲပြောင်း၍ ပညာကိုဦးစီးစေခြင်းဖြင့် ဒုက္ခမှ ကင်းရာ လွတ်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့သွားနိုင်ခြင်းကို သာသနာတော်မြတ်၏ ကျေးဇူးကြောင့် ရှင်းလင်းပြတ်သားစွာ လက်ဝါးပေါ်တွင် တင်ထားသော ဓကျောက်သံပတ္တမြားကဲ့သို့ အရည် အရောင် အသားတို့ကို မကွယ်မထောင့် သိမြင်နိုင်ပေ၏။

# ၄၄-အဆိပ်ပင်

အမှန်စင်စစ်သော်ကား ရုပ်နှင့်နာမ်သည် တရားခံမဟုတ် ရန်သူမဟုတ် ပဋိစ္စသမုပ္ပါဒ် တရားတော်အတိုင်း အဝိဇ္ဇာဟူသော မသိမလိမ္မာမှုဖြင့် ရုပ်နှင့်နာမ်မှာ တဏှာ၊မာန၊ဒိဋ္ဌိတို့နှင့် ပေါင်းမိ၍သာ မိုက်ချင်တိုင်းမိုက်၍ ဖြစ်ချင်တိုင်းဖြစ်နေရပေ၏။ သို့ဖြစ်၍ တဏှာ၊မာန၊ဒိဋ္ဌိဟူသော ပပဉ္စတရားသာလျှင် ရန်သူအစစ်ဖြစ်ပေ၏။ ထိုတဏှာ၊မာန၊ဒိဋ္ဌိတရားတို့သည် အဆိပ်ပင်နှင့် တူလှစွာ၏။

သို့ဖြစ်ခြင်းကြောင့် အဆိပ်ပင်ကို အမြစ်ပါမကျန်အောင် တူးပစ်နိုင်မှသာလျှင် အကောင်းဆုံးဖြစ်ပေ၏။ အဆိပ်ပင်ကို တူးသည့်နည်းတူ တဏှာ၊မာန၊ဒိဋ္ဌိဟူသော သံသရာ၏အဆိပ်ပင်ကို အမြစ်ဆုံပါကုန်အောင် တူးပစ်မှသာလျှင် သံသရာဝဋ်မှ ကျွတ်လွတ်မည်ဖြစ်ပေ၏။

# ၄၅-တူးနည်း

တူးရမည့်နည်းကား မြတ်စွာဘုရား ဟောတော်မူသော ဓမ္မက္ခန္ဓာရှစ်သောင်း လေးထောင်ကို အနုလုံ ပဋိလုံ မေ့နှောက်၍ ဈေးပညာရှိ သူတော်ကောင်းကြီးတို့ ရှာဖွေစုဆောင်း ရေးသားတားကြပေ၏။ လူအမျိုးမျိုး လွယ်ကူစွာ သိနိုင် တွေ့နိုင်ကြရရုံမျှမက စာဘတ်တတ်စ ကလေးပါ မကျန် သိရလေအောင် အလွန် နက်နဲသော မင်္ဂလာ တရားတော်ကိုပင်း သတိပဋ္ဌာန် သမပဋ္ဌာန်ဟူသော ဗေါဓိပက္ခိယ တရားတော်ကိုပင်း ရေးသားဖော်ပြထားကြပေ၏။ ထိုတရားတော်များကို နည်းလမ်းကျကျ လိုလိုချင်ချင် အားကြိုးမာန်တက် သင်ကြားလေ့လာလိုက်စားကြရမည်ဖြစ်ပေ၏။

အဘယ်ချကြွာအောင် ကြိုးစားရမည်နည်းဟူမူ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသည်တိုင်အောင် အားထုတ်ကြိုးစားရမည်ဖြစ်ပေ၏။ ဤအရာ၌လူတိုင်းလူတိုင်း မစွမ်းဆောင်နိုင်သော်လည်း သံသရာဝဋ္ဋဒုက္ခကို ဘကယ်သိမြင်သော ပုဂ္ဂိုလ်တို့သာလျှင် ကြိုးစားအားထုတ်နိုင်ကြပေမည်။ ယခုအခါသည် ဝိမုတ္တိပာဂဓေတ်ဖြစ်ခြင်းကြောင့် မဂ်ဖိုလ်ရအောင်အားထုတ်နေကြသော ပုဂ္ဂိုလ်တို့ အမျုးအပြားရှိကြပေ၏။ ထိုသို့အားထုတ်ရာတွင် လုပ်ငန်းစဉ်အားဖြင့် အကြောင်းတရား အကျိုးတရား နှစ်ပါးရှိပေ၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် အကျိုးတရားဖြစ်၏။ ကိလေသာ ပယ်သတ်မှုနှင့် သံယောဇဉ်ပယ်ဖြတ်မှုသည် အကြောင်းတရား အလုပ်တရားဖြစ်ပေ၏။ အကျိုးတရားရမှုအတွက် အကြောင်းတရားတို့ကို ပြုလုပ်ရမည်ဖြစ်ပေ၏။ ထိုအကြောင်းတရားတို့ကား ကိလေသာ သံယောဇဉ် ဆယ်ပါးတို့ပင်တည်း။ ထိုဆယ်ပါးတို့ကား ကာမရာဂ သံယောဇဉ်,ပဋိဃ,မာန,ဒိဋ္ဌိ,သီလဗ္ဗတပရာမာသ,ဘဝရာဂ,အဘိဇ္ဈာ,ဣဿာ,မစ္ဆရိယ,အဝိဇ္ဇာ။ ဤတရားဆယ်ပါးပင်တည်း။ ဤဆယ်ပါးသော ကိလေသာ သံယောဇဉ်ဟူသော သံသရာ၏ အမြစ်ဆုံကြီးကို တူးပစ်ရပေမည်။

# ၄၆-ဤနှယ်တူးရမည်

သတိပဋ္ဌာန်လက်နက်ဖြင့်တူးရပေမည်။ သတိပဋ္ဌာနသုတ် နီဝရဏ အပိုင်းမှာပါသော တူးနည်း သတ်နည်းတို့သည်ကား—

ဥဂ္ဂဟော ဘာဝနာ ဂုတ္တ ံ မတ္တညုတာ သုမိတ္တတာ သပ္ပါယကထာ ဆဓမ္မာ ကာမစ္ဆန္ဒပဟာယိနော။ ။ဥဂ္ဂဟော၊ဆယ်ပါးသော အသုဘနိမိတ်ကို ယူခြင်းရင်း။ ဘာဝနာ၊အသုဘသညာကိုပွါးစေခြင်းရင်း။ ဂုတ္တ ံ၊ဣန္ဒြေ ခြောက်ပါးတို့၌ လုံခြုံသော ဒွါရရှိသည်၏အဖြစ်ရင်း။ မတ္တညုတာ၊ ဘောဇဉ်၌ အတိုင်းအရှည်ကိုသိသည်၏ အဖြစ်ရင်း။ သုမိတ္တတာ၊အသုဘ သညာကို ပွါးစေခြင်း၌ မွေ့လျော်သောအဆွေခင်ပွန်းကောင်းရှိသည်၏ အဖြစ်ရင်း။ သပ္ပါယကထာ၊ရပ်ခြင်း ထိုင်ခြင်းစသည်တို့၌ အသုဘ၌မှီသော လျောက်ပတ်သော စကားရှိသည်၏ အဖြစ်ရင်း။ ဣတိ၊ဤသို့။ ဆဓမ္မာ၊ ခြောက်ပါးသော တရားတို့သည်။ ကာမစ္ဆန္ဒပဟာယိနော၊ ကာမစ္ဆန္ဒကို ပယ်တတ်ကုန်၏။

သံယောဇဉ်ဆယ်ပါးတွင် အရေးကြီးလှသောကာမစ္ဆန္ဒ၊ ကာမဆယ့် တဘုံမှာ ပျော်လို့မဆုံး သုံး၍အားမရနိုင်သော ကာမစ္ဆန္ဒ၊ နတ်လူ တိရိစ္ဆာန်တို့ မမုန်းနိုင်သော ကာမစ္ဆန္ဒကို အတက်ပါနည်းနှင့် ပယ်သတ်၍ ဘုရားမြတ်စွာ တဆူတဆူလျှင်(၂၄)သင်္ချေ ကုဋေ ၆၀ ဗိုလ်ချေတသိန်း ကျွတ်တန်းဝင်ကုန်နိုင်ကြပေ၏။

ပဉ္စမံ သံယောဇဉ်ပိုင်းတား။ ဥဂ္ဂဟော ဘာဝနာပေက္ခာ၊ ပဋိသံခါ သုမိတ္တတာ၊ သပ္ပါယကထာ ဆဓမ္မာ၊ ဗျာပါဒဿပဟာယကာ။ ။ဥဂ္ဂဟော၊ သြဒိဿ မေတ္တာစသည်ကို ယူခြင်းရင်း။ ဘာဝနာ၊မေတ္တာကို ပွါးစေခြင်း ရင်း။ အပေက္ခာ၊ကံသာလျှင် ဥစ္စာရှိ၏ဟု ဆင်ခြင်ခြင်းရင်း။ ပဋိသံခါ၊ ထိုသို့ဆင်ခြင်ခြင်း၌ တည်ခြင်းရင်း။ သုမိတ္တတာ၊မေတ္တာကို ပွါးစေခြင်း၌

မွေ့လျော်သော အဆွေခင်ပွန်းကောင်းရှိသည်၏အဖြစ်ရင်း ။ သပ္ပါယကာသ၊ရုပ်ခြင်းထိုင်ခြင်းစသည်တို့၌မေတ္တာ၌မှိသော လျှောက်ပတ်သော စကားရှိသည်၏ အဖြစ်ရင်း။ ဤတိ၊ဤသို့။ ဆဓမ္မာ၊ ခြောက်ပါးသော တရားတို့သည်။ ဗျာပါဒဿ၊ဒေါသကို။ ပဟာယကာ၊ပယ်တတ်ကုန်၏။ ။ ။ဤသို့ မေတ္တာဘာဝနာကို နေ့စဉ်ပွါးများသဖြင့် ဒေါသကိလေသာကို နေ့စဉ်ပယ်ရမည်ဖြစ်ပေ၏။

ထိုသံယောဇဉ် ဆယ်ပါးမှ အရေးကြီးလှသော ဤကာမစ္ဆန္ဒနှင့် ဗျာပါဒ နှစ်ပါးကို အထက်ပါနည်းအတိုင်း သေချာစွာလေ့လာ၍ ဆန္ဒာဓိပတိ၊စိတ္တာဓိပတိ၊ဝီရိယာဓိပတိ၊ဝိမံသာဓိပတိဟူသော ဓိပတိသို့ရောက်သော လုလ္လနှင့် ဘာဝိတာ ဗဟုလိကတာဟူသော အကြိမ်ကြိမ်အထပ်ထပ် ပွါးများခြင်း၊ကြာရှည်စွာ ပွါးများခြင်းတို့ဖြင့် ယခုအခါ နေယျပုဂ္ဂိုလ်တို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရမည်ဟု သတိပဋ္ဌာနသုတ်တွင် အသေအချာဟောထားတော်မူပေ၏။

ကာမရာဂသံယောဇဉ်နှင့် ပဋိဃသံယောဇဉ်တို့သည်အရေးအကြီးဆုံး အခိုင်မာဆုံး အပေါ်လွင်ဆုံးတရားဖြစ်ပေသည်။ သို့သော် သက်၍မရကောင်းသော တရားမဟုတ်ကြောင်းကို ဘုရားတဆူ ပွင့်တော်မူလျှင် ဘော်ပြခဲ့သော သတ္တဝါအရေအတွက် ကျွတ်ကန်းဝင်ကြသည်ကိုထောက်ထားသဖြင့် ယုံကြည်ရမည်ဖြစ်ပေ၏။

ကိလေသာ သံယောဇဉ်တရားတို့ကို အရင်းအမြစ်ပါမကျန်အောင် ပယ်သတ်နည်းမှာကား အောက်ဖေါ်ပြပါအတိုင်းပင်ဖြစ်ပေ၏။

# ၄၇-မဟာရာဟုလောဝါဒသုတ်

မဇ္ဈိမပဏ္ဏာသပါဠိတော်ဘာသာပြန် မဋ္ဌမတွဲ ၂-မဟာရာဟု လောဝါဒသုတ်။

အခါတပါး အရှင်ရာဟုလာမထေရ်သည် တပါးတည်းကိန်းအောင်း နေမှုထ၍ မြတ်စွာဘုရားရှိတော်မူရာအရပ်သို့ ချဉ်းကပ်၍ အလွန်ရိုသေစွာ ရှိခိုးလျက် ဤသို့လျှောက်လေ၏။ ။မြတ်စွာဘုရား အာနာပါန သတိပဋ္ဌာန်ကို အဘယ်ကဲ့သို့ ပွါးအပ်သည်ရှိသော် များသော အကျိုးရင်း အကျိုးဆက်ရှိပါသနည်းဟု လျှောက်လေ၏။ မြတ်စွာဘုရားက ဆံ မွေး ညှင်းစသော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌ ပထဝီဓါတ် ၂၀ အာပေါဓါတ် ၁၂ပါး တေဇောဓါတ် ၄ပါး ဝါယောဓါတ် ၆ပါးတို့ကို တပါးစီ အကျယ်အားဖြင့်ဟောတော်မူ၏။ ဆံပင်ဟူသော ပထဝီဓါတ်ကို ငါ၏ဥစ္စာမဟုတ် ပုဂ္ဂိုလ်မဟုတ် သတ္တဝါမဟုတ် ပထဝီဓါတ်သာလျှင် ဖြစ်ကြောင်းကို ယာက်မှန်တိုင်း ဝိပဿနာဥာဏ်ဖြင့် ရှုမြင်၍ ပထဝီဓါတ်ကို ငြီးငွေ့၏။ ပထဝီဓါတ်၌ စိတ်သည် တတ်ခြင်းကင်း၏။

ဤအတိုင်းပင် အကျယ်ဟောတော်မူပေ၏။ ဤကောဋ္ဌာသ အစုကို ဓါတ်သဘောဖြင့်ရှင်း အကြိမ်များစွာ ပွါးစေတော်မူ၏။ ထိုမှနောက် ပိုင်းအပုဒ် ၁၂မှစ၍ ဘော်ပြမည်ဖြစ်ပေ၏။ ထိုအပုဒ် ၁၂ တွင် ဟော တော်မူအပ်သော တရားတော်မြတ်ကား-

အို ရာဟုလာ မြေကြီးနှင့်တူသည်သာလျှင်ဖြစ်သော ဘာဝနာကိုပွါး စေလော့။ မြေကြီးနှင့်တူသည်သာလျှင်ဖြစ်သော ဘာဝနာကို ပွါးစေ သော သင့်အား ဖြစ်ကုန်ပြီးသော နှစ်သက်ဘွယ် မနှစ်သက်ဘွယ်ဖြစ်ကုန် သော “ဖဿ”တို့သည် စိတ်ကိုသိမ်းကျုံးယူငင်ခြင်းငှါ မတတ်နိုင်ကုန် လတ္တံ့။ အို ရာဟုလာ ဥပမာအားဖြင့် မြေကြီး၌စင်ကြယ်သောဝတ္ထုကို လည်းပစ်ချကုန်၏။ မစင်ကြယ်သော ဝတ္ထုကိုလည်း ပစ်ချကုန်၏။ ကျင် ကြီးကိုလည်းပစ်ချကုန်၏။ ကျင်ငယ်ကိုလည်း ပစ်ချကုန်၏။ တံတွေးကို လည်းပစ်ချကုန်၏။ ပြည်ကိုလည်းပစ်ချကုန်၏။ သွေးကိုလည်းပစ်ချကုန် ၏။ ထိုစင်ကြယ်သောဝတ္ထု မစင်ကြယ်သောဝတ္ထုတို့၌ မြေကြီးသည် ငြီး လည်းမငြီးငွေ့။ ရှက်လည်းမရှက်။ စက်ဆုပ်ရွံရှာသည်လည်းမဟုတ်။

အို ရာဟုလာ ဤအတူပင်လျှင် သင်သည် မြေကြီးနှင့်တူသောဘာဝနာကို ပွါးစေလော။ အို ရာဟုလာ မြေကြီးနှင့်တူသည်သာလျှင်ဖြစ်သော ဘာဝနာကိုပွါးစေသောသင့်အား ဖြစ်ကုန်ပြီးသော နှစ်သက်ဘွယ် မနှစ်သက်ဘွယ်သော ဖဿတို့သည် စိတ်ကိုသိမ်းကျုံးယူငင်၍တည်ခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့။

ဤကဲ့သို့ မြတ်စွာဘုရားသည် သားတော်ရာဟုလာအား သဘောလေးနက်စွာ တိုတိုတုတ်တုတ် ဟောတော်မူပေ၏။ ။ဘယ်ကဲ့သို့ လေးနက်သနည်းဟူမူ မိမိကိုယ်ကို မြေကြီးနှင့်ကွစွာ အာရုံပြုနိုင်သော အခါမှာ ဖဿတို့သည် စိတ်ကို သိမ်းကျုံးယူငင်ခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့ဟု ဟောတော်မူသည့်အရာတွင် အဘယ် ဖဿတို့နည်း။ ဖဿတို့သည်မည်မျှ ဆိုးသွမ်းပေသနည်း။ ဖဿတို့ကြောင့် အဘယ်မျှ သုခ ဒုက္ခ ဖြစ်နိုင်ပေသနည်း။

## ၄၈-ဖဿ ဆိုးသွမ်းပုံ

စက္ခုံ့စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဟူသောမျက်စိနှင့်အဆင်းကို ဝေဖန်ပါဦး။ ။မျက်စိသည်အလွန်ကောင်းသော ဓါတ်ပုံရိုက်ကရိယာထက် ပို၍ကောင်း၏။ ကရိယာနှင့်ဓါတ်ပုံရိုက်လျှင် ဆေးရည်စိမ်ရခြင်း အမြောက်လှမ်းရခြင်းဖြင့် အတန်ကြာမှဓါတ်ပုံကို မြင်နိုင်၏။ ထိုဓါတ်ပုံကို အမြဲဆောင်ထားသော်လည်းထုတ်၍ကြည့်မှ မြင်နိုင်၏။

မျက်စိနှင့် စေ့စေ့ကြည့်မိ၍ ဝိသဘာဂ ဆန့်ကျင်ဘက် ဖြစ်သော မသင့်သော ရူပါရုံကို တခါမြင်မိလျှင် ထိုပုံကိုစားသောက်နေလျှက်လည်း မြင်နေပေ၏။ အခါခပ်သိမ်း မြင်နေပေ၏။ ထိုမျက်စိနှင့် အဆင်း ဖဿ

ကြောင့် အဘယ်မျှဒုက္ခရောက်နိုင်သည်ကို ပုထုဇဉ်မှန်သမျှတို့သည် သိဘူးခဲ့လှလေပြီ။ သိဘူးခဲ့လှလေပြီ။ ထိုရှုပါရုံ ဖဿကြောင့် တွေ့ရသောဒုက္ခကို အကျယ်ချဲ့၍ ဆိုးနိုင်ဘွယ်မရှိပြီ။ လောကမျက်မြင် ဇာတ် အငြိမ့်သဘင် ရုပ်ရှင်တို့တွင် အဆို အက မည်မျှကောင်းသော်လည်း အရုပ်ဆိုးအကြီးတန်လျှင် ပွဲကြည့်သူနည်းလှ၏။ လောကီဘုံသား နတ်၊ လူ၊ တိရိစ္ဆာန် သတ္တဝါတို့သည် ရှုပါရုံ ဖဿကြောင့် ဒုက္ခပျားနေကြသည်ကို ပြောဘွယ်မလိုပြီ။ ငါးရာငါးဆယ် နိပါတ်တော်ဟု ပေါ်ပေါက်လာရခြင်းအကြောင်းမှာ အန္တိမဘဝိက ပုဂ္ဂိုလ်ကြီးများပင် မျက်မှောက်ဘဝတွင် ရဟန္တာဖြစ်၍ နိဗ္ဗာန်ဝင်ကြရမည်ဖြစ်သော်လည်း မဂ်ဉာဏ် ဖိုဉာဏ်မရမီ ပုထုဇဉ်အဖြစ်နှင့် ဆွမ်းခံရင်း ဝိသဘာဂ တကာမ လှလှချောချောကို မြင်မိခဲ့သဖြင့် ခံယူခဲ့သောဆွမ်းကိုမျှ မစားနိုင် တမှိုင်မှိုင်နှင့် လူ့ဘောင်သို့ စိတ်ကူးသဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် နုစဉ်အခါက ဤကဲ့သို့ဖြစ်ခဲ့ဘူးကြောင်းကို ပြန်ပြောင်း၍ အတိတ်ဆောင်ခါ ဟောတော်မူရသဖြင့် ငါးရာ ငါးဆယ် နိပါတ်တော်ဟု ယခုလူတို့ သိကြရပေ၏။

မျက်စိနှင့်အဆင်းတွေ့မှု ဖဿသည် စိတ်ကို သိမ်းကျုံးယူငင်ခြင်းပင်တည်း။ နားနှင့်အသံတွေ့မှု ဖဿကြောင့် ရှေးအခါက ထင်းခွေမိန်းမငယ်၏ သီချင်းအသံကြားရသဖြင့် ဈာန်ပျံလာသော ရသေ့ငယ်မှာ ဈာန်လျှော၍ တောထွင်းမှာ ဒုက္ခဖြစ်ရဘူး၏။ ယခုကာလမှာလည်း သဘင်သည်တို့ ရုပ်အဆင်းလှကာမျှဖြင့် နာမည်မကျော်ကြားနိုင်။ အသံကောင်းအဆိုပိုင်လျှင်စွဲမက်ကတ်ကြပေ၏။ ဓါတ်ပြားနှင့်အသံဘမ်းစက်တို့ အဘိုးတန်ခြင်းမှာ အသံ၏တန်ဘိုးဖြစ်ပေ၏။ ထို့ပြင် မခံချင်အောင် နာကြီးအောင် အရှက်ရအောင် ပြောသံကြားရသဖြင့် ဒါးခုတ်မှု လူသတ်မှုဖြစ်ပွါး ပေါ်ပေါက်ကြရ၏။ ယခုကာလတွင်အသံလွှင့်၍ တိုင်းပြည်ကို အုပ်ချုပ်နိုင်ကြပေ၏။ ဤသည်တို့ပင် နားနှင့်အသံတွေ့မှု ဖဿဖြင့်စိတ်ကိုသိမ်းကျုံးယူငင်ခြင်းတို့ပင်တည်း။

နှာခေါင်းနှင့်အနံ့ တွေ့မှု ဖဿကြောင့်လည်းမွှေးစကလေးများကိုပင် ဖြစ်စေ နံနံစော်စော် နှပ်တွဲလောင်းနှင့်နေလျှင် အနားလာခြင်းကိုပင် မကြိုက်ချင်ကြပေ။ သန့်သန့်ရှင်းရှင်း မွှေးမွှေးကြိုင်ကြိုင် ဖြစ်နေလျှင် နမ်းချင်ရှုပ်ချင်ကြပေ၏။ သနပ်ခါး ပေါင်ဒါ ရေမွှေး အနံ့တို့သည် ပုထုဇဉ်တို့အတွက် တန်ဘိုးရှိလှ၏။ တခါတရံ ကြော်ချက်သော ဟင်းနံ့ တို့ကြောင့် ဆာလောင်မွတ်သိပ် စားချင်စိတ် ပေါ်ပေါက်လာပေ၏။ တ ခါတရံ မမြင်မတွေ့ရဘဲ ကြော်လှော်မီးဖုတ်သည့် ညှော်နံ့တို့ကြောင့် ဆဲ ကြ ဆူကြ ရန်ဖြစ်ကြရ၏။ ဤသည်ကား နှာခေါင်းနှင့်အနံ့ ဖဿသည် စိတ်ကိုသိမ်းကျုံးယူငင်ခြင်းတို့ပင်ဖြစ်ပေ၏။

လျှာနှင့်အရသာ ဖဿကြောင့် ပေါရိသာဒဝတ္ထုကို ရှေးဦးစွာညွှန် ပြလိုပေ၏။ ယခုလူတို့သည် ချို့ချင့်ငံ့စပ် ဟင်းလေးမျိုးလောက်ပါမှ စားချင်ကြ၏။ ထိုလေးမျိုးတွင်လည်း သားငါးမပါသောဟင်းကို မစား ချင်ကြပေ။ ကောင်းအောင်ချက်သော်လည်း ပေါ့လွန်းလျှင် မစားချင်၊ ငံလွန်းလျှင်လည်း မစားနိုင်ကြပေ။ အိမ်သူသက်ထား ဇနီးမယားသော် မှ စားသောက်မှု အဆင်မပြေသည့်အတွက် အချို့ ကွဲကွာကြရသေး၏။ ဤကိစ္စမှာလည်း လျှာနှင့်အရသာ ဖဿသည် စိတ်ကို သိမ်းကျုံးယူငင် ခြင်းဖြစ်ပေ၏။

ကိုယ်နှင့်ထိတွေ့မှု ဖဿကြောင့်လည်း သီတေနာပိ ရုပ္ပတိ၊ ဥဏှေနာပိ ရုပ္ပတိ၊ ပူလွန်းသောဒါန်လည်းမခံနိုင်။အေးလွန်းသောဒါန်လည်းမခံနိုင်။ ဖေါက်ပြန်ရကုန်၏။ မတော်တဆထိခိုက်မိလျှင် နာကျင်ရ၏။ ချောမွေ့ နူးညံ့သော အဝတ်အထည် အိပ်ရာ ခေါင်းအုံးတို့ကို နှစ်သက်ကြပေ၏။ ကိုယ်ချင်း တွေ့ထိမှု ဖဿ ကြောင့်လည်း နတ်လောက လူလောက တိရစ္ဆာန်လောကတို့တွင် ပျော်ရွှင်မဆုံး တအုန်းအုန်းနှင့် နေလို့လည်း အားမရ။ သေလို့လည်းတင်းမတိမ်။ အကြိမ်ကြိမ်သေဘို့ ဆုတောင်း

နေကြာသေးသည်ကား တွေ့ထိမှု ဖဿသည် စိတ်ကိုသိမ်းကျုံးယူငင်ခြင်း ကြောင့်ပင်ဖြစ်ပေ၏။

မနဿ ဓမ္မစဟုသော စိတ်၏ကြံစည်ခြင်းသည်လည်း ပညာရှိသူတော်ကောင်းတို့သည် စိတ်ကောင်း စိတ်မြတ်နှင့် သမ္မာသင်္ကပ္ပ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့ကို ကြံလျှင် ကြံသည့်အတိုင်း လုပ်တတ်ကြခြင်းကြောင့် လောကသံသရာ ကြီးပွါးချမ်းသာခြင်းကို ရရှိနိုင်ကြကုန်၏။ ပညာမဲ့ပသူတော်တို့မှာ ကင်္ငါးပါးကို ကျူးလွန်ရန်ကြံစည်လျှင် ကြံသည့် အတိုင်း လုပ်တတ်ခြင်းကြောင့် အချုပ်ခန်းနှင့်ထောင်တို့တွင် လူပြက်သည် ဟူ၍မရှိ ဖြစ်ပေသည်။ တိရစ္ဆာန်၊ပြိတ္တာ၊ငရဲဘုံတို့၌လည်း လျှော့ပါးခြင်းမရှိပေ။

# ၄၉-သက္ကပညသုတ်

ဒီဃနိကာယ်ဝင်သုတ္တန်ပိဋကတ် မဟာဝဂ်ပါဠိတော် သက္ကပညသုတ်တွင်လည်း -

မြတ်စွာဘုရားသည် သိကြားမင်းအား ကြံစည်သော ဝိတက်သည် သံသရာချဲ့ထွင်တတ်သည့်တရား ပပဉ္စသညာ ဟူသော အခြေခံဖြစ်ရာ အကြောင်းရှိ၏။ သံသရာချဲ့ထွင်တတ်သည့် တရားစု ဟူသော ထင်ရှားဖြစ်ပေါ်ရာအကြောင်းရှိ၏။ သံသရာချဲ့ထွင်တတ်သည့် တရားစုဟူသောအမွန်အစဖြစ်ရာအကြောင်းရှိ၏ဟူ၍ မနဿ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿောဟူသော စိတ်ကြံစည်မှုဝိတက် ဖဿကို အလွန်အရေးကြီးကြောင်း ဟောတော်မူပေ၏။ တရားအားထုတ်သော ပုဂ္ဂိုလ်တို့သည် ထိုဝိတက်ကိုချုပ်တည်းနိုင်အောင် ပဋ္ဌမလေ့ကျင့်ရပေ၏။ ထိုဝိတက်ကိုမှ မနိုင်သေးလျှင် ဘာတရားကိုမျှ မမြင်နိုင်ပြီ။ မနောနှင့်အကြံ ဖဿသည် စိတ်ကိုသိမ်းကျုံးယူငင်ခြင်းတို့ပင်တည်း။

ဤသည်တို့ကား မြေကြီးနှင့်တူသော ဘာဝနာကို ပွါးစေသောသူတို့အား ဘော်ပြခဲ့ပြီးသော ဖဿ ခြောက်ပါးတို့သည် စိတ်ကိုသိမ်းကျုံးယူငင်၍ တည်ခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့ဟူ၍ ဟောတော်မူခြင်း ဖြစ်ပေ၏။

သို့ဖြစ်ခြင်းကြောင့် မိမိကိုယ်ကို မြေကြီးနှင့်တူသော ဘာဝနာပွါးနိုင်လျှင်ကား ဖဿကြောင့် တွေ့ကြုံတတ်သော တရားတို့သည် နည်းပါးရတော့မည်ဖြစ်ပေ၏။

## ၃၀-မြေကြီးနှင့်တူသော ဘာဝနာ

မြေကြီးနှင့်တူသော ဘာဝနာကိုပွါးနိုင်ရန် အကြောင်းအရာ တို့ကိုလည်း မြတ်စွာဘုရားဟောထားတော်မူပေ၏။ ။သတ္တဝါတဦးသည်အာယုကပ် တကပ်အတွင်းမှာပင် ဖြစ်ခဲ့ရသောဘဝများစွာတွင် သေခဲ့ရသမျှ ရုပ်ခန္ဓာတို့ကိုစု၍ထားပါလျှင် ဂိဇ္ဈကုဋ်တောင်မျှရှိ၏ဟု ဟောတော်မူသဖြင့် ထို ရုပ်ခန္ဓာများမှ အရေ၊အသား၊အကြော၊အရိုး ဟူသော တကိုယ်လုံး၏ အရည် အဖတ် ကလာပ်တို့သည် မြေကြီးပေါ်မှလွဲ၍ ဘယ်နေရာကိုမှ ရောက်နိုင်ဘွယ်ရာမရှိပြီ။ ထိုခန္ဓာတို့၏ အရည် အဖတ် ကလာပ်တို့သည် မြေကြီးဖြစ်ရုံမှလွဲ၍ ဘာဝတ္ထုမျှမဖြစ်နိုင်ပေ။ ယခုအခါ ဝိဉာဉ်ထင်ရှားရှိလျက်နှင့် သွားလာနေထိုင်ကြသော လူနှင့်တကွ တိရစ္ဆာန်ဟူသမျှ ပိုးရွ ချပုံးမကျန် အားလုံးသတ္တဝါတို့သည်လည်း မိမိတို့၏ ခန္ဓာဟောင်းဖြစ်သော မြေကြီးပေါ်၌ပင် သွားလာနေထိုင်ကြရပေ၏။ မိမိတို့၏ ခန္ဓာဟောင်းဖြစ်သော မြေကြီးကိုပင် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်၍စားသောက်နေကြရ၏။ သေသောအခါ၌လည်း မြေကြီးပင်ဖြစ်ကြရပေ၏။

ထိုသို့ဖြစ်ခြင်းကြောင့် မြေကြီးနှင့်တူသော ဘာဝနာပွါးမှု ကိစ္စမှာ လွန်စွာ တွေးခေါ်စဉ်းစား၍နေဘွယ်မဟုတ်ပေပြီ။ မြေကြီးပင်လျှင် မိမိ

တို့၏ ကိုယ်ခန္ဓာ။ မိမိတို့၏ ကိုယ်ခန္ဓာသည်ပင်လျှင် မြေကြီးဖြစ်ပေ၏။ သေလွန်၍ စွန့်ပစ်အပ်သောကိုယ်ခန္ဓာဟောင်းသော်မှ မြေကြီးဖြစ်ရသည် မဟုတ်သေး လူ သို့မဟုတ် လူကဲ့သို့ ကိုယ်ခန္ဓာကြီးမားသော သတ္တဝါတို့မှာ မိခင်ဝမ်းတွင် ပဋိသန္ဓေနေရစဉ်က လွှမ်းခြုံထားသည့် အချင်းဖြစ်သော မိမိ၏ကိုယ်ခန္ဓာ အစိတ်အပိုင်းသည်ပင် မွေးဖွါးသောနေ့၌ မြေကြီးတွင်မြှုပ်နှံခဲ့ရလေပြီ။ မွေးဖွါးလာခဲ့သောနေ့မှစ၍ အသက်ရှင်လျက်ရှိချိန်မှာပင် ကိုယ်အင်္ဂါအစိတ်အပိုင်းတို့မှာ မြေကြီးဖြစ်ကြရသောအခြင်းအရာတို့ကိုလည်း စဉ်းစားဆင်ခြင်အပ်ပေ၏။ ဆံပင်ကို မကြာခဏ ရိတ်ကြရ၏။ ချေးသည်း လက်သည်းကို မကြာခဏဖြတ်ကြရ၏။ ကျင်ကြီးကျင်ငယ် ချွေး တံတွေး နှပ် သလိပ် ပြည် သွေး မျက်ရည် ဆီကြည် ဟူသော ကိုယ်အင်္ဂါအစိတ်အပိုင်း ကောဋ္ဌာသတို့သည် အမှတ်မထင် နေ့စဉ်အကြိမ်များစွာ မြေကြီးဖြစ်လျက်နေကြပေ၏။ ခန္ဓာကိုယ်မပျက်စီးသေးမီ ဝိညာဉ်ထင်လင်းနှင့်ပင် ကိုယ်ခန္ဓာမှ နေ့စဉ်နှင့်အမျှမြေကြီးဘဝရောက်နေသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းအလေးချိန်မှာ ထိုသတ္တဝါ၏ ခန္ဓာကိုယ်အလေးချိန်ထက် အဆများစွာ သာလွန်နိုင်ပေ၏။

ဤသည်တို့ကား မိမိတို့၏ ကိုယ်ခန္ဓာမှ မြေကြီးနှင့်တူပုံဟူသော ဘာဝနာပွါးနိုင်ရန် သဘောတရားတို့ပင်တည်း။ ဤကဲ့သို့ ဟုတ်မှန်သည့် အတိုင်း အားကုက်ဆင်ခြင်နေခြင်းဖြင့် မြက်စွာဘုရား ဟောကြားသော တရားတော်ကို ရိုသေစွာလိုက်နာကျင့်ကြံသူဟူ၍ ခေါ်ဆို ထိုက်ပေ၏။ ထိုကျင့်ကြံအားထုတ်သူတို့သည် အဆင်း အသံ အနံ့ အရသာ အတွေ့အကြုံစသည့် အာရုံတို့နှင့် တွေ့ထိမှုဟူသော ဖဿဘာရားတို့ကြောင့် ငမ္မေးအရှူး နွားသိုးကြိုးပြတ် ခွေးငတ်ရိုးခဲ အဖြစ်မျိုးသို့ ဆိုက်ရောက်ရန် မလွယ်ကူတော့ပေ။

ဤသည်ကား မဟာရာဟုလောဝါဒသုတ် အပုဒ် (၁၂) မြေကြီးနှင့်တူသော ဘာဝနာကိုပွါးစေခြင်းဖြစ်၏။ (၁၃) ရေနှင့်တူသော ဘာဝနာ။ (၁၄)မီးနှင့်တူသောဘာဝနာ။ (၁၅)လေနှင့်တူသောဘာဝနာ။ (၁၆)ကောင်းကင်နှင့်တူသော ဘာဝနာတို့မှာ ဖဿ တရားဆင်ခြင်မှုတို့ပင်တည်း။ (၁၇)အိုရာဟုလာ အမျှ ချစ်ခြင်းမေတ္တာဘာဝနာကိုပွါးစေလော့။ မေတ္တာဘာဝနာကိုပွါးစေသောသင့်အား အကြင်သတ္တဝါတို့၌ အမျက်ထွက်ခြင်းဗျာပါဒသည် ပျောက်လတ္တံ့။ (၁၈) ဆင်းရဲသောသတ္တဝါတို့၌ သနားခြင်း ကရုဏာ ဘာဝနာကိုပွါးစေသော သင့်အား သတ္တဝါတို့ကိုညှင်းဆဲခြင်း ဝိဟိံသ ပျောက်လတ္တံ့။ (၁၉)ဝမ်းမြောက်ခြင်း မုဒိတာဘာဝနာပွါးသောသင့်အား အကြင်တောကျောင်းတောင်ကျောင်းတို့၌နေသောအခါ မမွေ့လျော်သော အရတိ တရားသည် ပျောက်လတ္တံ့။ (၂၀) ဥပေက္ခာဘာဝနာကိုပွါးသောသင့်အား အကြင် ညှင်းဆဲနှိပ်စက်တတ်သော ဒေါသ ကိလေသာသည် ပျောက်လတ္တံ့။ (၂၁) မတင့်တယ် စက်ဆုပ်ဘွယ်ဟုရှုသော အသုဘဘာဝနာပွါးသောသင့်အား အကြင် ကာမဂုဏ်ငါးပါးတို့၌ တပ်နှစ်သက်သော ရာဂသည် ပျောက်လတ္တံ့။ (၂၂) မမြဲဟူသော အနိစ္စဘာဝနာပွါးသောသင့်အား ငါတကားဟု ထောင်လွှားတတ်သော မာနတရားသည် ပျောက်လတ္တံ့။ (၂၃-၂၄-၂၅) ထွက်သက်ဝင်သက်ကို သတိနှင့်ဖြစ်စေအံ့ဟု ကျင့်အပ်၏။ ။ပီတိကို ထင်စွာပြုလျက် ထွက်သက်ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်အပ်၏။ သုခကိုထင်စွာပြုလျက် ထွက်သက်ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်အပ်၏။ ဝိတက် ဝိစာရမှ တပါးသော စေတသိက် ငါးဆယ်ဟူသော စိတ္တသင်္ခါရကို ထင်စွာပြုလျက် ထွက်သက် ဝင်သက်ကို ဖြစ်စေအံ့ဟုကျင့်အပ်၏။ ။ရုန့်ရင်းသော စိတ္တသင်္ခါရကို ငြိမ်း

ပေလျက် ထွက်သက်ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်အပ်၏။ စိတ်ကိုဝမ်းမြောက်စေလျက် ထွက်သက်ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ကျင့်အပ်၏။ စိတ်ကို ကိလေသာမှလွတ်စေလျက် ထွက်သက်ဝင်သက်ကိုဖြစ်စေအံ့ဟူ၍ကျင့်အပ်၏။ အနိစ္စဟု အဘန်တလဲလဲရှုလျက် ထွက်သက်ဝင်သက်ကိုဖြစ်စေအံ့ဟူ၍ကျင့်အပ်၏။ ရာဂကင်းရာ နိဗ္ဗာန်ကို အဘန်တလဲလဲရှုလျက် ထွက်သက် ဝင်သက်ကိုဖြစ်စေအံ့ဟူ၍ကျင့်အပ်၏။ ။ကိလေသာစွန့်ရာ ဖြစ်သော နိဗ္ဗာန်၊ စွန့်တတ်သော အရိယမဂ်ကို အဖန်တလဲလဲရှုလျက် ထွက်သက်ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ကျင့်အပ်၏။ ။ဤကဲ့သို့ ထွက်သက် ဝင်သက်ကို အောက်မေ့မှုဘာဝနာကိုပွါးများသည်ရှိသော် အကြိမ်များစွာ ပြုအပ်သည်ရှိသော် ကြီးသောအကျိုးရင်းရှိသည် ကြီးသောအကျိုးဆက် ရှိသည်ဖြစ်၏ ဟူ၍ ဟောတော်မူ၏။

ကြီးသော အကျိုးရင်းရှိသည် ကြီးသော အကျိုးဆက်ရှိသည်ဟူ၍ ဟောတော်မူရာတွင် အဘယ်မျှ အကျိုးရင်း အကျိုးဆက်ရှိနိုင်သနည်းဟူမူကား အနည်းဆုံးအားဖြင့် မနောင်သောအခါမှာ ရှင်စုဠပန်မထေရ်ကဲ့သို့ မြတ်စွာဘုရားသာသနာတော်တွင် လွယ်ကူစွာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ခြင်း။ အများဆုံးအားဖြင့်ကား ဤသာသနာတော်တွင်းမှာပင် ယခုဘဝ နေယျပုဂ္ဂိုလ်ဖြစ်စေကာမူ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ယခုဘဝ အတွင်းမှာပင် ရနိုင်မည်ဖြစ်ပေ၏။ ယခုဘဝမှာပင် မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်ကြောင်းကား—

ယဿ ပုဂ္ဂလဿ ဥဒ္ဒေသတော ပရိပုစ္ဆတော ယောနိသော မနသိကရောတော ကလျာဏမိတ္တေ သေဝတော ဘဇတော ပယိရုပါသတော အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတိ အယံဝုစ္စတိ ပုဂ္ဂလော နေယျောဟူ၍ မဟာပဒါနသုတ် အဋ္ဌကထာ၌ ထင်ရှားပါရှိပေ၏။

## ၅၁-သံဃရက္ခိတဝတ္ထု

ဓမ္မပဒ ပါဠိတော် သံဃရက္ခိတဝတ္ထု၊ တရားလိုက်စားသော ပုဂ္ဂိုလ်တို့ အရကျက်၍ ခဏခဏရွတ်ဘတ်နေဘို့ကောင်းလှသော တရားတော်ဖြစ်၏။

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ၊
ယေစိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

ဒူရင်္ဂမံ၊ဝေးသောအရပ်၌တည်သော အာရုံသို့လည်း သွားတတ်ဟသော။ ဧကစရံ၊တခုချုပ်ပြီးမှတခုဖြစ်ထသော။ အသရီရံ၊ကိုယ်လည်း မဟုတ်ထသော။ ဂုဟာသယံ၊မဟာဘုတ်တည်းဟူသော လိုဏ်လျှင်တည် ရာရှိထသော။ စိတ္တံ၊ စိတ်ကို။ ယေ၊ အကြင်သူသည်။ သံယမေဿန္တိ၊ စောင့်စည်းနိုင်ကုန်၏။ တေ၊ထိုစိတ်ကို စောင့်စည်းချုပ်တည်းနိုင်သော သူတို့သည်။ မာရဗန္ဓနာ၊ကိလေသာမာရ်၏ အနှောင်အဖွဲ့မှ။ မောက္ခန္တိ၊ လွတ်ကုန်လတ္တံ့။

ဤသည်တို့ကား ဤစာအုပ်တင်ပြသူသည်ဤစာအုပ်ဘတ်ရှုကြမည်ဖြစ်သော ဓမ္မမိတ်ဆွေများအနက် မိမိ၏ ကြည့်ဘူး,ကြုံဘူး,မှတ်ဘူး,လေ့လာဘူး,နှလုံးသွင်းဘူး,အားထုတ်ဘူး,သဘောပေါက်ဘူးသမျှတို့ကို (နာဘူးထပ်မံ)ဟူသည့် သဘောအတိုင်း သိပြီး,တတ်ပြီး,နားလည်ပြီး, သဘောပေါက်ပြီးပုဂ္ဂိုလ်တို့ ပါဝင်ကြမည်ဖြစ်သော်လည်း ထပ်မံ၍နှိုးဆော်သည့် အနေဖြင့် ဤစာအုပ်ကိုတင်ပြခြင်းဖြစ်ပေ၏။

## ၅၂-ဇောတိပါလဝတ္ထု

ဤမှရှေ့သို့လည်း သာသနာတော်တွင်းမှာပင် လူ၏ဘဝကို ရပါလျက် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကိုးကွယ်သော မိရိုးဘလာဖြစ်ကြ

ပါလျှက် တရားဓမ္မတို့ကိုလည်း နာဘူး ကြားဘူး သင်ဘူးကြပါလျှက် အမှတ်တမဲ့နေကြသော ပုဂ္ဂိုလ်တို့အား ဗုဒ္ဓုပ္ပါဒ နဝမ ခဏအချိန်ကိုသတိရလိုရငြား သဘောထား၍ တိုက်တွန်း လိုပြန်သည်ကား—

ကဿပ မြတ်စွာဘုရား လက်ယက်တော် အခါက ဂေါတမဘုရားအလောင်းတော်သည် ဇောတိပါလ ပုဏ္ဏားလုင်ဖြစ်ခဲ့လေ၏။ ဇောတိပါလကို ချစ်လှစွာသော ဃဋီကာရ အိုးထိန်းသည်က ကဿပမြတ်စွာဘုရားထံတော်သို့ အကြိမ်ကြိမ်ခေါ်၍ မရသည်ရှိသော ပရိယာယ်ဖြင့် ဘုရားကျောင်းတော်အနီး မြစ်ကမ်းနားသို့ ရေချိုးခေါင်းလျှော်ခေါ်သည်တွင် လိုက်လာလေ၏။ ခေါင်းလျှော်ပြီးသော် ပြန်ကြမည်ပြုသည်တွင် ဇောတိပါလကို ဘုရားကျောင်းတော်သို့ခေါ်ပြန်၏။ ဂေါတမအလောင်းတော် ဇောတိပါလသည် ကဿပ မြတ်စွာဘုရားကို ဦးပြီးရဟန်းဟုခေါ်၏။ ဦးပြီးရဟန်းနှင့်တွေ့၍ အဘယ်အကျိုးရှိအံ့နည်း မလိုက်လိုဟုငြင်းပြန်၏။ ထိုအခါ ဃဋီကာရသည် ဇောတိပါလအား ခါးတောင်းမြီးကိုဆွဲ၍ ခေါ်ပြန်၏။ ဦးပြီးရဟန်းထံသို့ မလိုက်ဟုငြင်းပြန်၏။ ထိုအခါ ဇာတ်အားဖြင့် နိမ့်ကျသော ဃဋီကာရသည် ဇာတ်မြင့်သော ဇောတိပါလ၏ ဦးဆံကို ဆွဲ၍ခေါ်လေ၏။ ထိုအခါ ဇောတိပါလက စဉ်းစားလေ၏။ ငါ့အား ဤမျှ အနိုင်ကျင့်သောအခါသည် မရှိခဲ့စဘူး ယခုသည်ကား စင်စစ်မ ကောင်းသဖြင့် ပြုခြင်းမဟုတ်တန်ရာဟု နှလုံးပိုက်၍ လိုက်သွားလေ၏။

ကဿပမြတ်စွာဘုရားထံတော်သို့ရောက်၍ ဃဋီကာရက ဤဇောတိပါလသည် အလွန်ချစ်အပ်သော သူငယ်ချင်းဖြစ်ပါသည်။ ဇောတိပါလကို ဘုရားဟောတော်မူပါဟု လျှောက်လေ၏။ တရားနာပြီး၍ ကျောင်းတော်မှ ပြန်ခဲ့ကြရာတွင် ဃဋီကာရအား အပြစ်တင်လေ၏။ အဘယ်သို့ အပြစ်တင်သနည်းဟူမူ အို အဆွေ ဃဋီကာရ သင်သည် ကဿပ မြတ်စွာဘုရားနှင့်ရင်းနှီးလှပေစွ။ ဤမျှကြာမြင့်စွာရင်းနှီးခဲ့ပါလျှက် အဘယ်ကြောင့် ရဟန်းမပြုသေးသနည်း။ ငါ့အား ယခုပင်လျှင် ကဿပ မြတ်

စွာဘုရားထံတော်သို့ ပြန်ပို့ပါလော့။ ရဟန်းပြုတော့အံ့ဟု ချက်ခြင်း ရဟန်းပြုလေ၏။

ဿဋ္ဌိကာရနှင့်တူသော ဤစာတင်ပြသူသည် ဇောတိပါလ ကဲ့သို့ အရင့်အမာယင်ဖြစ်လျက် မေ့လျော့နေသော ပုဂ္ဂိုလ်တို့ကို ခါးတောင်းမြိုးနှင့် ဦးစွန်းကိုဆွဲခေါ်သည့်ပမာ အကြိမ်ကြိမ် ထပ်ခါထပ်ခါတိုက်တွန်းလိုပေ၏။

# ၅၃-ဗုဒ္ဓုပ္ပါဒနဝမခဏ

ဤစာအုပ်မှာ အစကပင် တိုက်တွန်းခဲ့သော သာသနာတော်တွင်းတရားဖြစ်သော သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ပြုတ်မှု အနည်းဆုံးအားဖြင့် ကလျာဏပုထုဇဉ်အစစ်ဖြစ်မှုပင် အရေးထား၍ တိုက်တွန်းခဲ့ခြင်း ဖြစ်ပေ၏။ ယခုလည်း တိုလောင်းလှစွာသော ဗုဒ္ဓုပ္ပါဒ်နဝမခဏ အချိန်ကို လက်မလွှတ်ကြစေရန် ဖြစ်ပေသည်။ ဗုဒ္ဓုပ္ပါဒနဝခဏ အချိန်တိုပုံကား တနှစ်တွင် တဆယ့်နှစ်ရာသီရှိရာ မိုးလေးလရာသီအတွင်း တညသော အခါ လျှပ်စစ်တကြိမ်လက်သည်ကို အိပ်မောကျနေ၍ မမြင်လိုက်သကဲ့သို့ ရှည်ကြာလှစွာသော သံသရာကာလအတွင်းမှာ ဘုရားပွင့်တော်မူ၍ ပရိယတ် ပဋိပတ် ပဋိဝေဒဟူသော သာသနာတော်သုံးပါး အပြည့်အစုံရှိနေသေးသည့် ဗုဒ္ဓုပ္ပါဒနဝမခဏကို အမှတ်မထင်လွန်၍ မသွားကြစေခြင်းငှာဖြစ်ပေ၏။ အကယ်၍အမှတ်မထင် သတိမထားမိဘဲ အချိန်ကုန်လွန်သွားပါသော်လည်း မဂ်အခြေ ဖိုလ်အခြေ မရလိုက်ပါလျှင် ကလျာဏပုထုဇဉ်အဖြစ်မျှမရမိလိုက်ပါလျှင် သေသောအခါ ကျမိကျရာဖြစ်သော ဝိနိပါတ ဘေးနှင့် ပုထုဇဉ်မှန်သမျှဘယ်လိုပုဂ္ဂိုလ်ဖြစ်ဖြစ် အသက်ရာကျော်ရှည်၍ ဘယ်လောက်ပင်ကြီးမားသော ဂုဏ်ထူးကြီးတွေရ ထားသည် ဖြစ်စေ ကမ္ဘာပေါင်းရှစ်သောင်းလေးထောင်အသက်ရှည်သောပြဟ္မာကြီးပင်

ဖြစ်သော်လည်း ဘောကြီးလေးပါးနှင့်တွေ့ရဦးမည်မှာမလွဲနိုင်ပေ။ မဂ်ရဖိုလ်ရမဟုတ်သေးလျှင် မည်သူမျှစိတ်မချရသေးဖြစ်ပေ၏။

## ၅၄-ဘေးကြီးလေးပါး

ဘေးကြီးလေးပါးကား။ ဝိနိပါတဘေး
ဒုစ္စရိတဘေး
အပါယဘေး
နာနာသတ္တဥလ္လောကနဘေးတို့ပင်တည်း။

ဝိနိပါတဘေးဟူသည်ကား ငါသေလျှင် ဘယ်ဘဝသွားမည်ဟု မှန်းထား၍မရသောဘေး ပရမ်းပတာ ကျတတ်သောဘေးဖြစ်၏။ ၎င်းဝိနိပါတဘေးသည် အတ္တဒိဋ္ဌိ ငါတန်းလန်းနှင့်သေကြသောပြဟ္မာနတ်လူမည်သူမဆို စိတ်မချရသောဘေးဖြစ်၏။ ။ဝိနိပါတဘေးကို အဋ္ဌကထာဆရာဖွင့်ထားသည်ကား။ ။သိဂ်သောတာ ဟာရဟာယိနီ၊ ပဗ္ဗတေယာနဒီဝိယ ဒါတဗ္ဗာ။ ။သိဂ်သောတာ၊လျင်မြန်သောရေအလျင်ရှိသော၊ ဟာရဟာယိနီ၊ ဝဲယာနှစ်ဘက်၌ ဆောင်တိုက်သမျှ အလွန်ဆောင်သွားတတ်သော။ ပဗ္ဗတေယာ၊ တောင်မှစီးဆင်းသော။ နဒီဝိယ၊မြစ်ကဲ့သို့။ ဒါတဗ္ဗံ၊ မှတ်အပ်၏။ ။တောင်နှစ်လုံးကြားမှ မိုးသီးထန်စွာ ရွာသောအခါ စီးဆင်းသောရေတိုက်ခတ်၍ မျောပါလာကြကုန်သော ထင်းဆွေး အမှိုက်သွေးတို့သည် ဆောက်တည်ရာမရဘဲ ထောင်လျှက်မျော တုံးလုံးမျော ကန့်လန့်မျောပါလာကြဘိသကဲ့သို့ ထို့အတူ ပုထုဇဥ်သတ္တဝါတို့သည် လူအဖြစ်နှင့်တသံသရာ ခွေးအဖြစ်နှင့်တသံသရာ သူဌေးအဖြစ်နှင့်တသံသရာ ဆုတောင်းစားအဖြစ်နှင့်တသံသရာ ချောချောလှလှနှင့်တသံသရာ ကျိုးကျိုးကန်းကန်းနှင့်တသံသရာ ကာမရူပအရူပဘုံတို့၌တသံသရာ ငရဲကြီးရှစ်ထပ်၌ တသံသရာ သံသရာကြောတွင်တုံးလုံးမျော ပက်လက်မျော မျောချင်တိုင်း

မျှောတတ်သောကြောင့် အတ္တဒိဋ္ဌိ ငါတန်းလန်းနှင့် သေရမှာ အလွန် ကြောက်ဘို့ကောင်းလှပေ၏။

ဝိနိပါတဘေးကို ပါဠိတော်များ၌

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ။
ဘဝဂ္ဂတ္တမ္ပိ သမ္ပတ္တာ၊ ပုနဂစ္ဆန္တိ ဒုဂ္ဂတိံ ။

ပုညတေဇေန၊ဒါန သီလ သမထဟု စရဏ ရှိန်ခေါ် အာနုဘော်သည်။ ဥက္ခိတ္တာ၊ပင့်ကော်မြှောက်ကြွ၊ထောက်ထချီငင်၊ မြှင့်တင်သွေးဆောင်အပ်ကုန်သည်ဖြစ်၍။ ကာမရူပဂတိံ၊လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်သို့တခါတခေါက် ကံကောင်းထောက်၍။ ဂတာ၊ကတိုက်ကရိုက် ရောက်လာကြကုန်သော ပုထုဇဉ်သတ္တဝါတို့သည်ရင်း။ ဘဝဂ္ဂတ္တမ္ပိ၊ဘုံတွင်ဘုံဖျား၊ အမြင့်စားအကျော်၊ နေဝသညာ နာသညာခေါ်ရတဲ့ အရူပ ဗြဟ္မာကြီးတို့သည်ရင်း။ သမ္ပတ္တာပိ၊သမာဓိမြှောက်၊ချွန်ဟုန်ပေါက်၍၊ သက္ကာယဒိဋ္ဌိမသေ ကမ္ဘာကြီးပေါင်း ရှစ်သောင်းလေးထောင်ပင် နေရငြားသော်လည်း။ ပုညက္ခယေန၊ဆယ်ဖြာပုည၊ကုသလက၊မြှောက်ပင့်ရင့်သန်၊ စွမ်းအန်ကုန်ခဲ့ခြင်းကြောင့်။ ပုန၊အဝီစိရောက်၊ဒုံးယိုပေါက်မအောင်၊ အောက်သို့ တုန့်ခေါက်တဘန်။ ဒုဂ္ဂတိံ၊ မကောင်းသူတို့လားရာ၊ ပူဆာထန်ပြင်း၊ မဆန်ငြင်းနိုင်သော ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပယ်လေးဘုံသို့။ အာဂစ္ဆန္တိ၊သက္ကာယဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ ငါငါဆိုတဲ့ တရားကဆွဲငင်၍ ကသိက အောက်နှင့် စောက်ထိုးထွမ်းပြန်ကျတတ်ပေ၏။

ဒုစ္စရိတဘေးဆိုသည်ကား အတ္တဒိဋ္ဌိ ငါတန်းလန်းနှင့် ရှိနေကြကုန်သော လူတွေ နတ်တွေ ဗြဟ္မာတွေသည် သံသရာတခွင်လုံးတွင် အတ္တဒိဋ္ဌိ ငါလက်ကိုင်ထား၍ မိုက်ချင်တိုင်းမိုက် မှားချင်တိုင်းမှား၍လာခဲ့ကြကာ သန်းကြမ်းပိုးမှုစ၍ ကြက်ငှက်တိရစ္ဆာန်အမျိုးမျိုးတို့ကို သတ်ခဲ့ကြသည့်

ပါဏာတိပါတာအကုသိုလ်ကံကြွေးတွေပြင်အဒိန္နာဒါန်၊ ကာမေသုမိစ္ဆာစာရပါ သိုသောအကုသိုလ်ကံကြွေးတွေနှင့်ပျော်ပျော်ပါးပါး သောက်စားမှုးရစ် ခဲ့သည့် သုရာမေရယ အကုသိုလ်ကံကြွေးများသည် ယခုဘဝ၌ လွတ်ကင်း သော်လည်း ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်က ကျူးလွန်မှောက် မှားခဲ့ကြတဲ့ အကုသိုလ်ကံကြွေးတွေကို အသင်တို့အကြောင်း အသင်တို့ မသိကြလို့သာ ရဲရဲဝန့်ဝန့်နှင့် ကာမဂုဏ်တောကြီးထဲမှာ ပျော်ပျော်ပါး ပါးခံစားနေနိုင်ကြပေသည်။ သိမျှားသိကြပါလျှင် ယခုတွေကြုံ ဆုံစည်း နေကြရသော သည်လင် သည်သား သည်မယားတွေနှင့်မျက်နှာချင်းဆိုင် ပြိုင်ပြီးငိုနေကြဘွယ်ရာသာရှိ၏ဟူ၍ ဘုရားရှင် ကိုယ်တော်မြတ် ဟော တော်မူသောတရားတော်ကား -

တိံသနိပါတ်၊ ကုမ္ဘဇာတ်၌ ဝိသာခါ၏အပေါင်းပါမိန်းမတို့အား ဤသို့ ဟောတော်မူ၏။

ကိံနုဟာသော ကိမာနန္ဒော၊ နိစ္စံပဇ္ဇလိတေသတိ၊
အန္ဓကာရေနဩနဒ္ဓါ၊ ပဒီပံ နဂဝေသထ။ ။

နိစ္စံ၊ သုံးဆယ့်တဘုံဖြစ်လေရာရာအစဉ်တစိုက်အမြဲလိုက်သည်ဖြစ်၍။ ပဇ္ဇလိတာ ပဇ္ဇလိတာနံ၊ ရှေ့သို့အပယ်လေးပါး ကျဘို့အပြီး အမှုကြီးတွေ အနန္တ ရင်ထဲ နှလုံးထဲ၌ ရဲရဲကြီးတောက်လျှက်ပါရှိနေကြကုန်သည်။ သတိ သတိ၊ ဖြစ်ကြကုန်သော။ တုမှေ၊ သင်တို့အား။ ဟာသော၊ ပြုံးဘွယ်မှုင်ဘွယ် သည်။ ကိံနုအတ္ထိ၊ အဘယ်မှာရှိအံ့နည်း။ အာနန္ဒော၊ နှစ်သက်ပျော်မွေ့ ဘွယ်သည်။ ကိံနုအတ္ထိ၊ အဘယ်မှာရှိအံ့နည်း။ အန္ဓကာရေန၊ အဝိဇ္ဇာ မှောင်တိုက် အမိုက်ထုကြီးသည်။ ဩနဒ္ဓါ၊ မိမိကိုယ်တွင်အစဉ်တစိုက်အမြဲ လိုက်နေသော ပုပန်ဘွယ်ရာ အနန္တတွေကို ဘာမျှမသိရလေအောင် ပိတ် လှောင်မြှေးရှက်အပ်ကုန်သော။ တုမှေ၊ သင်တို့သည်။ ပဒီပံ၊ ရုပ်နမ် ခန္ဓာ ဓာတ် သစ္စာ တရားဟူသော ပညာဆီမီးအရောင် တို့ကို။ ကိံ၊ အဘယ့်

ကြောင့်။ နုဂဝေသထ၊ကိုယ်ပိုင်ဉာဏ်ဖြင့် မသိ သိအောင် မရှာမှီးကြပါ ကုန်သနည်း။ ။ဤကဲ့သို့ ဒုစ္စရိတဘေးဖြစ်သော အကုသိုလ်ကံ ကြွေး တွေကို ကြောက်ဘို့ကောင်းသည့်အကြောင်း ဟောတော်မူ၏။

အပါယဘေးဆိုသည်ကား။ မိမိတို့ပြုလုပ်ခဲ့ကြသော အကုသိုလ် ဒုစ ရိုက်အမှုတို့အတွက် ဘဝများစွာ အပါယ်ဒုဂ္ဂတိသို့ ကျရောက်စေလတံ့ သော အပရာပရိယဝေဒနိယကံခေါ် အပါယ်ကြွေးတွေ ရှိနေသေးသည် ဖြစ်ပေ၏။

နာနာသတ္တုဥလ္လောကနဘေးဆိုသည်ကား။ သံသရာတခွင်လုံး၌အတ္တ ဒိဋ္ဌိရှိနေသမျှကာလပတ်လုံး ဘုရားမှန်တရားမှန်နှင့်မတွေ့နိုင်။ အချို့ဘဝ တွင် ဆုံရသော်လည်း မယုံကြည်မိ၍ မတွေ့လိုက်ရ။ အချို့ဘဝ၌လည်း အကုအယောင်ဘုရားတွေနှင့်သာ တွေ့ကြုံခဲ့ကြရ၏။ ကိုးကွယ်ဆည်းကပ်မှု ကိစ္စကလည်း အလွန်အလွန်အရေးကြီးလှ၏။ မမှန်သည်ကိုကိုးကွယ်ဆည်း ကပ်မိ၍ ဇွဲသန်သန်နှင့်ပြုမိ နှလုံးသွင်းမိခဲ့သော် ကိုးကွယ်မိသော ဘုရားတို့ ကြောင့်လည်း အပါယ်လေးပါးမှမတက်နိုင်အောင်ဖြစ်တတ်ခြင်းကြောင့် နာနာသတ္တုရာနံမုခံ ဥလ္လောကေန္တိ ပုထုဇနေ့ာဟုမိန့်တော်မူပေ၏။ ပုထုဇဉ် တို့သည် ဖြစ်ရာဘဝ၌မိရိုးဘလာကိုးကွယ်ဆည်းကပ်ရာကို ကိုးကွယ်ဆည်း ကပ်တတ်ကြပေ၏။ ဘုရားမှန် တရားမှန်ကား မသိကြပေ။ သို့အတွက် နာနာသတ္တုဥလ္လောကနဘေးနှင့်တကွ ဘေးကြီးလေးပါးမှ လွတ်ကင်းနိုင် အောင် တရားစစ်တရားမှန်ကိုတွေ့အောင်ရှာရမည်ဖြစ်ပေ၏။

## ၅၅-ဘေးကြီးလေးပါးမှ လွတ်သောတရား

ထိုဘေးကြီးလေးပါးမှ လုံးဝကင်းလွတ်နိုင်သော တရားသည်ကား မဂ်ဉာဏ် ဖိုလ်ဉာဏ်ပင်တည်း။ အနည်းဆုံးအားဖြင့် တဗ္ဗဒါဠ္ဍကကဲ့သို့ အနုလောမိကခန္တိဉာဏ်ဟူသော စူဠသောတာပန်အဖြစ် ရောက်မှစိတ်ချ

ရမည်ဖြစ်ပေ၏။ မဂ်ဉာဏ်ကိုကေန်ရနိုင်သောတရားကိုလည်း ထေရာအပါ ပါန်၌ ဟောတော်မူ၏။ ။စတ္တာရိမာနိဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ၊က တမေစတ္တာရော သပ္ပုရိသ သံသေဝေါ၊ သဒ္ဓမ္မသဝနံယောနိသော မနသိ ကာရော ဓမ္မာနုဓမ္မ ပဋိပတ္တိတိ။ ။ဘိက္ခဝေ၊ အပါယ်ကင်းရန် သော တာပန်ကို အမှန်လိုလား ဘုံချစ်သားတို့။ စတ္တာရိ၊လေးပါးသောတရား တို့သည်။ သောတာပတ္တိ ယင်္ဂါနိ၊ ယခုဘဝတွင် အမှန် သောတာပန်ဖြစ် ထိုက်သော တရားတို့ပေတည်း။ ကတမေစတ္တာရော၊အဘယ်တရား လေး ပါးတို့ပေနည်းဟူမူကား။ သပ္ပုရိသသံသေဝေါ၊ရုပ် နာမ် ခန္ဓာ သစ္စာနှင့် ဓါတ် ပရမတ်ကို တတ်အပ်ထင်ဟင် ကျွမ်းကျင်လိမ္မာသော သူတော် ကောင်းတို့နှင့်ပေါင်းဖေါ်ရခြင်းလည်းတပါး။ သဒ္ဓမ္မသဝနံ၊ရုပ်ဓါတ်နာမ် ဓါတ် ပဋိစ္စသမုပ္ပါဒ် ပရမတ္ထတရားတို့ကို ကြားနာဆင်ခြင်၊နှုတ်တွင်ရွရွ၊ သင်အံကျက်မှတ်ရခြင်းလည်းတပါး။ ယောနိသောမနသိကာရော၊ နှုတ်က ရတိုင်း၊ဟုတ်တိုင်းမြင်အောင်၊ ဆင်ခြင် နှလုံးသွင်းရခြင်းလည်းတပါး။ ဓမ္မာနုဓမ္မ ပဋိပတ္တိ၊ လောကုတ္တရာ တန်၊ပရမတ်ဉာဏ်မြင်၊ အမှန်တိတိ၊ရုပ်နာမ်သိ က၊ဒိဋ္ဌိသက္ကာ၊ငါငါထင်ချက်၊အမှားအကျက်သမျှကို၊ ပယ်ဖျက်ရခြင်းလည်း တပါး။ ဣတိစတ္တာရိ၊ဤသို့ပြထား၊လေးပါးအင်္ဂါ၊ ပြုတိုက်စွာတို့သည်။ သောတာပတ္တိယင်္ဂါနိ၊မုချကေန်သံဒိဋ္ဌာန်ကျ ပစ္စက္ခ၌မဂ်ရဖိုလ်ရသောတာ ပန်ဖြစ်ကြောင်း တရားအစစ်ပေတည်း။

သောတာပတ္တိယင်္ဂတရားလေးပါးတို့မှာ ယခုအခါတွင် အချို့သော ပုဂ္ဂိုလ်တို့၌ အတော်ပင်ပြည့်စုံနေကြပေပြီ။ ပြည့်စုံကြောင်းကားကလျာ ဏ ပုဂ္ဂိုလ်တွေအောင်ရာရမည်ဆိုသည်မှာ ရှင်တရားသည်မမြဲ ဝေဒနာ သည်မမြဲ သညာ သခါရနှင့် ဝိဉာဉ်သည် မမြဲ။ စိုးပိုင်ထိန်းသိမ်း၍လည်း မရကောင်း။ဤကဲ့သို့သဘောပေါက်ကာ ကိုယ်ပိုင်ဉာဏ်နှင့် ထိုးထွင်း၍ သိသော ပုဂ္ဂိုလ်တို့သည် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးတို့ကင်း လွတ်နေကြပေ၏။ ထို့ပြင်အဝိဇ္ဇာတရား လက်ကိုင်ထား၍ ကုသိုလ်မှု အကုသိုလ်မှုတို့ကိုပြုသဖြင့် ရအပ်မည့်ဝိဉာဏ် နာမ် ရုပ် သဠာယတန ဖဿ

ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ ဟူသော ပဋိစ္စသမုပ္ပါဒ် လမ်းစဉ်ကို ကောင်းစွာ သဘောပေါက်ပြီးလျှင် ကမ္မသကာဉာဏ် ဟု ဆိုအပ်သော ကံ ဝိပါက်တရား တို့ကို ရှင်းရှင်းလင်းလင်း သိမြင်လျှင် သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိမရှိတော့ဘဲ မဇ္ဈိမပဋိပဒါ လမ်းသို့ ရောက်နေပေပြီ။ ၎င်းပုဂ္ဂိုလ်တို့သည် ကလျာဏလည်း ကိုယ်တိုင်ဖြစ်နေပေပြီ။ သဒ္ဓမ္မ သဝန်၊ သူတော်ကောင်းတရားကို ကြားနာရခြင်းနှင့်လည်း ပြည့်စုံပေပြီ။ ယောနိသော မနသိကာရော၊ အသင့်အတင့် နှလုံးသွင်းရခြင်းနှင့်လည်း ပြည့်စုံပေပြီ။ ဓမ္မာနုဓမ္မပဋိပတ္တိနှင့် ပြည့်စုံရန်မှာပေါ့ပေါ့တန်တန် တော် အောင်လျှော်အောင်နှင့် ပြည့်စုံလိမ့်မည်ဟု မထင်မှတ်ထိုက်ပေ။

လယ်တီဆရာတော်ဘုရား၏ ဗောဓိပက္ခိယဒီပနီ၌ မြတ်စွာဘုရား သာ သနာတော်တွင်းဝယ် သရဏဂုဏ်သုံးပါးနှင့်တကွ အာဇီဝဋ္ဌမက သီလ အမြဲလုံခြုံသော ဥပါသကာ ဥပါသိကာပုဂ္ဂိုလ် ဖြစ်လျှင်ပင် သုပ္ပဋိပန္နဂုဏ် တစိတ်၊ ဥဇုပ္ပဋိပန္နဂုဏ် ဉာယပ္ပဋိပန္နဂုဏ် သာမိစိပ္ပဋိပန္နဂုဏ်တစိတ်နှင့် ပြည့် စုံပေ၏။ ဓမ္မာနုဓမ္မပဋိပန္နအရိယာမည်ပေ၏။ သီလဝန္တကလျာဏ ပုထု ဇဉ် ပုဂ္ဂိုလ်အဖြစ်ရေတွက် သင့်ပေ၏ဟူ၍ပါရှိပေ၏။

ဤတွင်ကလျာဏအဆင့်အတန်းမှီနိုင်အောင်ကား ရှေ့ပိုင်းက ဘော် ပြတိုက်တွန်းခဲ့သည့်အတိုင်း သက္ကာယဒိဋ္ဌိ ပြုတ်လောက်အောင် ပြုတ်လု တဲတဲဆိုသကဲ့သို့ မဂ်ဉာဏ်ဖြင့် မဖြုတ်ရသေး၍သာလျှင် အကြွင်းရှိ၏ဟု ဆိုရရုံမျှသာဖြစ်၏။ သားနှင့်ပထွေးဥပမာကဲ့သို့ယုံကြည်မှုကို မစွန့်နိုင်သော အခြေသို့ဆိုက်ရောက်နေသောသူကဲ့သို့ ခိုင်မြဲသော အသိဉာဏ်အကြောင်း ယုတ္တိနှင့်တကွ ထိုးထွင်းသိမြင်ယုံကြည်သည့်ပုဂ္ဂိုလ်အဖြစ် ရောက်ရှိနေလျှင် ထိုယုံကြည်မှုသည် ယခုဘဝ၌မဂ်ဉာဏ်ဖြင့်မပိုင်သေးသော်ဒုတိယဘဝတွင် စိတ်ချရသည့်အဖြစ် ရမည်မှာ ဖော်ပြခဲ့သော ဝတ္ထုသက်သေများဖြင့် ယုံ ကြည်စွာသိအပ်ပေ၏။ သို့သော်ဤကဲ့သို့အခြေရောက်အောင်ပင်လျှင် ပေါ့ ပေါ့လွယ်လွယ် သဘောမထားမူ၍ အဇ္ဈတ္တ သုဝေဝ ဟူသော သေခြင်း

တရားမမြင်နိုင်သည်ကိုရှေ့ရှု၍ မြတ်စွာဘုရားကိုယ်တော်မြတ် အရေးကြီး စွာတိုက်တွန်းတော်မူအပ်သော တရားတော်ကို သတိပြုအပ်ပေ၏။

## ၅၆-ပြုဖွယ်ကိစ္စယနေ့ပြုလုပ်ပါ

အဇ္ဇေဝကိစ္စံ အာတပ္ပံ၊ ကောဇညာမရဏံ သုဝေ။<br>
နဟိနောသင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

အာတပ္ပံ၊ ပြုဖွယ်ကိစ္စဟူသမျှတို့ကို။ အဇ္ဇေဝကိစ္စံ၊ ယနေ့ကပင်လျှင် ကြိုးတင်၍ ပြုအပ်၏။ သုဝေမရဏံ၊ နက်ဖြန်ကျမှသေမည်ဟူ၍။ ကောဇညာ၊ မည်သူတဦးတယောက် ထွင်းဖေါက်၍သိနိုင်ပါမည်နည်း။ မဟာသေနေန၊ များသောစစ်သည်အခြံအရံရှိသော။ တေနမစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။ သင်္ဂရံ၊ နှစ်ဦးသဘောတူ အချိန်းအချက် စကားဆက်သွယ်ခြင်းသည်။ နဟိ၊ မရှိသည်သာလျှင်တည်း။ ။ဤကဲ့သို့ အရေးကြီးစွာပြုဘွယ်ကိစ္စသက္ကာယဒိဋ္ဌိပြုတ်မှုဖြစ်သော ဝိပဿနာကုသိုလ် တရားကိုယနေ့လုပ်ပါ။ မနက်ဖန်စောင့်ဆိုင်း၍မနေပါနှင့်။ စိတ်မချရဘူး ဟု တိုက်တွန်းတော်မူခြင်းဖြစ်ပေ၏။

အကယ်၍ ပေါ့ပေါ့တန်တန်နှင့် ငါ့မှာ ဒါနတော့ ပြုခဲ့လှပြီ။ ငါ့မှာ ဥပုသ်သီလစောင့်ခဲ့လှုပြီဟူသော ဒါနမယာ သီလမယာ ဟူသော ကုသိုလ် မျိုးနှင့်တော့ကုသိုလ်ရပါ၏။ သို့သော်ဘေးကြီးလေးပါးကိုစိတ်မချရသေး ပေ။ အကယ်၍ ငါကုသိုလ်ပြုသည်ဟူသော သက္ကာယဒိဋ္ဌိနှင့် ဖြစ်ခဲ့သော် ယခုဘဝခန္ဓာပျက်စီးကြရဦးမည်မလွဲဖြစ်သခြင့် အချိန်အရွယ် ကုန်ဆုံး၍ သေလျှင်ကံအားလျော်စွာ ကုသိုလ်ကောင်းမှုကြောင့် သုဂတိလူဘုံ၌ပင် ပြန်ဖြစ်ပြီ ထားပါဦး အဘော အမေတော်ရမည်ဖြစ်သောသူတို့ကား ယခု နောက်ပေါက်ကလေးတွေ ကလေးမတွေ ဖြစ်ပေ၏။ နောက်ပေါက် က လေးများခေတ်စားနေသော စကားအသုံးအနှုန်းသည်ကား (ဘာသာဆို

တာမှိုင်းတိုက်တာ) (ဘာသာဆိုတာလူရိုင်းတို့၏ အလေ့အထ အကြွင်းအကျန်) ဟူ၍ ဖြစ်ပေ၏။ ထိုအမေအဖေတော်ရမည့် နောက်ပေါက်ကလေးများ၏ ဆုံးမသွန်သင်မှုဖြင့် ကြီးပြင်းရမည်ဖြစ်ခြင်းကြောင့် မိဘဖြစ်မည့် နောက်ပေါက်ကလေးများ ကိုးကွယ် ဆည်းကပ်သော မာကွစ်အိမ်ဂျယ်နှင့် လီနင် ဝါဒကိုရင်း မူဆလင်တို့ကိုးကွယ်သော ခိုဒါအရှင်မြတ်ဝါဒကိုရင်း ခရစ်တော်ဝါဒကိုရင်း တွေ့ကြုံကိုးကွယ် ဆည်းကပ်ရပါလျှင် ဘေးကြီးလေးပါးမှနာသတ္တဥလ္လောကနဘေးဟူသောဘုရားအမျိုးမျိုးတွေ့ရာ ကိုးကွယ်ရပါလျှင် ဒုတိယဘဝမှစ၍ သက္ကာယပြုတ်မှုဖြစ်သောတရားကိုရင်း အတ္တဒိဋ္ဌိပြုတ်မှုဟူသောတရားကိုရင်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ဟူသောတရားကိုရင်း နိဗ္ဗာန်ဟူသော စကားကိုရင်း ကြားသိရတော့မည် မဟုတ်သည်ကို လေးလေးနက်နက် ဆင်ခြင် စဉ်းစားထိုက်ကြောင်း တိုက်တွန်းလိုပေ၏။

# ၅၈-ဆုတောင်း

## အလုပ်နှင့် ခရီးစဉ်

ယခုဘဝ၊ပစ္စက္ခ၏၊ ဒါနသီလ၊ သမထဟု၊ သိမ္မုဝိဇ္ဇာ၊ ဝိပဿနာလျှင်
အစဉ်မကွာ၊ အားထုတ်လာခြင်း၊ ကုသိုလ်ရင်းနှင့်၊ခပင်းဝေနေ၊မျှားဗိုလ်
ခြေမှာ၊ သက္ကာဒိဋ္ဌိ၊စွဲငြိအတ္တ၊မရှိရအောင်၊အသိတရား၊ဘတ်စာများကို၊
ကြိုးစားလုလ္လ၊ ရေးပါရသော၊ စိတ်ဇောကောင်းမှု၊ ကုသိုလ်စုကြောင့်၊
ယခုဘဝ၊ရသည်ခန္ဓာ၊ စုတိပါသော်၊ ဒုတိယကြိမ်၊ ခန္ဓာအိမ်မှာ၊ ဥဂ္ဂါတိ
ဟိတ်၊ ပဋိသန္ဓေ၊ လူတွင်နေငြား၊ ယောကျ်ားဇာဏ၊ ဖြစ်ရမည်သာ၊
တောင်းတပါ၏၊ထိုသည့်အခါ၊ ပညာဟူသော၊ လောကုတ် လောကီ၊
ခေတ်မှီဘာသာ၊ တတ်မြောက်စွာနှင့်၊ ဘဏ္ဍာပစ္စည်း၊ ပြီးစီးလုံလောက်၊
မကြောင့်ကြရ၊ခေတ်ကာလလည်း၊မျှတညီညာ၊အေးချမ်းစွာလျှင်၊ ခါသ
မယ၊ရောက်ကြသောခါ၊ ပြုလိုရာကား၊ ရှားပါးရေမိုး၊ စိုက်ပျိုးမရ၊ ရပ်
ဒေသကို၊ လိုရာပြည့်ကြောင်း၊ မြစ်ချောင်းကြီးငယ်၊ အသွယ်သွယ်ဖြင့်၊
တင့်တယ်စိမ့်စမ်း၊စိန်းလန်းစိုပြေ၊ လယ်ယာမြေနှင့်၊ ခြံမြေဥယျာဉ်၊ စိုက်
ချင်သမျှ၊ သီးပွင့်ရလျှက်၊ မျှတဥတု၊ ညီညွတ်မှုဖြင့်၊ လူထုချမ်းသာ၊
ဝပြောစွာလျှင်၊ပျော်ရွှင်စိတ်ကြည်၊ မင်းနေပြည်မျှ၊နေထိုင်ရ၍၊ စစလွန်
ကောင်း၊ ရောင်းရင်းဝယ်ရာ၊ သွားလိုခါဝယ်၊ လှေငယ်တက်စင်း၊ သင်း
ဘောမည်ငြား၊ မော်တော်ကားပါ၊ လျှော်ရာခရီး၊ နီးဝေးမဟူ၊ လွယ်ကူ
နှင့်သာ၊ ရောက်နိုင်ရာကို၊ ကောင်းစွာဖန်တည်း၊ပြီးစီးချောမော၊သဘော
ကြေနပ်၊ရှိလတ်သောခါ၊အရွယ်မှာလည်း၊ဇရာရောက်လျှင်၊အကြင်အခါ၊
ကိလေသာမှ၊ဝေးရာနိက္ခမ၊ထွက်ရစေမူ၊ ကိစ္စစုတွင်၊သံယောဇဉ်ဟု၊လူတွင်
ဓမ္မတာ၊ရှိကြရာကို၊ သာယာကြည်ဖြူ၊ မပူမပင်၊ လိုအင်ပြည့်စုံ၊ ကုံလုံ
ဥစ္စာ၊ ထားခဲ့ပါ၍၊ လွတ်ရာလွတ်ကြောင်း၊ မြတ်သောင်းတို့ထုံး၊စွဲသုံးသ
ပိတ်၊ ပရိက္ခရာ၊ ယူဆောင်ကာလျှင်၊ သာသနာဘောင်၊ ထမ်းဆောင်
သိက္ခာ၊ လုံခြုံစွာဘိ၊ကိလေသာများ၊ဆယ်ပါးလုံးစုံ၊ ကုံလုံနီးစွာ၊ဝိပဿ

နာနှင့်၊ ဝိဇ္ဇာတရား၊ လွန်ကြိုးစားလျက်၊ မအားစေရ၊ သမထလည်း၊ ဈာန်ရသည်တိုင်၊ ကြံ့ခိုင်သမာဓိ၊ စုံညီပြည့်အောင်၊ စွမ်းဆောင်အား ထုတ်နိုင်စေသတည်း။ ။

ထိုမှနောက်မူ၊လူတို့လောက၊ဗုဒ္ဓသာသနာ၊ ရှိသေးပါမူ၊ လူတွင်ထပ် ခါ၊ဖြစ်ရပါ၍၊ ဆန္ဒာစိတ္တာ၊ဝီရိယပညာ၊လေးဖြာဣဒ္ဓိ၊ ပြည့်စုံဘိလျက်၊တိ ဟိတ်သန္ဓေ၊ဉာဏ်နေရင့်စွာ၊သံသရာမှု၊လောကီစုနှင့်၊နှစ်ခုအကျိုး၊ စုံပြည့် ဖြိုးအောင်၊ထိုးထွင်းသိမြင်၊ပညာရှင်ဟု၊လူတွင်ထင်ရှား၊ လွန်ကျော်ကြား ၍၊များသတ္တဝါ၊ချမ်းသာစေကြောင်း၊လမ်းကောင်းဟည်ထွင်၊ ပြုပြင်နိုင် စွမ်း၊ဘုန်းတန်းအာဏာ၊ပြည့်စုံစွာနှင့်၊ ခါခါရွက်ဆောင်၊ လူတို့ဘောင် တွင်၊နှောင်လျှင်ကောင်းရာ၊ဒါနသီလ၊ဗြဟ္မဝိဟာ၊ကျင့်မြတ်စွာလည်း၊ခါ ခါတိုက်တွန်း၊ လုံ့မွန်းစေကာ၊နေ့ထိုင်ရာဝယ်၊သက်ရှည်ကြီးလျှင်၊စဉ်ထာ ဝရ၊ နိက္ခမဟူ၊ လူ့ဘဝတိုင်း၊ ပိုင်းတတိယ၊ အရွယ်ကျခါ၊သာသနာတွင်၊ သာသနိကာ၊ပဗ္ဗဇ္ဇနှင့်၊ဘုရာ့သာသနာ၊ကွယ်လပ်ခါသော်၊တောပျော်ဣသိ၊ ပဗ္ဗဇ္ဇိလျှင်၊ဝလဉ္စနာ၊ဈာန်ကိုရလျက်၊ ဘဝနိဂုံး၊ချုပ်ဆုံးပြန်လျှင်၊ လူတွင် လောက၊ပြင်ရခက်ဘွယ်၊ပြင်ဘွယ်မလို၊ထိုနှစ်ချိန်မှာ၊ ဗြဟ္မာရွာတွင်၊ နား ကာမွေ့လျော်၊ဈာန်နှင့်ပျော်မည်၊လောင်းတော်ဗုဒ္ဓလမ်းစဉ်တည်း။ ။

ထိုမှနောက်လည်း၊ရှေးနည်းနှင်နှင်၊ လူတွင်ဖြစ်ရ၊ ပဉ္စမဟာ၊ ပရိစ္စာ နှင့်၊သမတိံသာ၊ဖြည့်ရာပါရမီ၊အတည်တည်မှ၊ ဒါနသီလာ၊ နိက္ခမာနှင့်၊ ပညာဝီရိယ၊သစ္စခန္တိ၊ပါရမီမေတ္တာ၊ ဥပေက္ခာအဓိဋ္ဌာန်၊ ဤဆယ်တန်မှ၊ ဒသဉပ၊ပရမတ္ထဟု၊အမျှသုံးဆယ်၊ဖြည့်ကျင့်ဘွယ်ကို၊လွယ်လွယ်ကူကူ၊ ဖြည့် ကျင့်မှုလျက်၊လူတို့လောက၊ပြုစောင်မ၍၊ရအပ်သောခါ၊ လူ့ဘောင်လာ ၍၊ပါရမီဖြည့်ခြင်း၊ပြုပြင်ခြင်းသာ၊အားထုတ်ကာလျှင်၊သခင်မေတ္တောယျ ဗုဒ္ဓမြတ်စွာ၊ပွင့်သောခါတွင်၊မှန်စွာဖူး၍၊ထူးမြတ်လှစွာ၊လူတကာစု၊ မပြု နိုင်စွမ်း၊ထူးဆန်းကြီးကျယ်၊လှူဘွယ်အဓိကာရ၊ လှူနိုင်လှူ၍၊ လှူရအကျိုး၊ တန်ဘိုးမြတ်ဆု၊ရလိုမှုသည်၊ယခုရှင်တော်၊ မြတ်ဘုန်းမော်၏၊ ဉာဏ်တော်

အထု၊သဗ္ဗညုကို၊ရလိုပါကြောင်း၊ လျှောက်တောင်းပန်မည်၊ ဤသည်အခါ၊များစွာအထူး၊ဖြည့်ခဲ့ဘူးသော၊ကျေးဇူးဥပ၊ နိဿယျတို့၊ ပြည့်ဝစုံညီ၊ အဘိနိဟာ၊အင်္ဂါရှစ်ဦး၊အထူးအားမှာ၊ဥဿုံရှိတည်၊ ထိုဟေတုကြောင့်၊ ပွင့်ဆုဗျာဒိတ်၊ မှတ်မိန့်သောခါ၊ ပညာဝိက၊ ဗုဒ္ဓမြတ်စွာ၊ ငါကဲ့သို့မျှ၊ နောက်ကာလတွင်၊စင်စစ်မသွေ၊ ဖြစ်လိမ့်သေဟု၊ မိန့်ပြောတော်သံ၊ နာခံသိမ်းပိုက်၊တံခွန်စိုက်သို့၊သိုက်မြိုက်ပွဲလယ်၊ထိုဝယ်အခါ၊သုမေဓါသို့၊ ဘာသာသိပြင်၊ကျင့်စဉ်ပါရမ်၊ အင်ဆယ်လီအား၊ ဘုရားမဟော၊ ကိုယ်သဘောလျှင်၊စိစဉ်မြင်သိ၊ဆင်ခြင်ဘိသော်၊ပွဲလှော်ပွဲစီး၊ ဤဝန်ကြီးကို၊ မငြီးမငွေ့၊လျှော့မေ့မမှု၊ ကိုယ်ထူကိုယ်ထ၊ လုလ္လရှေးရှေး၊ နှီးဆော်ရေးဖြင့်၊ ရှိသေးပုံစွာ၊ ဤဥဒ္ဒါကား၊ နေကာမပြည့်၊ စုံစွာတည်းဟု၊ နည်းမှန်လမ်းစဉ်၊ ကိုယ်တိုင်မြင်၍၊ ကြည်ရွှင်ဝမ်းသာ၊ ဖြည့်ကျင့်ရာသော၊ ပါရမီများ၊ လွန်ကြိုးစားမည်၊ ဘုရားဖြစ်သည်တိုင်အောင်တည်း။